# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၁၁)


**သံသရာ**

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသောခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကို မသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်းလမ်းစကို မတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည်ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့မှာကား သံသရာသည် တိုတောင်း၏။

**ဗာလဝဂ်(ဓမ္မပဒ - ၆၀)**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ နော်ဝေနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာများပေးအပ်

**နေပြည်တော်  အောက်တိုဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စ တူနယ် တီးနပ်(စ်)သည် ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ နီကိုလိုင်း လစ်တိုပါဒေ့ါပ်သည် ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဗစ်ခရမ်မစ်ဆရီသည် ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်းတို့၏ သံအမတ် ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ✱



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဗစ်ခရမ်မစ်ဆရီ ၎င်း၏သံအမတ် ခန့်အပ်လွှာပေးအပ်စဉ်** (သတင်းစဉ်)

# အေစီဒီသည် ကမ္ဘာကြီး၏ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်နှင့်အတူ ပေါ်ပေါက်လာသည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့




**ဒုတိယသမ္မတ ဦးမြင့်ဆွေ ဒုတိယအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ) ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်** (သတင်းစဉ်)

**ဗန်ကောက်  အောက်တိုဘာ ၁၀**

ဒုတိယအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ)ကို ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်သည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဒုတိယသမ္မတဦးမြင့်ဆွေသည် အေစီဒီ အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့်အတူ ထိပ်သီးအစည်းအဝေးကျင်းပမည့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ရောက်ရှိကြရာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယုဒ် ချန်အိုချာက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အေစီဒီ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ ကြိုဆိုဂုဏ်ပြု နှုတ်ခွန်းဆက် ဗီဒီယိုအသံဖိုင်ကို ဖွင့်လှစ်ပြီး

*စာမျက်နှာ ၄ ကော်လံ ၁* ◆




မြန်မာ့အလင်း

# တည်တည်ငြိမ်ငြိမ်နှင့် ပူးပေါင်းကူညီ

ရခိုင်ပြည်နယ်အရေးကိစ္စသည် မိမိတို့အားလုံးအတွက် အရေးအကြီးဆုံးကိစ္စရပ်တစ်ခု ဖြစ်နေပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရခိုင်ပြည်နယ်အရေးသည် အလွန်အရေးကြီးသည့်အတွက် မိမိတို့အားလုံးဝိုင်းဝန်းပြီး အဖြေထုတ်ရမည်ဖြစ်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ပြီးခဲ့သည့် စက်တင်ဘာ ၅ ရက်တွင် ကျင်းပခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါအကြံပေးကော်မရှင်ကို ဘက်လိုက်မှုကင်းသည့်၊ လူအများလေးစားသည့်၊ အတွေ့အကြုံရင့်ကျက်သည့်၊ ထင်ပေါ်ကျော်ကြားသည့် မြန်မာနိုင်ငံသားပုဂ္ဂိုလ်ခြောက်ဦး၊နိုင်ငံတကာမှပုဂ္ဂိုလ်သုံးဦး စုစုပေါင်းအဖွဲ့ဝင်ကိုးဦးနှင့် ဖွဲ့စည်းထားပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်ဆုရှင် မစ္စတာကိုဖီအာနန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။ အကြံပေး ကော်မရှင်ကိုဖွင့်ပြီး နောက်တစ်နေ့မှာပင် ကော်မရှင်ဥက္ကဋ္ဌ မစ္စတာကိုဖီအာနန်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ကာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှတာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း၊ ပြည်နယ်သြဝါဒါစရိယဆရာတော်ကြီးများနှင့် တွေ့ဆုံဂါရဝပြု မိတ်ဆက်ခြင်း၊ နောက်တစ်နေ့ဖြစ်သော စက်တင်ဘာ ၇ ရက်တွင် စစ်တွေမြို့ပေါ် အစ္စလာမ်ဘာသာ စာသင်ကျောင်းနှင့် IDP စခန်းများသို့သွားရောက်ကာ အစ္စလာမ်ဘာသာဝင် ရပ်မိရပ်ဖများနှင့် လည်းကောင်း၊ ရခိုင်တိုင်းရင်းသား IDP စခန်းများတွင် စခန်းခေါင်းဆောင်များနှင့်လည်းကောင်း၊ သက္ကေပြင် IDP စခန်းတွင် စခန်းအသီးသီးမှ စခန်းခေါင်းဆောင်များ၊ အစ္စလာမ်ဘာသာဝင်လူငယ်များနှင့်လည်းကောင်း တွေ့ဆုံပြီး မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့ခြင်းမှာ ''ရခိုင်ပြည်နယ်၏ သိမ်မွေ့နက်နဲသည့် အရေးကိစ္စများကို ဖြေရှင်းနိုင်မည့် ရေရှည်နည်းလမ်းကောင်းများကို ရှာဖွေသွားရန်''အတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းမှုများအနက်မှ ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။ အဆိုပါကော်မရှင်ကို တာဝန်လေးရပ်ပေးအပ်ထားရာ-

(၁) ရခိုင်ပြည်နယ်ရှိ ပြည်သူများလုံခြုံရေးနှင့် အခြေခံ အခွင့်အရေးများအာမခံချက်ပေးရေး၊

(၂) ဖွံ့ဖြိုးရေးအခြေခံလူမှုဝန်ဆောင်မှုရရှိရေး၊

(၃) ပဋိပက္ခကြိုတင်တားဆီးရေး၊ ပြန်လည်သင့်မြတ်ရေး အင်စတီကျူးရှင်းများတည်ဆောက်ရေး၊

(၄) ဒုက္ခသည်အဖြစ် နိုင်ငံတကာမှာ သွားနေသော ပင်ရင်းနိုင်ငံနှင့် နောက်ခံအကြောင်းတရားများ၊ ဆက်နွှယ်မှုများကို သုံးသပ်ရန်ဟူသော တာဝန်များပင်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနှင့် ဆင်းရဲနွမ်းပါးမှုအများဆုံး ပြည်နယ်တစ်ခုဖြစ်သည့်အပြင် ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများနှင့် တင်းမာမှုများကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အရေးကြီးဆုံးကိစ္စတစ်ရပ်အဖြစ် သဘောထားကာ ရခိုင်အရေးကို ပြည်တွင်းရေးသက်သက်အဖြစ် အငြင်းပွားမှုများ ရှိနေသည့်တိုင်အောင် နိုင်ငံတကာနှင့် ဆက်စပ်ကာ ဖြေရှင်းရန်ကြိုးပမ်းခဲ့ခြင်းဖြစ်ပြီး အဆိုပါကြိုးပမ်းချက်မှာလည်း နိုင်ငံတကာမျက်နှာစာ၌ အောင်မြင်မှုများ ရရှိခဲ့သည်။ ယင်းသို့သော အခြေအနေကောင်းများမှာ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေလိုသူများ၊ ပဋိပက္ခများနှင့် တင်းမာမှုများကို ပိုမိုကြီးထွားစေလိုသူများ၊ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် တရားဥပဒေစိုးမိုးမှုကို မလိုလားသူများစသည့် ဆန့်ကျင်ဘက်အုပ်စုများနှင့် အကြမ်းဖက်လိုသူများအဖို့ မလိုလား၊ မရှုဆိတ်နိုင်သော အခြေအနေများပင်ဖြစ်သည်။ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံ၏အနောက်တံခါးဖြစ်သော ရခိုင်ပြည်နယ်နယ်စပ်ဒေသမှာ လူဝင်လူထွက်ရှုပ်ထွေးမှုများ၊ လူမှောင်ခို ကုန်သွယ်မှုများ၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချသည့် ဂိုဏ်းဂဏများ၏ လှုပ်ရှားမှုများစသည်တို့နှင့် အထူးဂရုပြုအာရုံစိုက်နေရသည့်ဒေသတစ်ခုလည်း ဖြစ်နေသည်။

အောက်တိုဘာ ၉ ရက်က မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့တွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များ၏နောက်ကွယ်တွင် ရည်ရွယ်ချက်အမျိုးမျိုး၊ အကျိုးစီးပွား မျှော်မှန်းချက်အမျိုးမျိုးတို့ဖြင့် သွေးထိုး လှုံ့ဆော်သူ၊ ကြိုးကိုင်လှုပ်ရှားသူများရှိနေသကဲ့သို့ အကြမ်းဖက်လက်နက်ကိုင် တိုက်ခိုက်သတ်ဖြတ်မှု ကျူးလွန်ခဲ့သူများတွင် တစ်ဖက်မှအကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများ အပါအဝင်ဘာသာရေး၊ လူမျိုးရေးအရသွေးထိုးလှုံ့ဆော်စည်းရုံးခံထားရသူများလည်း ပါဝင်ကြောင်းကြားသိရသည်။ မည်သို့ပင် ဆိုစေကာမူ ရခိုင်အရေးမှာ ဆူပူဖျက်ဆီးလိုသူများနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံကို အိုးမဲသုတ်လိုသူများ၏ ရည်မှန်းချက်ကျော့ကွင်းထဲကျရောက်မသွားစေရန် အထူးဂရုပြုကြရမည်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၊ ရဲတပ်ဖွဲ့တို့က အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေပြီဖြစ်ရာ ဒေသတွင်းလူ့အဖွဲ့အစည်းနှစ်ရပ်မှခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များက ဝိုင်းဝန်းပေါင်းစပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။



## မြို့သန့်ရှင်းသာယာလှပရေးအတွက် သီပေါမြို့၌ ဆိုဒီယမ်မီးသီးများတပ်ဆင်

**သီပေါ အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်စည်ပင်သာယာရေးဌာနသည် မြို့အင်္ဂါရပ် ညီညွတ်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် မြို့၏ အချက်အချာကျသော မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးအပြင် လူအများနေ့စဉ်သွားလာနေရသော ပြည်သူ့ဆေးရုံလမ်းမကြီး တစ်လျှောက်နှင့်မဟာမြတ်မုနိဘုရားကြီးလမ်းတို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ပြည်သူများသွားလာရာတွင် အန္တရာယ်ကင်းရှင်းရေးတို့အတွက် မြို့တွင်းလမ်းမီးများကို ဆိုဒီယမ်မီးသီး ၂၅ စုံ၊ မီးသီးကျွမ်းနေသော လမ်းမီးတိုင်များကိုလည်း မီးသီးများပြန်လည်လဲလှယ်တပ်ဆင်ပေးလျက်ရှိသည်။

**စိုင်း(သီပေါ)**

## နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၌ ဓာတ်ပုံပြိုင်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကြီး၏ပထမအကြိမ် ဓာတ်ပုံပြိုင်ပွဲအဖြစ် စိမ်းလန်းစိုပြည် မြန်မာပြည်၊ ဥယျာဉ်အလှရှုမဝခေါင်းစဉ်ဖြင့် ဖိတ်ခေါ်ပြိုင်ပွဲတွင် ဓာတ်ပုံပညာရှင် ၃၀ ကျော်က ဥယျာဉ်အတွင်းရှိ တိုင်းရင်းသားပေါင်းစုံ၏ အလှရှုခင်းများ၊ ယဉ်ကျေးမှုများကိုပုံဖော်ရိုက်ကူးထားသည့် ပုံပေါင်း ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အောက်တိုဘာ ၉ ရက်က အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အစည်းအဝေးခန်းမ၌ ဆုပေးပွဲအခမ်းအနားကျင်းပရာ ပထမဆု မောင်ဝေဇင်အောင်၊ ဒုတိယဆု မောင်နန်းဝင့်သူ၊ တတိယဆု မောင်ကျော်ဝင်းထွန်းနှင့် နှစ်သိမ့်ဆု ငါးဆု၊ အထူးဆု လေးဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းတာ**



## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၀-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၁၀၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၇ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၈ ・ ၈၁ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၁၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ ・ ၇၇၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ ・ ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ ・ ၃၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



* ရှေ့ဖုံးမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် နော်ဝေနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စ တူနယ် တီးနပ်(စ်)နှင့်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**
(သတင်းစဉ်)

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည် ဖြစ်သည်။ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရခိုင်ပြည်နယ်၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံအခွန်စနစ်နှင့် ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ပြည်သူ့လွှတ်တော်ရှိ ကော်မတီ နှစ်ခုတို့သည် Renaissance Institute အစီအစဉ်ဖြင့် Duke University မှ Professor Robert Conard နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီက ပြည်ထောင်စုလွှတ်တော် (D-ဆောင်) ဒုတိယထပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် အခွန်ဝင်ငွေခန့်မှန်းမှုဆိုင်ရာနည်းလမ်း၊ မြန်မာနိုင်ငံအခွန်စနစ်၊ ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပူးပေါင်းကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ဥက္ကဋ္ဌများ၊ ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် အမေရိကန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့၌ ကျင်းပသည့် အစည်းအဝေးများတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

အမေရိကန်နိုင်ငံ ဟိုနိုလူလူမြို့၌ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ-အမေရိကန် ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် အောက်တိုဘာ ၃ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည့် (၆၇)ကြိမ်မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အမှုဆောင်ကော်မတီ အစည်းအဝေးတို့ကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အိမ်တိုင်ရာရောက် ရဲလုပ်ငန်းဆောင်ရွက်မှု မတ္တရာမြို့နယ်တွင် ရှင်းလင်းဆွေးနွေး

**မတ္တရာ အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် သပြေသာကျေးရွာအုပ်စု အင်းတံခါးကျေးရွာ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်သိန်းနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ အောက်တိုဘာ ၉ ရက် ညနေပိုင်းက အဆိုပါကျေးရွာ ဘုန်းကြီးကျောင်းဝင်း အတွင်းရှိ သီရိမင်္ဂလာကျောင်းတိုက်၌ မှုခင်းကျဆင်းရေးအတွက် အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောဆွေးနွေးမှုတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက မှုခင်းကျဆင်းရေးနှင့် ကျေးရွာနေ ပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့အတွက် ရှင်းလင်းဟောပြောဆွေးနွေးခဲ့ရာ ကျေးရွာသူကျေးရွာသားများက ၁၂-၉-၂၀၁၆ ရက် ထုတ် သတင်းစာပါ မှုခင်းသတင်းတွင် ပြစ်မှုကျူးလွန်သူ ရဲလင်းဦး(ခ)ငစိုင်းမှာ အင်းတံခါး ကျေးရွာ၌ နေထိုင်သူဖြစ်ကြောင်း သတင်းပါရှိမှုနှင့် ပတ်သက်၍ ၎င်းသည် မိမိတို့ကျေးရွာတွင် နေထိုင်သူ မဟုတ်ကြောင်း ဆွေးနွေးမေးမြန်းခဲ့သည်။

အဆိုပါဆွေးနွေးမှုနှင့် ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးက စက်တင်ဘာ ၁၀ ရက်က ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှ ရဲအုပ် စိုးသိန်းအောင်နှင့်အဖွဲ့သည် မလယ်ရဲကင်းစခန်း၏ (ပ)၁၄/၂၀၁၆ ရာဇသတ်ကြီး ပုဒ်မ ၃၈၀/၂၄၅(က) အမှုမှ ပြစ်မှုကျူးလွန်သူ ရဲလင်းဦး(ခ)ငစိုင်းပါ လေးဦးကို ကံဖြူကျေးရွာအနီး၌ ဝိုင်းဝန်းဖမ်းဆီးရမိခဲ့ပြီး မတ္တရာမြို့မရဲစခန်း၌ ရဲအုပ် စိုးသိန်းအောင်နှင့် အဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်သူ လေးဦးအနက် ရဲလင်းဦး(ခ) ငစိုင်းကို ဖမ်းဆီးပြီး မတ္တရာရဲစခန်း၌ စစ်မေးစဉ်က အင်းတံခါးကျေးရွာ မတ္တရာမြို့နယ်၌ နေထိုင်ကြောင်း ထွက်ဆိုခဲ့သဖြင့် သတင်းစာတွင် ဖော်ပြခဲ့ကြောင်း၊ အင်းတံခါးရွာသူ ရွာသားများ၏ ဆွေးနွေးချက်အရ ရဲလင်းဦး(ခ)ငစိုင်းမှာ အမြဲနေထိုင်ခြင်းမရှိသော်လည်း ခေတ္တနေထိုင်သူသာဖြစ်ကြောင်း ၎င်း၏ နေရပ်အမှန်မှာ ဝက်လက်မြို့နယ် ရှိန်းမကား ကျေးရွာအုပ်စု မင်းကုန်းလေးကျေးရွာနေသူဖြစ်ကြောင်း၊ ၎င်းတို့လေးဦးကို ရဲအုပ်စိုးသိန်းအောင်က ခေါ်ဆောင်သွားခဲ့ပြီး မတ္တရာမြို့နယ် ကုန်းကြီးကျေးရွာနေ ကိုဖြူ(ခ) ထွန်းအောင်ဇော်နှင့် မတ္တရာမြို့နယ် သာစည်ကျေးရွာနေ ဇင်ကိုဝင်း (ခ) ကုလားတို့ နှစ်ဦးကို အမှုနှင့် သက်ဆိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရ၍ ပြန်လည်လွှတ်ပေးခဲ့ကြောင်းဖြင့် ရွာသူရွာသားများ၏ ဆွေးနွေးမေးမြန်းချက်ကို ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅၂ ခုအထိရှိ ၊ လုပ်ငန်း ၁၄ ခုမှ အလုပ်အကိုင်ရှစ်ထောင်ကျော် ဖန်တီးပေးနိုင်

**ရန်ကုန် အောက်တိုဘာ ၁၀**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်စတင်ချိန်မှစပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလလယ်အထိ စီးဝင်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၅၂ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၆၆၂ ဒသမ ၈၃၅ သန်းရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

"ရင်းနှီးမြှုပ်နှံမှုအသစ်၊ ခွင့်ပြုတာရော အရင်ရှိပြီးသား ရင်းနှီးမြှုပ်နှံမှုနဲ့ သီလဝါ အထူးစီးပွားရေးဇုန်အပါအဝင် ပေါင်းလိုက်မယ်ဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ ၁ ဒသမ ၃၉၇ ဘီလီယံရှိပါတယ်"ဟု ဦးအောင်နိုင်ဦးက ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ်(၁၈/၂၀၁၆)ကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၃ ရက်နှင့် အစည်းအဝေးအမှတ်စဉ်(၁၉/၂၀၁၆)ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၇ ရက်က ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပခဲ့သည်။

အဆိုပါ(၁၈/၂၀၁၆)အစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက် ခုနစ်ခုခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၃၉ ဒသမ ၆၁၇ နှင့် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် ၄၅၆၉ ခု ဖန်တီးပေးနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ သန်းပေါင်း ၃ ဒသမ ၈၂၇ သန်းနှင့် ငွေကျပ်သန်း ၅၉၄၆ ဒသမ ၇၄၄၂ နှင့် အလုပ်အကိုင် ၈၅ ခု ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

အလားတူ(၁၉/၂၀၁၆)အစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက် ခုနစ်ခုခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၉ ဒသမ ၃၄၁ သန်းနှင့် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် ၄၂၉၀ နေရာကို ဖန်တီးပေးနိုင်ခဲ့သဖြင့် အစည်းအဝေးနှစ်ရပ်အရ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄ ခုမှ အလုပ်အကိုင်အခွင့်အလမ်း နေရာပေါင်း ၈၈၅၉ နေရာဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ခွင့်ပြုလုပ်ငန်း ၁၄ ခုတွင် စက်မှုလုပ်ငန်း ၁၃ ခုနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။



**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး၌ စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်စဉ်**

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

◆ *ရှေ့စာမျက်နှာမှ*

အစည်းအဝေး သဘာပတိ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပထမအကြိမ် အေစီဒီ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် ကူဝိတ်နိုင်ငံ စော်ဘွား Sheikh Sabah Al-Ahmad Al-Jabar Al-Sabah နှင့် အေစီဒီ အလှည့်ကျ သဘာပတိ အာရပ်စော်ဘွားများ ပြည်ထောင်စုမှ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး H.E.Dr. Thani Alzeyoudi တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ဒုတိယအကြိမ် အေစီဒီ ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက မိန့်ခွန်းများ ပြောကြားကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက မိန့်ခွန်းပြောကြားရာတွင် ၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံ ချန်အမ်းမြို့၌ စတင်ဖွဲ့စည်းခဲ့သည့် အေစီဒီအဖွဲ့သည် ယခုအချိန်တွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို ထိရောက်မှုရှိရှိဖြင့် ဆောင်ရွက်နေသည့် အဖွဲ့တစ်ခုအဖြစ် မြင်တွေ့နေရပြီဖြစ်ပါကြောင်း၊ အေစီဒီသည် ယနေ့ခေတ်ကမ္ဘာကြီး၏ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်နှင့်အတူ ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရင်း အဖွဲ့ဝင်နိုင်ငံများအကြား ခိုင်မြဲသည့် ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ပါကြောင်း။

အာရှတိုက်သည် ကမ္ဘာ့အကြီးဆုံးနှင့် ကွဲပြားခြားနားမှု အများဆုံးဒေသကြီးတစ်ခုဖြစ်ပြီး ကမ္ဘာမြေရေိယာ၏ ၃၀ ရာခိုင်နှုန်းခန့် ကျယ်ဝန်းပါကြောင်း၊ ထို့ပြင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်သည် အာရှဒေသတွင် နေထိုင်လျက်ရှိရာ ကြီးမားသော စီးပွားရေးဈေးကွက်ကို ဖန်တီးပေးနိုင်သည့်အပြင် လူ့စွမ်းအားအရင်းအမြစ် ပေါကြွယ်ဝသည့်ဒေသလည်း ဖြစ်ပါကြောင်း။

အာရှဒေသသည် ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်သောဒေသဖြစ်ပြီး ကမ္ဘာ့စီးပွားရေး၏ တွန်းအားစုလည်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ကမ္ဘာ့ကုန်သွယ်မှုတွင် အာရှဒေသ၏ ပါဝင်မှုသည် တိုးမြင့်လျက်ရှိပါကြောင်း၊ သို့ရာတွင် ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ၌ လူမှုစီးပွားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပါကြောင်း၊ ဒေသတွင်း ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး၊ စွမ်းအင်ဖူလုံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံများအကြား ယခင်ကထက် ပိုမိုချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အေစီဒီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ ထိုင်းနိုင်ငံ အစိုးရအိမ်တော်၌ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ယင်းနောက် အေစီဒီ ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ အေစီဒီပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များတွေ့ဆုံ၍ အနာဂတ်အေစီဒီ၏ ပုဂ္ဂလိကကဏ္ဍဆိုင်ရာ အကြံပြုချက်များကို ဆွေးနွေးခြင်း၊ အေစီဒီအထွေထွေအတွင်းရေးမှူး Mr.Bundit Limschoon မှ အေစီဒီအစည်းအဝေးရလဒ်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို တင်ပြခြင်း၊ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးဆိုင်ရာ ကြေညာချက်စာတမ်းများကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က နိဂုံးချုပ်မိန့်ခွန်း ပြောကြားသည်။

ဒုတိယအကြိမ် အေစီဒီ ထိပ်သီးအစည်းအဝေးမှ ဗန်ကောက်ကြေညာစာတမ်း၊ အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အေစီဒီအဖွဲ့၏ ရှေ့မျှော်မှန်းချက် ၂၀၃၀ နှင့် အဖွဲ့ဝင်နိုင်ငံများအကြား ဆက်သွယ်ချိတ်ဆက်မှုဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကိုရည်ရွယ်သော အေစီဒီကြေညာစာတမ်းတို့ကို ထုတ်ပြန်ခဲ့ပြီး အေစီဒီ ယာယီအတွင်းရေးမှူးချုပ်ရုံးအား အမြဲတမ်းရုံးအဖြစ် တိုးမြှင့်ဖွင့်လှစ်ရန် သဘောတူညီခဲ့သည်။

အာရှ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ(အေစီဒီ)ကို ၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့အာရှနိုင်ငံများဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၃၄ နိုင်ငံ ပါဝင်လျက်ရှိသည်။ အေစီဒီ ပူးပေါင်းဆောင်ရွက်မှုများတွင် အာရှဒေသတွင်းအပြန်အလှန် မှီခိုအားထားမှု တိုးမြှင့်ခြင်းဖြင့် အာရှဒေသ၏ ဘုံခွန်အားစုနှင့် အခွင့်အလမ်းများကို ပြသနိုင်ရေး၊ နိုင်ငံတကာဈေးကွက်တွင် အာရှစီးပွားရေးအသိုက်အဝန်း ထူထောင်ရေး၊ အာရှဒေသတွင်း ကုန်သွယ်ရေးနှင့် ငွေကြေးဈေးကွက်တိုးမြှင့်နိုင်ရေး၊ အာရှနိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုညီမျှစေရေးတို့ကို ရည်ရွယ်၍ နိုင်ငံပေါင်း ၁၈နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံသည် စတင်တည်ထောင်ဖွဲ့စည်းချိန်ကပင် အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့သည်။

အေစီဒီသည် စည်းကမ်းဘောင်များ တင်းကျပ်စွာချမှတ်ပြီး တရားဝင်ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းမျိုးမဟုတ်ဘဲ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို လွတ်လပ်စွာ ဆွေးနွေးနိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည်။




**ဒုတိယသမ္မတ ဦးမြင့်ဆွေ အေစီဒီထိပ်သီးအစည်းအဝေးသို့တက်ရောက်လာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)

အေစီဒီအဖွဲ့အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးနှင့် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးတို့ကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ အနေဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပနေစဉ်ကာလအတွင်း သီးသန့်အစည်းအဝေးကျင်းပ၍ အဖွဲ့၏ဆောင်ရွက်ထားရှိပြီးဖြစ်သည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တိုးတက်မှုအခြေအနေကို ပြန်လည်သုံးသပ်ခြင်း၊ နိုင်ငံတကာ၌ ဖြစ်ပွားနေသော အရေးကိစ္စများ အာရှဒေသသို့ သက်ရောက်လာမှု အခြေအနေများ သုံးသပ်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ကိုရီးယားနိုင်ငံဝန်ကြီးချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးဆွေးနွေး



ဒုတိယသမ္မတ ဦးမြင့်ဆွေ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ဟွန်ကျိုးဟန်နှင့် တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

**ဗန်ကောက် အောက်တိုဘာ ၁၀**

ဒုတိယအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (အေစီဒီ)တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရောက်ရှိနေသော ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ဟွန်ကျိုးဟန်နှင့်လည်းကောင်း၊ ညနေပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီး မစ္စတာ အယ်လ်ဖွန်ဆိုဂျီကူစီနှင့် လည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံသည်။

ကိုရီးယားနိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရေးနှင့် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ချဲ့ထွင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများကို ဖော်ဆောင်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံစဉ် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် ACD Conference on Energy Security and Substainability ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ထုတ်ယူရေးဆိုင်ရာ အတွေ့အကြုံနည်းပညာများကို မျှဝေပေးရေး၊ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတဦးမြင့်ဆွေသည် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့ကို လှည့်လည်ကြည့်ရှုပြီး မြန်မာသံအမတ်ကြီးနေအိမ်၌ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင်များနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။ ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား မြန်မာသံအမတ်ကြီးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အလားတူ အေစီဒီ ထိပ်သီးအစည်းအဝေး၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ရောက်ရှိနေသည့် အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျသည် အောက်တိုဘာ ၈ ရက် ညပိုင်းက ထိုင်းနိုင်ငံ Plaza Athenee ဟိုတယ်၌ ကျင်းပသည့် ထိုင်းနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝီနိုင်း၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ညစာစားပွဲတွင် ဒုတိယအကြိမ် အေစီဒီ ထိပ်သီးအစည်းအဝေး၏ ဗန်ကောက်ကြေညာစာတမ်း၊ အာရှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အေစီဒီအဖွဲ့၏ ရှေ့မျှော်မှန်းချက် ၂၀၃၀ နှင့် အဖွဲ့ဝင်နိုင်ငံများအကြား ဆက်သွယ်ချိတ်ဆက်မှုဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်သော အေစီဒီကြေညာစာတမ်းတို့ကို ထုတ်ပြန်ရန်နှင့် အေစီဒီ ယာယီအတွင်းရေးမှူးချုပ်ရုံးအား အမြဲတမ်းရုံးအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**(သတင်းစဉ်)**

# စီးပွားရေးအရေးယူပိတ်ဆို့မှု ဖြေလျှော့လိုက်ခြင်းအပေါ် ဖြစ်ပေါ်လာနိုင်သည့် အနာဂတ်အလားအလာ

**သတင်း- နန္ဒာ၊ စန္ဒီ**

**အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့မှုများကို ဖြေလျှော့ပေးလိုက်သကဲ့သို့ အမည်ပျက်စာရင်းသွင်းကာ အရေးယူပိတ်ဆို့ထားသည့်အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များကို ပြီးခဲ့သည့် အောက်တိုဘာ ၇ ရက်က ပယ်ဖျက်ပေးခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်သမ္မတအိုဘားမားတို့ တွေ့ဆုံမှုအပြီး ထိုပယ်ဖျက်မှုကို အမေရိကန်သမ္မတက လက်မှတ်ရေးထိုးကာ တရားဝင်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။**



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်



ဦးဝင်းအောင်



ဒေါက်တာ အောင်သူရ

မြန်မာနိုင်ငံအပေါ် ၁၉၉၇ ခုနှစ်ကတည်းက ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများကို ယခုကဲ့သို့ ဖြေလျှော့ပေးလိုက်ခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံ၏စီးပွားရေးအခြေအနေ အနာဂတ်အလားအလာများနှင့်စပ်လျဉ်း၍ စီးပွားရေးပညာရှင်များ၏ သုံးသပ်ခန့်မှန်းချက်များကို ထုတ်နုတ်တင်ပြလိုက်ရပါသည်။

**စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**

သမ္မတအိုဘားမားအနေနဲ့ အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့မှုတွေ ရုပ်သိမ်းလိုက်တဲ့အပေါ် ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ကြိုဆိုရမှာဖြစ်ပါတယ်။ တချို့ကတော့ ပိတ်ဆို့မှုလျှော့တာ ကိုယ်နဲ့မဆိုင်ဘူးလို့ထင်မယ်၊ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေအတွက်ပဲ၊ နိုင်ငံတော်အတွက် ဘာအကျိုးရှိမလဲ။ မေးလေ့ရှိတယ်။ တကယ်တမ်းတော့ ဆန်ရှင်တွေ ပယ်ဖျက်တယ်၊ ပြည်တွင်းကလုပ်ငန်းရှင်တွေ Black List ထဲက ပယ်ဖျက်လိုက်တဲ့အတွက် ကိုယ့်လုပ်ငန်းတွေ ပိုပြီးတိုးချဲ့ လုပ်နိုင်လာမယ်။

ကိုယ့်နိုင်ငံကို လျှော့ပေးလိုက်ရုံသာမက သူတို့နိုင်ငံက လုပ်ငန်းတွေလည်း မြန်မာနိုင်ငံကို ဝင်လာနိုင်မယ့် အနေအထားကို ဖွင့်ပေးလိုက်တာဖြစ်တယ်။ အကျိုးသက်ရောက်မှုအနေနဲ့ သုံးပိုင်းဖြစ်နိုင်တယ်။ Black List လုပ်ထားတဲ့ပုဂ္ဂိုလ်တွေကို ဖြေလျှော့ပေးတယ်လို့ ပုံမှန်အားဖြင့် မြင်ရပေမယ့် အရင်က မြန်မာနိုင်ငံက ပစ္စည်းထုတ်တယ်။ သူတို့ဆီပို့မယ်ဆိုရင် မြန်မာနိုင်ငံက ပစ္စည်းဆိုပြီး လက်မခံတဲ့အနေအထားရှိတယ်။ အဲ့ဒီအထဲမှာ အနစ်နာဆုံးက ဘဏ္ဍာရေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံက ဘဏ်တွေ သူတို့ဘဏ်တွေနဲ့ တိုက်ရိုက်ချိတ်လို့မရဘူး။ ဒီကစီးပွားရေးလုပ်ငန်းရှင်တွေအားလုံး ငွေပို့၊ ငွေယူလုပ်တဲ့အခါ စင်ကာပူကတစ်ဆင့် သွားရတယ်။ အဲဒီလိုသွားရတဲ့အတွက် မလိုအပ်တဲ့ ကုန်ကျစရိတ်တွေ များလာတယ်။ ဒါတွေကို အခုရုပ်သိမ်းပေးလိုက်တဲ့အတွက် အခြေအနေကောင်းလာတယ်။ ပြည်သူ၊ ပြည်သားတစ်ယောက်အနေနဲ့ ကြိုဆိုပါတယ်။

ဆရာတို့ တစ်နိုင်ငံတည်း ဆန်ရှင်လုပ်ခဲ့တာမဟုတ်ဘူး။ ဆန်ရှင်လုပ်ခဲ့တဲ့နိုင်ငံတွေကို ပြန်ကြည့်ဖို့လိုတယ်။ ဗီယက်နမ်နဲ့ အမေရိကန်စစ်ဖြစ်ခဲ့တယ် ။ ဆန်ရှင်တွေ ထားခဲ့တယ်။ စစ်ပြီးတဲ့အချိန်မှာ အရင်တုန်းကထားခဲ့တဲ့ ဆန်ရှင်တွေကို လျှော့လိုက်တယ်။ အီရန်ဆိုလည်း တစ်ချိန်က လက်နက်ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး ဆန်ရှင်တွေ လုပ်ခဲ့တယ်။ သဘောတူညီမှုရပြီး ဆန်ရှင်တွေ ဖြေလျှော့လိုက်တဲ့အတွက် အီရန်ရဲ့သဘောတူညီမှုက တစ်မျိုးဖြစ်သွားတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဆန်ရှင်မရှိတော့တဲ့နိုင်ငံဖြစ်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ၊ အမေရိကန်သာမက အခြားနိုင်ငံကသူတွေလည်း ကိုယ့်နိုင်ငံအပေါ် ယုံကြည်မှုရှိလာမယ်။ အဲဒီအချက်က အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ အဲဒီလို စဉ်းစားဖို့လိုပါတယ်။

အခုအတိုင်းဆိုရင် မြန်မာနိုင်ငံရဲ့စီးပွားရေးက တန့်နေတယ်ဆိုရင်တောင် အတက်ဘက်ကို ဦးတည်မှာပါ။ အလားအလာကောင်းတယ်။ ကိုယ့်နိုင်ငံက ပကတိအနေအထားကိုက တော်တော်ကောင်းတယ်။

နိုင်ငံခြားလုပ်ငန်းရှင်တွေက မြန်မာနိုင်ငံကို ကြည့်တဲ့အခါ လူဦးရေ ၅၁ သန်းရှိတဲ့ ပြည်တွင်းဈေးကွက်ကို ကြည့်တာမဟုတ်ဘူး။ မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) နဲ့ ချိတ်ထားတဲ့ နိုင်ငံဖြစ်တယ်။ နောက်ပြီး အိန္ဒိယနဲ့ တရုတ်နိုင်ငံရဲ့ အလယ်မှာရှိတယ်။ ပြည်တွင်းဈေးကွက်ရော၊ AEC ရော၊ တရုတ်၊ အိန္ဒိယဈေးကွက်ရောပေါင်းလိုက်ရင် သန်း ၃၀၀၀ လောက်ရှိတယ်။ အဲဒီလိုဈေးကွက်ရှိတဲ့ နိုင်ငံကို သူတို့ ရင်းနှီးချင်မှာပဲ၊ အလားအလာက ကိုယ့်နိုင်ငံ ပြည်တွင်းအင်အားတွေ စုစည်းဖို့လိုတယ်။

လူမှုရေးတာဝန်ကျေတဲ့ လုပ်ငန်းရှင်တွေဖြစ်ဖို့လိုတယ်။ အရင်တုန်းကလို သယံဇာတပစ္စည်းတွေ အလွဲသုံးစားလုပ်တဲ့ ပုံစံမျိုးမဟုတ်ဘူး။ အခြားအလားအလာကောင်းတစ်ခုက မြန်မာနိုင်ငံက အသက် ၃၀ အောက် လူငယ်က ၄၀ ရာခိုင်နှုန်းလောက်ဖြစ်တယ်။ အဲဒီလို လူငယ်တွေများတဲ့ နိုင်ငံက တိုးတက်ဖို့ အခွင့်အလမ်း အများကြီးရှိတယ်။ အဲဒီလူငယ်တွေက လုပ်နိုင်၊ ကိုင်နိုင်မယ်၊ စွန့်ဦးတီထွင် ရှိနိုင်တယ်။ တခြားနိုင်ငံ နဲ့ယှဉ်ရင် အလားအလာကောင်းတယ်။ နောက်တစ်ခုက အထူးစီးပွားရေးဇုန်တွေရှိတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်က ဘင်္ဂလားပင်လယ်အော်ကနေ ပစိဖိတ်သမုဒ္ဒရာ မြန်မာကထိုင်း၊ ထိုင်းက ကမ္ဘောဒီးယား၊ ကမ္ဘောဒီးယားက ဗီယက်နမ်၊ နိုင်ငံ သုံးလေးနိုင်ငံကို တစ်ခါတည်းချိတ်ထားတဲ့ လုပ်ကွက်ဖြစ်တယ်။ အဲဒါကြောင့် မြန်မာလုပ်ငန်းရှင်တွေ ပြင်ဆင်ထားဖို့လိုတယ်။ လူငယ်တွေ အရည်အသွေးတက်အောင် အသိပညာ၊ အတတ်ပညာတွေ ဖြည့်ဆည်းထားဖို့လိုတယ်။ အခုတည်းက အဆင်သင့်ပြင်ထားဖို့လိုတယ်။

**ဦးဝင်းအောင် ဥက္ကဋ္ဌ ( Dagon Group of Company)**

ဒါဟာ ကျွန်တော်တို့နိုင်ငံအတွက် အင်မတန်အကျိုးရှိတဲ့ မင်္ဂလာသတင်းပါ။ သို့သော် ဆန်ရှင် ရုပ်ပြီဆိုပြီးတော့လည်း သက်သောင့်သက်သာနေလို့မရပါဘူး။ ကျွန်တော်တို့လုပ်ငန်းရှင်တွေအားလုံး ကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါတယ်။ ဘယ်လောက် ကျယ်ပြန့်သလဲဆိုရင် တချို့ဆိုရင် အမေရိကန်နိုင်ငံကလုပ်ငန်းရှင်တွေသာမက သူတို့နဲ့ ဆက်စပ်လုပ်ကိုင်နေတဲ့သူတွေလည်း ကျွန်တော်တို့နဲ့ လုပ်ငန်းလုပ်လိုက်ရင် တစ်ဖက်က လုပ်ငန်းတွေနဲ့ ထိခိုက်မှာစိုးတဲ့အတွက် တချို့ဥရောပသမဂ္ဂက လုပ်ငန်းရှင်တွေ၊ အမေရိကန်နဲ့ ဆက်စပ်တဲ့လုပ်ငန်းလုပ်နေတဲ့သူတွေ မှန်သမျှက ကျွန်တော်တို့နဲ့လုပ်ဖို့ တုံ့ဆိုင်းနေတာမျိုးတွေ ရှိခဲ့တယ်။ အခုလို ဆန်ရှင်တွေမရှိတော့ဘူးဆိုရင် အမေရိကန်က လုပ်ငန်းရှင်တွေသာမက တစ်ကမ္ဘာလုံးက လုပ်ငန်းရှင်တွေကလည်း ကျယ်ကျယ်ပြန့်ပြန့်ဝင်လာပြီး လုပ်ငန်းတွေလုပ်ကြမယ့် သဘောရှိတဲ့အတွက် အလားအလာကောင်းပါတယ်။ သေချာတာတစ်ခုကတော့ စီးပွားရေးအခွင့်အလမ်းတွေက ပိုပြီး အခြေအနေတွေပေးလာတော့ ကျွန်တော်တို့လုပ်ငန်းတွေက ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီအတိုင်းနေလို့တော့ မရပါဘူး။

ကျွန်တော်တို့ ပြည်တွင်းကလုပ်ငန်းရှင်တွေက ပိုပြီး ကြိုးစားအားထုတ်ရမှာ ဖြစ်ပါတယ်။ ထို့အတူ ကုန်ထုတ်လုပ်ငန်းတွေမှာ ပါဝင်ကြမယ့် ကုန်ထုတ်လုပ်သားတွေကလည်း ကြိုးစားအားထုတ်ကြရမှာပါ။ အဲဒါကြောင့် ရရှိလာတဲ့အခွင့်အလမ်းတွေကို လက်လွှတ်မခံဘဲ အချိန်ကို အလဟသမထားဘဲ တစ်ပြေးညီ ကြိုးစားကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေး၊လူမှုရေး၊ ပညာရေးအားလုံး တစ်ပြေးညီတိုးတက်လာမယ်၊ အလွှာအသီးသီးရဲ့လူမှုဘဝတွေလည်း တိုးတက်လာမှာဖြစ်တဲ့အတွက် အားလုံးဝိုင်းပြီး ကြိုးစားကြဖို့ လိုအပ်ပါတယ်။

**ဒေါက်တာအောင်သူရ**

**(Thura Swiss ကုမ္ပဏီ အမှုဆောင်အရာရှိချုပ်)**

အရင်က မြန်မာနိုင်ငံမှာ အမေရိကန်နိုင်ငံမှမဟုတ်ဘူး၊ အခြားနိုင်ငံကကုမ္ပဏီတွေ တော်တော်များများက ရင်းနှီးမြှုပ်နှံမှု ဆက်သွယ်မှုပြုမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ပုံရိပ်ကခက်တယ်ဆိုတဲ့ သဘောထားတွေရှိကြတယ်။ Payment တွေ ဘာတွေ မလွယ်ဘူး၊ အမှားတစ်ခုခုဖြစ်မှာ စိုးရိမ်ကြတယ်။ ဖြေလျှော့လိုက်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ပိုပြီးလွယ်လာတယ်။ အခက်အခဲ ရှိမလားဆိုပြီး စဉ်းစားဖို့မလိုတော့ဘူး။ ဘဏ်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးရင်လည်း ငွေလွှဲတာတွေ ပိုလွယ်လာမယ်။ အရင်ကဆိုရင် အမေရိကန်ဘဏ်တွေက မြန်မာပြည်ကိုငွေလွှဲရင် သိပ်မလွယ်လှဘူး၊ ဒီဆန်ရှင်တွေဖြည်လိုက်လို့ ရင်းနှီးမြှုပ်နှံမှုတွေ အလုံးအရင်းနဲ့ ဝင်လာမလားဆိုပြီးတော့လည်း တစ်ခါတည်း ပြောလို့မရဘူး။

မြန်မာပြည်မှာရင်းနှီးမြှုပ်နှံမယ့် စီးပွားရေးသမားတစ်ယောက်အနေနဲ့ ဘာစဉ်းစားမလဲဆိုတော့ ဒီမြန်မာပြည်မှာ ရင်းနှီးဖို့အတွက် တကယ် တန်လား၊ မတန်လား။ ဒါကို လုပ်သင့်၊ မလုပ်သင့် သူတို့အများကြီးစဉ်းစားမယ်။ ဆန်ရှင်တော့ မရှိဘူး၊ ကျန်တဲ့အခက်အခဲတွေ အများကြီးရှိနေတယ်ဆိုရင်လည်း စဉ်းစားမှာပဲလေ။ ဒါကိုပါ အကုန်လုံးခြုံပြီး စဉ်းစားမယ်။ အစိုးရအဖွဲ့အစည်းတွေအနေနဲ့လည်း မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံရင် အခက်အခဲတွေမရှိအောင် ပိုပြီး လွယ်လာအောင် ဆောင်ရွက်ပေးရမယ်လို့ ထင်ပါတယ်။

---

**❊ ကျောဖုံးမှ**

မြစ်ကမ်းပါးပြိုကျခဲ့ရာ အလျားပေ ၃၀၀ ခန့်၊ အနံပေ ၈၀ ခန့် ကမ်းပါးပြိုကျခဲ့သည်။ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဟိန်းသူဟန် ဦးစီးသောတပ်ဖွဲ့ဝင်များ၊ သဲကုန်းကျေးရွာမှ ကျေးရွာသူ/ကျေးရွာသားများနှင့် ရွှေလှေချောင်ကျေးရွာမှ ပြည်သူများ ဝိုင်းဝန်းကူညီခဲ့သဖြင့် ပစ္စည်းတချို့သာ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီကလည်း “တော်သေးတယ် ၉ ရက်နေ့ မနက်နဲ့ ညနေဘက်ထိ အိမ်တွေကြိုတင်ရွှေ့ပြောင်းဖျက်ထားတော့ ဆုံးရှုံးမှု သိပ်မရှိပါဘူး။ ကမ်းပါးပြိုတာက ညဦးပိုင်းမို့ တော်သေးတယ်။ အခုလည်း ဒီနေ့ ၁၀ ရက်မှာ အဖွဲ့အစည်းတွေက အန္တရာယ်ရှိနိုင်တဲ့ အက်ကြောင်းထိစပ်အိမ်တွေ ၁၁ အိမ်ပေါ့ အခု ဝိုင်းဝန်းဖျက်သိမ်းပေးနေပါတယ်” ဟု ဦးကျော်ဝင်းက ပြောသည်။

အဆိုပါ မြစ်ကမ်းပါးပြိုကျမှုတွင် ယခင်ကြိုတင်ရွှေ့ပြောင်း ၁၃ အိမ်နှင့် ယခု ၁၁ အိမ် စုစုပေါင်း ၂၄ အိမ် လူဦးရေ စုစုပေါင်း ၁၀၁ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

---

**○ ကျောဖုံးမှ**

ယင်းအုပ်စုပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

---

## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။ **(မိုး/ဇလ)**

---

# သာစည်မြို့နယ် ကံရှည်ရွာ အလကတွင် ဆရာ ဆရာမများ လိုအပ်နေ

**မန္တလေး အောက်တိုဘာ ၁၀**

သာစည်မြို့နယ် ကံရှည်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းဖွင့်ကာလ လေးလ ကျော်လာသည့်တိုင် ကျောင်းတွင် စီမံခန့်ခွဲမည့် ကျောင်းအုပ်မရှိခြင်း ဆရာဆရာမ မလုံလောက်ခြင်း၊ ကျောင်းဆောင်နှင့်ပရိဘောဂ မပြည့်စုံခြင်းတို့ကြောင့် ကျောင်းသားကျောင်းသူများ ပညာသင်ယူရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း ကျောင်းအကျိုးတော်ဆောင်တစ်ဦးထံမှ သိရသည်။

အဆိုပါကျောင်းမှာ ၁၉၅၃ ခုနှစ်က အခြေခံပညာမူလတန်းကျောင်း၊ ၁၉၉၇ ခုနှစ်တွင် မူလတန်းလွန်ကျောင်း၊ ၂၀၁၆ ခုနှစ် မေ ၂၅ ရက်တွင် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့သည်။ ယင်းကျောင်းတွင် ကံရှည်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၃၅၀ ခန့်တက်ရောက်ပညာသင်ကြားနေပြီး ကျောင်း၏ လိုအပ်ချက်များကို သာစည်မြို့ငါးဆူရိပ်သာ ဆရာတော်၊ ကံရှည်ကျောင်းဆရာတော်နှင့် ရွာသူ ရွာသားများက တက်နိုင်သရွေ့ ဖြည့်ဆည်းပေးနေကာ လိုအပ်ချက်များစွာရှိနေသေးကြောင်း သိရသည်။ “ကျောင်းမှာ ကျောင်းအုပ်၊ ဆရာ ဆရာမနဲ့ ကျောင်းဆောင်လိုအပ်ချက်တွေများစွာ ရှိနေပါတယ်။ ဒါကြောင့် စာမေးပွဲရလဒ်မှာလည်း များစွာထိခိုက်နိုင်တဲ့အတွက် သက်ဆိုင်ရာက လိုအပ်ချက်တွေကို အမြန်ဆုံးဖြည့်ဆည်းပေးစေချင်ပါတယ်”ဟု ကျောင်းအကျိုးတော်ဆောင်က ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)**

---

# အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ နှစ်ဆင့်ချေးငွေစီမံကိန်း ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း SMEs များ အောင်မြင်တိုးတက်မှုမှာ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားများ အလုပ်အကိုင်ရရှိရေးအတွက် များစွာ အရေးပါသည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း SMEs များ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ဘဏ်ချေးငွေများအား နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ထုတ်ချေးလျက်ရှိသည်။ မြန်မာ့စီးပွားရေးဘဏ်က အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ထံမှ အတိုးနှုန်း သက်သာသော ODA နှစ်ရှည်ချေးငွေရယူ၍ ပုဂ္ဂလိကဘဏ် ခြောက်ခုမှ တစ်ဆင့် SMEs များသို့ နှစ်လတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။ ချေးငွေသက်တမ်းမှာ သုံးနှစ်မှ ငါးနှစ်ထိ နှစ်လတ်ချေးငွေဖြစ်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ၈ ဒသမ ၅၀ ရာခိုင်နှုန်းဖြစ်၍ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လုပ်ငန်းတိုးချဲ့ရန် သင့်လျော်သော ချေးငွေအမျိုးအစား ဖြစ်သည်။

ပထမအဆင့်အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်သည် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် ဂျပန်ယန်း ၄၅၄ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေကို SMEs များသို့ ထုတ်ချေးခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပုဂ္ဂလိကဘဏ် ခြောက်ခုဖြစ်သော ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ရောဝတီဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်နှင့် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်တို့မှတစ်ဆင့် ဂျပန်ယန်း သန်း ၃၀၀၀ နှင့်ညီမျှသော မြန်မာကျပ်ငွေအား ထုတ်ချေးလျက်ရှိသည်။

**(သတင်းစဉ်)**

# ရာဇဝတ်မှုများကို ကျေအေးခြင်း၊ ရုပ်သိမ်းခြင်းပြုရာဝယ်

## ဥပဒေလေ့လာသူတစ်ဦး

**အမှုကိုကျေအေးရန်ဖြစ်စေ၊ ရုပ်သိမ်းရန်ဖြစ်စေ မဆောင်ရွက်မီ အမှုသည် အချင်းချင်း ကျေအေးကြစေရန် ကြားဝင်စေ့စပ်ဖျန်ဖြေပေးသူများသည်လည်း အမှုသည်များအကြား ဖြစ်ပွားနေသောကိစ္စမှာ ကျေအေးခွင့် ရှိ မရှိ၊ ရုပ်သိမ်းခွင့်ရှိ မရှိ သတိပြုရန်လို**

**ဥပဒေအရ ကျေအေးခွင့်မရှိသော ပြစ်မှုတွင် အမှုသည်များက မည်သို့ပင်ကျေအေးကြစေကာမူ ဥပဒေအရ ကျေအေးခွင့်မရနိုင်သည်ကို သတိမူသင့်ပါသည်။ အမှုသည်များ ကျေအေးကြစေရန် ကြားဝင်ညှိနှိုင်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအနေဖြင့် "တရားဥပဒေစိုးမိုးရေး" ဟူသောအချက်ကို သတိပြုရန်လိုအပ်မည်**

စနစ်တစ်ခုသည် ခေတ်ကာလကို မူတည်ပြီး ပြောင်းလဲတတ်ပါသည်။ ခေတ်စနစ် ပြောင်းလဲသည့်အခါ လူသားများ၏ ပြုမူနေထိုင်ပုံ၊ စဉ်းစားတွေးခေါ်ပုံတို့ ပြောင်းလဲသွားတတ်သကဲ့သို့ လူတို့၏ အကျင့်စရိုက်နှင့် စိတ်နေစိတ်ထားများလည်း ပြောင်းလဲသွားသည်မှာ သဘာဝပင်ဖြစ်ပါသည်။ ထိုသို့ ပြောင်းလဲမှုများကြောင့် လူ့အဖွဲ့အစည်းတွင် ကျူးလွန်လေ့ရှိသော ရာဇဝတ်မှု များသည်လည်း ယခင်ကနှင့်မတူ ကွဲပြားခြားနားလာပါသည်။ ဆိုလိုသည်မှာ ပြစ်မှုများ၏ ကျူးလွန်သော ရည်ရွယ်ချက်နှင့် ကျူးလွန်ပုံ၊ ကျူးလွန်နည်းများသည် သမားရိုးကျပုံစံများ မဟုတ်တော့ဘဲ ပြောင်းလဲဆန်းသစ်လာကြခြင်း ဖြစ်ပါသည်။

ယနေ့ခေတ်တွင် အချို့သော ရာဇဝတ်မှုများသည် နိုင်ငံတစ်နိုင်ငံရှိ ပြည်သူများကိုသာမက လူသားတစ်ရပ်လုံး၏ လုံခြုံရေးကိုပါ ဘေးအန္တရာယ်ဖြစ်စေသည်အထိ ထိခိုက်လာသောကြောင့် နိုင်ငံအချင်းချင်းပင် ပူးပေါင်းကာကွယ်ထိန်းသိမ်းရသည့် အနေအထားသို့ ရောက်ရှိလာပါသည်။ ဆန်းသစ်လာသော ရာဇဝတ်မှုအမျိုးအစားများသည် ကပ်ဆိုးရောဂါသဖွယ် ကူးစက်ပျံ့နှံ့လာသည့်အတွက် ဟန့်တားထိန်းချုပ်နိုင်ရန် ကျွန်ုပ်တို့နိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ဥပဒေများပြဋ္ဌာန်းပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေအသိပညာပေးဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ရာဇဝတ်မှုကျူးလွန်သူများကို ထိုက်သင့်သော ပြစ်ဒဏ်များရရှိစေရေးအတွက် ဥပဒေနှင့်အညီ တရားစွဲဆိုခြင်း၊ စီရင်ဆုံးဖြတ်ခြင်းတို့ ဆောင်ရွက်ရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူအချင်းချင်းဖြစ်ပွားသော အမှုကိစ္စများအပေါ် ကျေအေးကျေနပ်ခြင်းဖြင့် ညှိနှိုင်းအဖြေရှာသော နည်းလမ်းများကို ခေတ်အဆက်ဆက်က ကျင့်သုံးဆောင်ရွက်ခဲ့ကြပါသည်။ သို့မှသာ လူ့အဖွဲ့အစည်းအတွင်း အာဃာတကင်းကင်းဖြင့် အေးအတူ ပူအမျှ ချစ်ကြည်ရင်းနှီးစွာ ရေရှည်လက်တွဲနေထိုင်သွားနိုင်မည်ဖြစ်ပါသည်။

ရှေးမြန်မာ့တရားစီရင်ရေးစနစ်တွင် အမှုအခင်းကိစ္စရပ်များကို လူ့အဖွဲ့အစည်းအတွင်း စေ့စပ်ဆွေးနွေးခြင်းဖြင့် နှစ်ဦးနှစ်ဖက် ကျေနပ်မှုရရှိအောင် ညှိနှိုင်းဆောင်ရွက်လေ့ ရှိခဲ့ကြသည်။ "ကြီးသောအမှုကို ငယ်စေ၊ ငယ်သောအမှုကို ပပျောက်စေ" ဟူသော မူကို လက်ကိုင်ထားပြီး အမှုအခင်းများကို ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဖြေရှင်းခဲ့ကြပါသည်။

မြန်မာလူမျိုးတို့သည် သူတစ်ပါးကို ကြင်နာသနားခြင်း၊ ကိုယ်ချင်းစာ ညှာတာခြင်း၊ သည်းခံခွင့်လွှတ်ခြင်း စသော နူးညံ့ပျော့ပျောင်းသော နှလုံးသားပိုင်ရှင်များ ဖြစ်ကြသည်။ မိမိတို့ နစ်နာချက်၊ ခံစားချက်အလျောက် တိုင်တန်းလေ့ရှိသော်လည်း အလွယ်တကူပင် ခွင့်လွှတ်ကြပြန်သည်။ ဖြစ်ပြီးသည့်ကိစ္စကို ပြဟ္မစိုရ်တရားလက်ကိုင်ထား၍ အလွယ်တကူ သင်ပုန်းချေတတ်သူများပါဖြစ်သည်။ မြန်မာလူမျိုးတို့သည် လူကြီးသူမကို ရိုသေလေးစားရာတွင် စံတင်လောက်သူများဖြစ်ပြီး လူကြီးသူမ၏ ဆိုဆုံးမမှုကို တစ်သဝေမတိမ်း နာခံတတ်ကြပါသည်။ ပြဿနာဖြစ်ပွားလျှင် လူကြီးသူမများက ကြားဝင်စေ့စပ်ဖျန်ဖြေပေးမှုကိုနာခံ၍ ပြေငြိမ်းသည့်ဓလေ့မှာ ရှေးယခင်ကတည်းကရှိခဲ့ပြီး နှစ်ဖက်အမှုသည်တို့ လက်ဖက်အတူစားစေပြီး ကျေအေးစေခဲ့သည့် ဓလေ့အခိုင်အမာရှိခဲ့ပါသည်။

ထို့အတူ အခြားသူတို့၏ အခက်အခဲများကိုလည်း ကူညီဖေးမလိုပြီး ပြဿနာဖြစ်ပွားနေသူများတွေ့လျှင်လည်း ကြားဝင်ဖျန်ဖြေပေးလိုကြပါသည်။ ပြဿနာကို ပြေလည်ငြိမ်းအေးစေလိုသည့် မနသိကာရဖြင့် အခြားသူတို့၏ အမှုကိစ္စကို ကြားဝင်စေ့စပ်ခြင်း၊ ညှိနှိုင်းဖျန်ဖြေ ပေးခြင်းပြုရန်လည်း ဝန်မလေးတတ်ချေ။ ဤသည်မှာ တန်ဖိုးထားလေးစားရမည့် မြန်မာ့ဓလေ့၊ မြန်မာ့စရိုက်ပင်ဖြစ်ပါသည်။ ရှေးကလည်း ဤအတိုင်းပင် ယခုလည်း ဤသို့နှင့်နှင့် ဆောင်ရွက်နေကြဆဲဖြစ်ပါသည်။

ဥပဒေ အရ ဆောင်ရွက်ရာတွင် မှန်ကန်စွာ ဆောင်ရွက်ရုံဖြင့်မပြီး၊ မျှတဖို့လိုပါသည်။ စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ဖို့လိုပါသည်။ ရာဇဝတ်မှုများတွင် အပြစ်ကျူးလွန်သူကို ပေးရမည့်ပြစ်ဒဏ် သတ်မှတ်ထားပါသည်။ ဥပဒေကတားမြစ်ထားသည်ကို ဖောက်ဖျက်လျှင် ပြစ်မှုဖြစ်သကဲ့သို့ ဥပဒေအရ လုပ်ရမည့်အတိုင်း မလုပ်လျှင်လည်း ပြစ်မှုဖြစ်သည်။ လူသားတို့သည် ပုထုဇဉ်များဖြစ်၍ လောဘ၊ ဒေါသ၊ မောဟတို့ မကင်းကြပါ။ လောဘကြောင့်၊ ဒေါသကြောင့်၊ မောဟကြောင့် ရာဇဝတ်မှု ကျူးလွန်တတ်ကြပါသည်။ ရာဇဝတ်မှု ကျူးလွန်ခြင်းခံရသူများမှာ ကိုယ်ရောစိတ်ပါ ဒဏ်ရာအနာတရဖြစ်ရသည်။ ကျူးလွန်သူများမှာလည်း ရာဇဝတ်ဘေးတွေ့ရသည်။ နှစ်ဦးနှစ်ဖက်တွင် ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ကြရပါသည်။ ရာဇဝတ်မှုကို စီရင်ဆောင်ရွက်ရာတွင် ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ပေးနိုင်ရေးအတွက်သာ ဦးတည်ဆောင်ရွက်ခြင်းမပြုဘဲ ပြစ်မှုကျူးလွန်သူကို ဥပဒေနှင့်အညီ အခွင့်အရေးပေးရပါမည်။ လူ့အဖွဲ့အစည်းတွင် တရားဥပဒေစိုးမိုးမှုရှိစေရေးကို ဦးတည်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

နစ်နာမှုများကို ကုစားရာတွင် တောင်းပန်ခြင်းဖြင့် စိတ်ဒဏ်ရာကို ပြေပျောက်စေကြပါသည်။ လျော်ကြေးပေး၍ အာဃာတတရား၊ အမုန်းတရားတို့ကို ချေဖျက်ကြသည်။ မေတ္တာသက်ဝင်အောင်လုပ်ကြပြီး ခွင့်လွှတ်မှုကိုရယူကြပါသည်။ အမှုအခင်းများကို ကျေအေးပြီးပြတ်အောင် ညှိနှိုင်းဆောင်ရွက်ကြပါသည်။ ထိုသို့ ကျေအေးပြီးပြတ်အောင် ဆောင်ရွက်ခြင်းကို နိုင်ငံတော်ကလည်း ခွင့်ပြုထားရာ ပြည်ထောင်စု တရားစီရင်ရေးဥပဒေတွင် သတ်မှတ်ထားသော တရားစီရင်ရေး မူ ၇ ရပ်၌ "ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး" ဆိုသည့် မူပါဝင်ကြောင်း တွေ့ရှိရပါသည်။

တရားရုံး၌ စစ်ဆေးဆဲအမှုများ ကျေအေးခွင့် သို့မဟုတ် ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားသည့်အခါ တစ်ခါတစ်ရံ၌ ကျေအေးရုပ်သိမ်းပေးပါဟု လျှောက်ထားသည်မျိုး ရှိတတ်ပါသည်။ ကျေအေးခြင်းနှင့် ရုပ်သိမ်းခြင်းမှာ သာမန်အားဖြင့် တူညီသည်ဟု ထင်ရသော်လည်း ဥပဒေသဘောအရ ကွဲပြားခြားနားပါသည်။ ကျေအေးခြင်းဆိုသည်မှာ ရာဇဝတ်မှုတစ်ခုနှင့် စပ်လျဉ်း၍ အမှုသည်နှစ်ဦးနှစ်ဖက်က တစ်ဦးအပေါ်တစ်ဦး နားလည်ခွင့်လွှတ်ခြင်းဖြင့် အမှုကို ဆက်လက်ရင်ဆိုင်ခြင်း၊ ဆောင်ရွက်ခြင်းမပြုတော့ဘဲ ပြေငြိမ်းခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် အမှုသည်များ ကိုယ်တိုင်က အမှုကို ရပ်စဲလိုက်ခြင်းဖြစ်ပါသည်။ ယင်းသို့ ပြေငြိမ်းရာတွင် တရားရုံးသို့ မရောက်ရှိမီ ဆောင်ရွက်ခြင်း ရှိသကဲ့သို့ တရားရုံးရှေ့ရောက်မှ ဆောင်ရွက်ခြင်းလည်း ရှိတတ်ပါသည်။ ရုပ်သိမ်းခြင်းဆိုသည်မှာ တရားရုံး၌ တရားစွဲဆိုထားသော အမှုကို ဆက်လက်ဆောင်ရွက်လိုခြင်း မရှိတော့သဖြင့် တိုင်တန်းစွပ်စွဲမှုကို ရုပ်သိမ်းကြောင်း နိုင်ငံတော်က တရားရုံးသို့ လျှောက်ထားခြင်းဖြစ်ပါသည်။ ရာဇဝတ်မှုတွင် သာမန်အားဖြင့် တရားလိုမှာ နိုင်ငံတော်ဖြစ်ရာ နိုင်ငံတော်၏ လျှောက်ထားချက်အရ ဥပဒေနှင့်အညီ အမှုကို ပြီးပြတ်စေခြင်းဖြစ်ပါသည်။

ရာဇဝတ်မှုများကို ကျေအေးခြင်းနှင့် ရုပ်သိမ်းခြင်းတို့မှာ အမှုအမျိုးအစားအလိုက် ကွဲပြားခြားနားသည်။ အချို့ပြစ်မှုများမှာ ကျေအေးခွင့်ရှိပါသည်။ ယင်းတို့အနက် အချို့ပြစ်မှုများသည် တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျေအေးနိုင်ပြီး အချို့ပြစ်မှုများ ကျေအေးခြင်းအတွက် တရားရုံး၏ ခွင့်ပြုချက်မလိုအပ်ပါ။ ကျေအေးခွင့်မရှိသော ပြစ်မှုများကို ရုပ်သိမ်းနိုင်ပါသည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၃၄၅ တွင် ကျေအေးခွင့်ရှိသော ပြစ်မှုများနှင့် ကျေအေးနိုင်သူများကို အသေးစိတ်ပြဋ္ဌာန်းထားသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၅ (၁)အရ တရားရုံး၏ ခွင့်ပြုချက်မလိုဘဲ နစ်နာသူက ကျေအေးခွင့်ရှိသော ပြစ်မှုများမှာ ဘာသာရေးစိတ်ကို နာစေရန် တမင်ကြံရွယ်၍ ပြောဆိုမှု (ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၈)၊ နာကျင်စေမှု (ပုဒ်မ ၃၃၄)၊ မတရားတားဆီးကန့်ကွက်မှု၊ မတရားချုပ်နှောင်မှု ( ပုဒ်မ ၃၄၁ နှင့် ၃၄၂ )၊ လက်ရောက်မှုနှင့် အနိုင်အထက်ပြုမှု (ပုဒ်မ ၃၅၂၊ ၃၅၅ နှင့် ၃၅၈)၊ အတင်းအဓမ္မခိုင်းစေမှု (ပုဒ်မ ၃၇၄)၊ အကျိုးဖျက်ဆီးမှု (ပုဒ်မ ၄၂၆ နှင့် ၄၄၇)၊ ရာဇဝတ်မကင်းသော ကျော်နင်းမှု (ပုဒ်မ ၄၄၇ နှင့် ၄၄၈)၊ ပဋိညာဉ်ဖောက်ဖျက်မှု (ပုဒ်မ ၄၉၁)၊ မယားခိုးမှု (ပုဒ်မ ၄၉၇ နှင့် ၄၉၈)၊ အသရေဖျက်မှု (ပုဒ်မ ၅၀၀၊ ၅၀၁ နှင့် ၅၀၂) ၊ ငြိမ်ဝပ်ရေးပျက်ပြားစေရန် အကြံဖြင့် တမင်စော်ကားမှု (ပုဒ်မ ၅၀၄)၊ ခြောက်လှန့်မှု (ပုဒ်မ ၅၀၆)၊ ဘာသာအယူဝါဒအရ အပြစ်ရောက်မည်ဟု ယုံကြည်စေရန် သွေးဆောင်မှု (ပုဒ်မ ၅၀၈) တို့ဖြစ်ပါသည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၅ (၂) အရ တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျေအေးနိုင်သော ပြစ်မှုများမှာ နာကျင်စေမှု (ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၂၃ နှင့် ၃၃၅)၊ မတရား ချုပ်နှောင်ထားမှု (ပုဒ်မ ၃၄၃ နှင့် ၃၄၆)၊ မတရားချုပ်နှောင်ထားရန် အားထုတ်ရာတွင် ကျူးလွန်သော အနိုင်အထက်ပြုမှု (ပုဒ်မ ၃၅၇)၊ အလွဲသုံးစားမှု (ပုဒ်မ ၄၀၃)၊ လိမ်လည်မှု (ပုဒ်မ ၄၁၇၊ ၄၁၈ နှင့် ၄၁၉) ၊ အကျိုးဖျက်ဆီးမှု (ပုဒ်မ ၄၃၀)၊ အိမ်ကျော်နင်းမှု (ပုဒ်မ ၄၅၁)၊ လင် သို့မဟုတ် မယားအသက်ထင်ရှားရှိနေစဉ်အတွင်း ထပ်မံထိမ်းမြားမှု (ပုဒ်မ ၄၉၄)၊ အမျိုးသမီး၏ ကာယိန္ဒြေကိုစော်ကားရန် အကြံဖြင့်ပြုလုပ်မှု (ပုဒ်မ ၅၀၉) တို့ ဖြစ်ပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေအရ တရားရုံး၏ခွင့်ပြုချက်ဖြင့်သာ ကျေအေးနိုင်သောပြစ်မှုများကို ကျေအေးခွင့်ရရှိရန် နစ်နာသူက တရားရုံးသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ မည်သည့်အတွက် ကျေအေးခြင်းဖြစ်သည်ကို ကျိုးကြောင်းဖော်ပြရန်လိုအပ်ပြီး တရားရုံးကလည်း ကျေအေးခွင့်ပြု မပြု အဆုံးအဖြတ်ပေးရမည်ဖြစ်ပါသည်။ ကျေအေးခွင့်ပြုသည့်အခါ မည်သည့် အကြောင်းကြောင့် ကျေအေးခွင့်ပြုကြောင်းကို မှတ်တမ်းတင်၍ တရားခံကို အမှုမှ အပြီးပြတ် (တရားသေ) လွှတ်ရသည်။ ယင်းသို့ ကျေအေးပြီးသော ပြစ်မှုနှင့်စပ်လျဉ်း၍ ထပ်မံတရားစွဲဆိုနိုင်ခြင်း မရှိတော့ပါ။

တရားရုံးရှေ့သို့မရောက်မီ အမှုသည် အချင်းချင်း ကျေအေးကျေနပ်ပြီးပါက အမှုကို ဆက်လက်ဆောင်ရွက်၍ မရတော့ပါ။ အရပ်ထဲတွင် အမှုသည်အချင်းချင်း ကျေအေးခြင်းကို တရားရုံးများကလည်း အသိအမှတ်ပြု လက်ခံပါသည်။ သို့သော် တရားရုံး၏ ခွင့်ပြုချက်မလိုဘဲ ကျေအေးနိုင်သည့် ပြစ်မှု (ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ (၁) ပါ ပြစ်မှုများ) ဖြစ်ရန် လိုအပ်ပေသည်။ "ရာဇသတ်ကြီး (ပြစ်မှုဆိုင်ရာဥပဒေ) ပုဒ်မ ၄၉၇ အရ ပြစ်မှုကို ပြေငြိမ်းရာတွင် တရားရုံး၏ သဘောတူ ခွင့်ပြုချက်ကို ရယူရန်မလို။ နစ်နာသူက မိမိသဘောအတိုင်း ပြေငြိမ်းခွင့်ရှိသည့် အမှုများတွင် ရုံးသို့မရောက်မီ ကျေအေးပြီးဖြစ်ပါက ထိုကဲ့သို့ ကျေအေးပြီး ဖြစ်သည့်အမှုအတွက် ရုံး၌တစ်ဖန် တရားစွဲဆိုခြင်းမပြုနိုင်တော့၊ တရားရုံးသို့ ရောက်ပြီးမှသာ ပြေငြိမ်းရမည်ဟု ဥပဒေက ကန့်သတ်ထားခြင်းမရှိ" ဟု ၁၉၆၈ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၁၅၆ တွင် စီရင်ထုံးဖွဲ့ထားသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေအရ ရာဇသတ်ကြီးပါ အထက်တွင် ဖော်ပြထားသော ပြစ်မှုများကို ကျေအေးခွင့်ရှိသော်လည်း အထူးဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုများကို ကျေအေးခွင့်မရှိကြောင်း တွေ့ရပါသည်။ ထို့ကြောင့် အထူးဥပဒေတစ်ရပ်ရပ်ပါ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ခြင်းအတွက် အမှုသည်များက ကျေအေးလိုကြသော်လည်း ဥပဒေအရ ကျေအေးခွင့်ရနိုင်မည် မဟုတ်ပါ။ ယင်းပြစ်မှုများတွင် အမှုသည်အချင်းချင်း ကျေအေးကျေနပ်ကြစေရန် ညှိနှိုင်းဖျန်ဖြေပေးခြင်းသည် အမှုသည်များအတွက် အကျိုးဖြစ်ထွန်းစေမည် မဟုတ်ဟု ဆိုနိုင်ပါသည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၅ အရ ကျေအေးခွင့်မရှိသော ပြစ်မှုများကို ရုပ်သိမ်းရမည် ဖြစ်ပါသည်။ သာဓကအားဖြင့် အပြင်းအထန်နာကျင်စေမှုများ (ရာဇသတ်ကြီးပုဒ်မ ၃၂၅၊ ၃၂၆၊ ၃၃၈ စသည့် ပြစ်မှုများ)၊ အိမ်ကျော်နင်းမှုများ (ရာဇသတ်ကြီးပုဒ်မ ၄၅၂၊ ၄၅၆၊ ၄၅၇ စသည့် ပြစ်မှုများ)၊ လိမ်လည်မှု (ရာဇသတ်ကြီးပုဒ်မ ၄၀၆၊ ၄၂၀ စသည့် ပြစ်မှုများ) စသည်တို့သည် ကျေအေးခွင့်မရှိသဖြင့် ရုပ်သိမ်းရမည်ဖြစ်ပါသည်။ ယင်းသို့ ကျေအေးခွင့်မရှိသော ပြစ်မှုများကို ဆက်လက်ရင်ဆိုင်လိုခြင်းမရှိပါက နစ်နာသူအမှုသည်က ရုပ်သိမ်းခွင့်လျှောက်ထားနိုင်ပါသည်။ ရာဇဝတ်မှုများ ရုပ်သိမ်းရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၄၈ အရ ရုပ်သိမ်းခြင်းနှင့် ပုဒ်မ ၄၉၄ အရ ရုပ်သိမ်းခြင်းဟူ၍ နှစ်မျိုးရှိပါသည်။

အမှုနှင့် စပ်လျဉ်း၍ အပြီးသတ်အမိန့်မချမီ မည်သည့်အဆင့်တွင်မဆို ဦးတိုက်လျှောက်ထားသူကသာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၄၈ အရ တရားရုံးသို့ အမှုရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားနိုင်ခြင်းဖြစ်ပါသည်။ ယင်းသို့ လျှောက်ထားသည့်အခါ လျှောက်လွှာတွင် ရုပ်သိမ်းလိုသည့် အကြောင်းပြချက်များကို ခိုင်လုံစွာဖော်ပြရမည်ဖြစ်ပြီး တရားရုံးကလည်း ဦးတိုက်လျှောက်ထားသူကိုယ်တိုင်က ခိုင်လုံသော အကြောင်းပြချက်ဖြင့် ၎င်း၏ သဘောဆန္ဒအလျောက် ရုပ်သိမ်းကြောင်း ယုံကြည်ကျေနပ်လျှင် ရုပ်သိမ်းခွင့်ပြုနိုင်ပါသည်။ ရုပ်သိမ်းခွင့်ပြုပါက စွပ်စွဲခံရသူကို အမှုမှ အပြီးအပြတ် လွှတ်ရပါသည်။

ကာယကံရှင်က တရားရုံးသို့ ဦးတိုက်လျှောက်ထားစွဲဆိုမှု ဖြစ်သည့်ပြင် ထောင်ဒဏ်ခြောက်လအထိ အပြစ်ပေးနိုင်သော သမ္မန်မှု **(Summon Case)** များကိုသာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၄၈ အရ ရုပ်သိမ်းခွင့်ပြုနိုင်ပါသည်။ ရဲတပ်ဖွဲ့က စွဲဆိုသော သမ္မန်မှုများကို ကျင့်ထုံးဥပဒေပုဒ်မ ၂၄၈ အရ ရုပ်သိမ်းခွင့်မပြုနိုင်ပါ။ ယင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် (တရားရုံးချုပ်)ကလည်း ညွှန်ကြားချက် အမှတ် ၁၁/၇၅ ဖြင့် ညွှန်ကြားထားပါသည်။

ရဲတပ်ဖွဲ့ကစွဲဆိုသော သမ္မန်မှုများနှင့် ဝရမ်းမှု (Warrant Case) များကို ရုပ်သိမ်းလိုပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ ရုပ်သိမ်းနိုင်ပါသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ အမှုရုပ်သိမ်းလိုပါက နစ်နာသူအမှုသည်က သက်ဆိုင်ရာဥပဒေရုံးသို့ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး ဥပဒေအရာရှိကသာ တရားရုံးသို့ လျှောက်ထားခွင့်ရှိပါသည်။ နစ်နာသူအမှုသည်များက တရားရုံးသို့ တိုက်ရိုက်တင်ပြလျှောက်ထားလျှင် တရားရုံးက လက်ခံဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာ ဥပဒေရုံးက လျှောက်ထားသည့်အခါမှသာ တရားရုံးကလက်ခံပြီး ဆုံးဖြတ်ဆောင်ရွက်ပါသည်။ ဥပဒေအရာရှိသည် အမှုတစ်ခုလုံးကို ဖြစ်စေ၊ တစ်ဦးတစ်ယောက်အပေါ် စွဲဆိုထားသော ပြစ်မှုအားလုံးကိုဖြစ်စေ၊ ပြစ်မှုများအနက်မှ ပြစ်မှုတစ်ရပ်ရပ်ကိုဖြစ်စေ တရားရုံး၏ သဘောတူညီချက်ဖြင့် ရုပ်သိမ်းနိုင်ပါသည်။

ဥပဒေရုံးသို့ အမှုရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားလာသည့်အခါ သက်ဆိုင်ရာ တာဝန်ခံ ဥပဒေအရာရှိက အမှုရုပ်သိမ်းခွင့်ပြုရန် သင့် မသင့် ဆုံးဖြတ်ရာ၌ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ခြင်း ရှိ မရှိ စိစစ်ပါသည်-

(က) ဥပဒေဆိုင်ရာ လိုအပ်ချက်တစ်ရပ်ရပ်အရ အမှုရုပ်သိမ်းခြင်းပြုရန် လိုအပ်ခြင်း၊
(ခ) ပေါ်ပေါက်သည့် သက်သေခံချက်အရ ပြစ်မှုမမြောက်ကြောင်း ထင်ရှားပေါ်ပေါက်ခြင်း၊
(ဂ) ပြစ်မှုထင်ရှားပေါ်လွင်စေရန် တရားလိုဘက်မှ သက်သေခံအထောက်အထားများ မတင်ပြနိုင်ခြင်း၊
(ဃ) တရားခံတစ်ဦးဦးကို တရားလိုပြ သက်သေအဖြစ် ပြောင်းလဲအသုံးပြုရန် အကြောင်း ပေါ်ပေါက်သဖြင့် အဆိုပါတရားခံကို အမှုမှရုပ်သိမ်းရန် လိုအပ်ခြင်း၊
(င) အမှုသည်အချင်းချင်း ကျေနပ်မှုရရှိကြပြီးဖြစ်၍ သော်လည်းကောင်း၊ သွေးရင်းသားရင်းများဖြစ်၍

စာမျက်နှာ ၇ သို့

# ကျောက်ပန်းတောင်းမြို့နယ်၌ မိုးရွာသွန်းမှုများသဖြင့် သစ်ဆပ်ပင်ကျေးရွာမှ ဘုရားစေတီဟောင်းတစ်ဆူ ပြိုကျပျက်စီး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဟင်းခွက်အိုင်ကျေးရွာအုပ်စု သစ်ဆပ်ပင်ကျေးရွာ၌ အောက်တိုဘာ ၆ ရက်က မိုးရွာသွန်းမှုများပြားခဲ့သဖြင့် အဆိုပါ မိုးကြောင့် အောက်တိုဘာ ၇ ရက် နံနက် ၁၁ နာရီခန့်က ဘုရားစေတီဟောင်းတစ်ဆူ မြေအိ ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"အောက်တိုဘာ ၆ ရက် မနက်ပိုင်း ၂ နာရီလောက်က စရွာတဲ့မိုးက လင်းအားကြီးအချိန်ထိပဲ။ ဒီဘုရားစေတီက အိုလည်းအိုနေပါပြီ။ ပြီးခဲ့တဲ့လကလျှင်ကလည်း လှုပ်ထားတာဆိုတော့ အက်ကြောင်းတွေရှိတာပေါ့။ မိုးရွာလိုက်တော့ မိုးရေအဝင်များပြီး မြေအိပြိုကျသွားတဲ့သဘောပဲဖြစ်မှာပါ။ဌာပနာအနေနဲ့ကတော့ ကြေးရုပ်ပွားတော်လေးတွေနဲ့ ဖြူဗွာရုပ်တွေ၊ နတ်ရုပ်တွေ လောက်ပဲ တွေ့ရတာပါ။ ကြေးနဲ့လုပ်ထားတာပါ။ လက်ရာကကတော့ ဘယ်ခေတ်လက်ရာမှန်း မသိပါဘူး" ဟု သစ်ဆပ်ပင်ကျေးရွာ ရွာခွဲတာဝန်ခံ ဦးချစ်ကိုက ပြောကြားသည်။

အဆိုပါ စေတီအိုကြီးသည် အောက်ခြေပလ္လင်ခုံ အကျယ် ၁၂ တောင်ရှိ၍ အမြင့်မှာ ၁၈ တောင်ရှိပြီး ထီးတော်မှာ အင်္ဂတေဖြင့် ပြုလုပ်ထားသော စေတီဖြစ်ကြောင်း သိရသည်။

အဆိုပါစေတီပျက်မှ ဗောဓိသတ္တဟ၊ အနိမိသ၊ အစ္စပါလ၊ စင်္ကမ၊ မုစ္စလိန္ဒာ၊ ရတနာဃရနှင့် ရာဇယတန အစရှိသည့် သတ္တဌာနများကို ကိုယ်စားပြုသည့် ကြေးရုပ်ပွားတော်ငယ်များနှင့် ဖြူဗွာရုပ်များ၊ နတ်ရုပ်ငယ်များကို ဌာပနာအဖြစ် တွေ့ရှိ၍ ရွာဦးဘုန်းကြီးကျောင်း၌ သိမ်းဆည်းထားကြောင်း သိရသည်။

အဆိုပါ စေတီဟောင်းကို ဆရာတော်က ဦးဆောင်၍ ကျေးရွာလူထုမှ စုပေါင်းပြုပြင်ရန် စီစဉ်ထားရှိကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုမပြုနိုင်ခင် ယခုကဲ့သို့ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်(မြန်/ဆက်)**



# ကမာရွတ်မြို့နယ်အတွင်း ရောဂါရှာဖွေကုသခြင်းများကို အခမဲ့ဆောင်ရွက်ပေးမည်



**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အောင်ဆန်းမြို့ရှိ တီဘီရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ကမာရွတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ဆရာမများ ပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် အောက်တိုဘာ ၁၀ ရက်က ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် အောင်ချမ်းသာဓမ္မာရုံ၌ ရပ်ကွက်နေပြည်သူများအား ကွန်ပျူတာဓာတ်မှန်စက်ကြီးဖြင့် တီဘီရောဂါရှာဖွေကုသပေးခြင်း၊ ဆီးချို သွေးတိုး နှလုံးရောဂါများ ရှာဖွေကုသပေးခြင်း၊ အထွေထွေရောဂါကုသပေးခြင်းနှင့် ကိုယ်ဝန်ဆောင်နှင့် ငါးနှစ်အောက်ကလေးများအား ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခဲ့ကြသည်။ (ဓါတ်ပုံ)

အဆိုပါအဖွဲ့သည် မြို့နယ်အတွင်း အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ရပ်ကွက်နေပြည်သူများအား ရောဂါရှာဖွေကုသခြင်းများကို အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ထီးချိုင့်မြို့နယ်အတွင်း မြစ်ကမ်းပါးရေတိုက်စားမှုမှ ကာကွယ်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ်သန်း ၁၅၀ ခွဲဝေချထားပေး

**ထီးချိုင့် အောက်တိုဘာ ၁၀**

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြီးများ ရေရှည်တည်တံ့ရေးနှင့် မြစ်ကမ်းပါးတိုက်စားမှုများမှ ကာကွယ်ရန်အတွက် မြစ်ကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ကသာခရိုင်အပါအဝင် ခရိုင်ခြောက်ခု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၁၆၄၅ ဒသမ ၄၁ သန်းအကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



အဆိုပါ လုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ကသာမြို့၌ ဆိပ်ကမ်းကျောက်စီနံရံ ကျောက်စီတမံ တည်ဆောက်ခြင်းနှင့် လမ်းချဲ့ခြင်းတို့အတွက် ငွေကျပ် သန်း ၇၀ နှင့် ထီးချိုင့်မြို့ ပန်းရွှေဝါပိတောက်လှရပ်ကွက် (ဧရာဝတီမြစ်ကမ်းပြို) သံခြင်းအခြေပြု ကျောက်စီတမံ တည်ဆောက်ခြင်းအတွက် ငွေကျပ်သန်း ၁၅၀ ခွဲ ဝေချထားပေးပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်/မြန်ဆက်)**

# နယ်လှည့်အသိပညာပေးပြခန်းယာဉ် ပျော်ဘွယ်မြို့၌ လှည့်လည်ပြသ

**ပျော်ဘွယ် အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး မျိုးလွင် ဦးဆောင်သည့် အသိပညာပေးပြခန်းပါဝင်သော နယ်လှည့်မော်တော်ယာဉ်သည် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက ပျော်ဘွယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများအား ပြခန်းများ ဖွင့်လှစ်ပြသခြင်း၊ မှုခင်းဆိုင်ရာများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများကို ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

အသိပညာပေးပြခန်းပါဝင်သော နယ်လှည့်မော်တော်ယာဉ်တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး ရုပ်စုံကာတွန်းများ၊ လူကုန်ကူးမှုအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် တားဆီးကာကွယ်ရေးဆောင်ရွက်မှု မှတ်တမ်းများ၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် အခြားအသိပညာပေး နံရံကပ်စာစောင်များကို ပြသထားရာ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများက ပြခန်းယာဉ်ပေါ်သို့ တက်ရောက်လေ့လာခဲ့ကြသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# စပါးခင်းနှင့် ပြောင်းခင်းများအား တောဆင်ရိုင်းများ ဝင်ရောက်ဖျက်ဆီး

**တပ်ကုန်း အောက်တိုဘာ ၁၀**

ပဲခူးရိုးမဘက်၌ ကျက်စားနေထိုင်လျက်ရှိသည့် တောဆင်ရိုင်းများသည် နေပြည်တော် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာအုပ်စု သဲချောင်းကျေးရွာ၏အနောက်မြောက်ဘက် သုံးဖာလုံခန့်အကွာရှိ စပါးခင်းနှင့်ပြောင်းခင်းများကို ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

"ဒီတောဆင်ရိုင်းတွေက အရင်နှစ်တွေကလည်း သဲချောင်းကျေးရွာမြောက်ဘက်မှာရှိတဲ့ လျှိုထဲကိုလာပါတယ်။ အောက်တိုဘာ ၈ ရက် ညက ဦးအောင်ထွန်းလေး၊ ဦးဖိုးပွေးနဲ့ဦးစိုးသိန်းတို့ စိုက်ပျိုးထားတဲ့ စပါးခင်းတစ်ကေခန့်နဲ့ အောက်တိုဘာ ၉ ရက်ညက ဦးသန်းစိုးထွန်း စိုက်ပျိုးထားတဲ့ စပါးစိုက်ခင်း၊ ဦးဘိုလေးစိုက်ပျိုးထားတဲ့ ပြောင်းခင်းတစ်ကေခန့်နဲ့ တောင်သူခွင်သုံးလှည်းတစ်စီး၊ ဦးဘိုရှိန်ရဲ့ ယာတဲတစ်လုံးနှင့် ထွန်၊ ထယ်များကို ဖျက်ဆီးသွားခဲ့ပါတယ်။ ဆင်တွေကို မျက်မြင်ရေတွက်လို့ မရခဲ့ပါဘူး။ ပျက်စီးမှုအနေအထားအရနဲ့ ဆင်ခြေရာတွေအရကတော့ ၁၅ ကောင်ခန့်ရှိမယ်လို့ခန့်မှန်းရပါတယ်"ဟု သံပုရာကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြောပြသည်။

အဆိုပါ တောဆင်ရိုင်းများသည် အောက်တိုဘာ ၁၀ ရက် နံနက်က ရွှေမောင်းဂွက်ကျေးရွာအုပ်စု ရွှေမြင့်မိုး ကျေးရွာ တောင်ပတ်လည်ဘုရားအနီး အရှေ့ဘက်ရှိလျှိုထဲ၌ ပြောင်းရွှေ့ကျက်စားခိုအောင်းနေကြောင်း သိရသည်။

**တင်စိုးလွင်**

စာမျက်နှာ ၆ မှ

သော် လည်းကောင်း အမှုကို ဆက်လက်စစ်ဆေးပါက အကျိုးထူးဖွယ်ရာ အကြောင်းမရှိခြင်းနှင့် အမှန်တရားကို ထုတ်ဖော်ပြောဆိုမည် မဟုတ်ကြောင်း ပေါ်ပေါက်ခြင်း၊

(စ) အထက်ပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့်အတွက် အမှုရုပ်သိမ်းခြင်းအားဖြင့် အလားတူအမှုမျိုး ထပ်မံဖြစ်ပွားစေရန် အကြောင်းမရှိခြင်း။

ဥပဒေအရာရှိသည် အမှုကိုရုပ်သိမ်းခြင်းပြုရန် သင့် မသင့် စဉ်းစားဆုံးဖြတ်ခြင်းမပြုမီ ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တရားစွဲအဖွဲ့အစည်း၏ သဘောထားတောင်းခံရမည်ဖြစ်ပြီး အချို့အရေးကြီးသော ပြစ်မှုများတွင် ဒေသဆိုင်ရာအုပ်ချုပ်ရေး အာဏာပိုင်၏ သဘောထားကိုလည်း ရယူဆောင်ရွက်လေ့ရှိပါသည်။ ယင်းသို့ ဆောင်ရွက်ပြီးနောက် နစ်နာသူ၏လျှောက်ထားချက်၊ သက်ဆိုင်ရာတာဝန်ရှိသူများ၏ သဘောထားမှတ်ချက်နှင့် အမှု၏ အခြေအနေတို့ ထည့်သွင်းစဉ်းစားကာ ရုပ်သိမ်းခြင်းပြုရန် သင့် မသင့် ဆုံးဖြတ်ရပါသည်။ ရုပ်သိမ်းခြင်းပြုရန်ဆုံးဖြတ်ပါက သက်ဆိုင်ရာ တရားရုံးသို့ လျှောက်ထားတင်ပြရပါသည်။ တရားရုံးကလည်း အမှုရုပ်သိမ်းခြင်းကို သဘောတူ မတူ ဆုံးဖြတ်ပေးရပါသည်။ အမှုရုပ်သိမ်းခြင်းကို သဘောတူပါက စွဲချက်မတင်မီအဆင့်ဖြစ်လျှင် စွပ်စွဲခံသူကို စွဲချက်မတင်မီ အမှုမှလွှတ် (တရားရှင်လွှတ်) ရပြီး စွဲချက်တင်ပြီးသည့် အဆင့်ဖြစ်လျှင်သော်လည်းကောင်း၊ စွဲချက်တင်ရန်မလိုသောပြစ်မှုကို ရုပ်သိမ်းခြင်းဖြစ်လျှင်သော်လည်းကောင်း တရားခံကို အမှုမှ အပြီးအပြတ် လွှတ် (တရားသေလွှတ်) ရပါသည်။

အမှုကို ကျေအေးရန်ဖြစ်စေ၊ ရုပ်သိမ်းရန်ဖြစ်စေ မဆောင်ရွက်မီ အမှုသည်အချင်းချင်း ကျေအေးကြစေရန် ကြားဝင်စေ့စပ်ဖျန်ဖြေပေးသူများသည်လည်း အမှုသည်များအကြား ဖြစ်ပွားနေသောကိစ္စမှာ ကျေအေးခွင့် ရှိ မရှိ၊ ရုပ်သိမ်းခွင့်ရှိ မရှိ သတိပြုရန်လိုအပ်ပါသည်။ ဥပဒေအရ ကျေအေးခွင့်မရှိသော ပြစ်မှုတွင် အမှုသည်များက မည်သို့ပင်ကျေအေးကြစေကာမူ ဥပဒေအရ ကျေအေးခွင့်မရနိုင်သည်ကို သတိမူသင့်ပါသည်။ အမှုသည်များ ကျေအေးကြစေရန် ကြားဝင်ညှိနှိုင်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအနေဖြင့် "တရားဥပဒေစိုးမိုးရေး" ဟူသောအချက်ကို သတိပြုရန် လိုအပ်မည်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးသည် ပြည်သူတစ်ဦးချင်းစီက အသိတရားရှိစွာ ပါဝင်ဆောင်ရွက်ရမည့် လူတိုင်းနှင့်သက်ဆိုင်သော တာဝန်တစ်ရပ် ဖြစ်ပါသည်။ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးရမည့် တာဝန်ရှိသော ဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း သတိကြီးစွာထား၍ ဥပဒေခွင့်ပြုချက် ဘောင်အတွင်းမှ မိမိ၏ တာဝန်များကို ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းနှင့် တာဝန်ထမ်းဆောင်ရာတွင် ချွတ်ချော်မှု မရှိစေရေးအတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန် ဂရုပြုသင့်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွက် ရန်ပုံငွေပဒေသာကပွဲ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၀**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ အလှူငွေပေးအပ်လှူဒါန်းရန်အတွက် မန္တလေး အနုပညာ ရပ်ဝန်းက ရန်ပုံငွေပဒေသာကပွဲကို အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီမှ ၉ နာရီ အထိ မန္တလေး ချမ်းအေးသာစံမြို့နယ် ကျုံးတောင်ဘက် ၂၆ လမ်း × ၇၁ လမ်းထောင့်ရှိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရန်ပုံငွေပဒေသာကပွဲတွင် မန္တလေးမြို့တော်မှ ကာယအလှမယ်များ၊ ကာယဗလမောင်များ၊ တေးသံရှင်များ၊ အကပညာရှင်များ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ အနုပညာရှင်များ၊ မော်ဒယ်များ ပါဝင်ကူညီ ကပြဖျော်ဖြေမည်ဖြစ်ပြီး ရုံဝင်ကြေးလက်မှတ်များ တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ နှင့် ငွေကျပ် ၅၀၀၀ တို့ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နမ့်ခမ်းမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသ

**နမ့်ခမ်း အောက်တိုဘာ ၁၀**

သီတဂူဗုဒ္ဓတက္ကသိုလ်၊ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရထံမှ ဩဝါဒခံယူ၍ နမ့်ခမ်းမြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်၊ ဇေယျသုခကျောင်းတိုက်၊ သီတဂူစက္ခုဒါနဆေးရုံ၏ ဦးစီးပဓာနဆရာတော် ဒေါက်တာ အရှင်ဝိနယာစာရ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်ဦးရွက်ပြုလျက် သီတဂူမှ ပါမောက္ခ ဒေါက်တာမြအောင်နှင့် မျက်စိအထူးကုဆရာဝန် သုံးဦးပါဝင်သော အဖွဲ့သည် နမ့်ခမ်းမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ မျက်စိဝေဒနာရှင် ၉၅၅ ဦးကို အခမဲ့စမ်းသပ်ပေးခဲ့ပြီး ၁၇၀ ကို အခမဲ့ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

နမ့်ခမ်း သီတဂူစက္ခုဒါနဆေးရုံတော်၌ (၄)ကြိမ်မြောက် စမ်းသပ်ကုသပေးခြင်းဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင် ပန်ဆိုင်း(ကြူကုတ်) မြို့နယ်များရှိ မြို့ပေါ်၊ တောင်ပေါ်ကျေးရွာရှိ တိုင်းရင်းသားပြည်သူများနှင့် ကချင်ပြည်နယ် မန်စီမြို့နယ်အတွင်းရှိ ကျေးရွာများမှ မျက်စိဝေဒနာရှင်များ လာရောက်ကုသကြပြီး စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုကြောင့် စားသောက်ရေးအတွက် အခမဲ့ ညှော်ခံကျွေးမွေးနိုင်သည့်အပြင် ညအိပ်ရန်လိုအပ်သူများအား နေရာထိုင်ခင်း အိပ်ရာများ အခမဲ့စီစဉ်ပေးခဲ့သည်။

"ကျွန်မတို့လာတာ အဝတ်အစားပဲပါလာတယ်။ ဒီမှာရောက်တော့ စားသောက်ဖို့၊ နေထိုင်ဖို့၊ အိပ်ရာတွေရောလိုလေသေးမရှိအောင် အကုန်စီစဉ်ပေးတယ်။ ကုသိုလ်ရကြပါစေ။ ကျေးဇူးလည်းတင်ပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ"ဟု ကချင်ပြည်နယ် မန်စီမြို့နယ် ဆွန်ခါးရွာမှ မျက်စိလာရောက်ကုသသူ တစ်ဦးက ဝမ်းမြောက်ဝမ်းသာမုဒိတာစကား ပြောခဲ့သည်။ လာရောက်ကုသမှုခံယူကြသော မျက်စိဝေဒနာရှင်များအား ဆရာတော် ဒေါက်တာအရှင်ဝိနယာစာရနှင့် နယ်မြေခံတပ်မှ တပ်မမှူး ဗိုလ်မှူးချုပ် အောင်အောင်တို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**ဉာဏ်မင်း(နမ့်ခမ်း)**






# ကျောက်မီးသွေးလောင်စာ အသုံးပြုသွားမည့်စီမံကိန်း ဒေသခံများကန့်ကွက်

**ဘားအံ အောက်တိုဘာ ၁၀**

လှာကာကျေးရွာအုပ်စု ဇရပ်ဖြူဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ အောက်တိုဘာ ၈ ရက် မွန်းတည့် ၁၂ နာရီက မြိုင်ကလေး အမှတ်(၂)တန် ၄၀၀၀ ဘိလပ်မြေစက်ရုံ၏ ကျောက်မီးသွေးလောင်စာ အစားထိုးအသုံးပြုမည့် စီမံကိန်းလျာထားချက်နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပရာ တက်ရောက်လာသည့် ဒေသခံများက အဆိုပါ ဘိလပ်မြေစက်ရုံ၌ ကျောက်မီးသွေးလောင်စာ အစားထိုးပြောင်းလဲအသုံးပြုမည့် စီမံချက်သည် ဒေသနေပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ ရေ၊ မြေ၊ လေစသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ရှိလာနိုင်ကြောင်း သုံးသပ်ဆွေးနွေးခဲ့ကြပြီး တန် ၄၀၀၀ ဘိလပ်မြေစက်ရုံ၏ သဘာဝဓာတ်ငွေ့ လောင်စာအစားထိုး ကျောက်မီးသွေးလောင်စာ အသုံးပြုသွားမည့် စီမံချက်အပေါ် လုံးဝကန့်ကွက်ကြောင်း တညီတညွတ်တည်း ဆန္ဒခံယူခဲ့ကြသည်။

တန် ၄၀၀၀ ဘိလပ်မြေစက်ရုံ၏ ကျောက်မီးသွေးလောင်စာ အသုံးပြုသွားမည့် စီမံကိန်းလျာထားချက် ကိစ္စရပ်များနှင့် ပတ်သက်၍ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး တာဝန်ယူမှု၊ တာဝန်ခံမှုများ၊ ကျောက်မီးသွေးလောင်စာ အသုံးပြုခြင်းကြောင့် ကောင်းကျိုးနှင့် သက်ရောက်လာနိုင်သည့် ဆိုးကျိုးများအပေါ် မည်သည့်နည်းပညာများဖြင့် စနစ်တကျစီမံ ဆောင်ရွက်ထားရှိခြင်းများနှင့် ပတ်သက်၍ စက်ရုံ၏တာဝန်ရှိသူများက တက်ရောက်ရှင်းလင်းခဲ့ခြင်းမရှိကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများထံမှ သိရသည်။

မြိုင်ကလေး အမှတ်(၂) တန် ၄၀၀၀ ဘိလပ်မြေစက်ရုံ၏ ကျောက်မီးသွေးလောင်စာ အစားထိုးအသုံးပြုရန် စီစဉ်ဆောင်ရွက်နေခြင်းအပေါ် ဒေသခံကျေးရွာ ၂၇ ရွာမှ ဘုန်းတော်ကြီးများနှင့် ကျေးရွာသူ ကျေးရွာသား စုစုပေါင်း ၂၉၅၅ ဦး စုပေါင်းလက်မှတ်ရေးထိုး၍ ကန့်ကွက်စာတင်ထားခြင်းကြောင့် အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီခန့်က ပြည်နယ်အစိုးရအဖွဲ့၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွင်တို့ပါဝင်သည့် အဖွဲ့သည် စက်ရုံဝင်းအတွင်း ကျောက်မီးသွေးလောင်စာသုံးစွဲမည့် အစီအစဉ်များနှင့် ပတ်သက်၍ စက်ရုံတာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးကြပြီး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

# ပျဉ်းမနား၌ မူခင်းကာကွယ်ရေးအဖြစ် ရှောင်တခင်စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော် ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲအုပ်တင်ဌေး ဦးဆောင်သောအဖွဲ့သည် ပျဉ်းမနားမြို့ရွာကောက်အုပ်စုအတွင်းရှိ ယုဇနဈေးကြီးရှေ့၌ အောက်တိုဘာ ၈ ရက် ည ၁၀ နာရီတွင် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို ရပ်တန့်စေပြီး တုတ်၊ ဓားလက်နက်များ ယူဆောင်လာမှု ရှိ/မရှိ ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာ မကြာမီကျင်းပတော့မည့် သီတင်းကျွတ်ပွဲတော် အကြိုကာလများနှင့် ပွဲတော်ရက်များအတွင်း မူခင်းဖြစ်ပွားမှုမရှိစေရန် မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များတွင် တုတ်၊ ဓား လက်နက်ယူဆောင်လာသူများကို ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**



ရွှေတောင်မြို့နယ် မမဲအုပ်စု မမဲကျေးရွာ တောင်သူ ဦးစိန်လှ၏ ကွင်းအမှတ် (၅၅၄-က) တွင် စိုက်ပျိုးထားသော ချည်ပေါင်လျှော်စိုက်ခင်းကို စက်ဖြင့် ရိတ်သိမ်းခြင်း၊ စက်ဖြင့်ခွာခြင်း၊ ရေစိမ်ခြင်းသရုပ်ပြပွဲအဖြစ် အောက်တိုဘာ ၈ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သာယာဝတီခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနီလင်းနှင့် အဖွဲ့တို့က တောင်သူများအား လက်တွေ့ဆောင်ရွက်ပြသစဉ်

(မြို့နယ် ပြန်/ဆက်)

# မြန်မာဆယ်မာအူးလ်အွန်ဒုန်ကျေးရွာသစ်စီမံကိန်း မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် မြန်မာဆယ်မာအူးလ်အွန်ဒုန် (SMU) ကျေးရွာသစ်စီမံကိန်း မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ကွက်နှင့် မျိုးစေ့ထုတ်စိုက်ခင်းများကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းဝင်း ကွင်းဆင်း၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းအောင်ဇမ္ဗူရှိ SMU အသင်းဝင်များနှင့် RS-CS မျိုးစေ့ထုတ်တောင်သူများနှင့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ကိုရီးယားစိုက်ပျိုးရေး အေဂျင်စီ (KOICA)မှ တာဝန်ရှိသူများ စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်မှ မျိုးစေ့တာဝန်ခံ၊ ပိုးမွှားတာဝန်ခံ၊ မြေအသုံးချတာဝန်ခံတို့ တက်ရောက်ခဲ့ပြီး မြန်မာဆယ်မာအူးလ်အွန်ဒုန်(SMU) ကျေးရွာသစ်စီမံကိန်း၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၊ မျိုးစေ့ထုတ်စိုက်ခင်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်အောင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ကိုကိုရှပ(နေပြည်တော်)**

# မိုးများလွန်းသဖြင့် မြေပဲစိုက်ခင်းများ အထွက်နှုန်းကျဆင်းမည်ကို တောင်သူများစိုးရိမ်

**မလှိုင် အောက်တိုဘာ ၁၀**

မလှိုင်မြို့နယ်၌ စက်တင်ဘာလနောက်ဆုံးပတ်မှ အောက်တိုဘာ လဆန်းပိုင်းအထိ နေ့တိုင်းနီးပါး မိုးမပြတ်ရွာသွန်းခဲ့သဖြင့် မိုးဦးသီးနှံအပြီး စိုက်ပျိုးထားသော မြေပဲခင်းများ အပင်ဖြစ်ထွန်းမှုအားကောင်းပြီး ဥဘက် အားလျော့နည်းကာ မြေပဲအထွက်နှုန်း ထိခိုက်မည်ကို ဒေသခံတောင်သူများ စိုးရိမ်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်က စက်တင်ဘာလလယ်ပိုင်းလောက်ကနေ အခု ဒီရက်ပိုင်းအထိ မိုးကညတိုင်းနီးပါး ရွာနေတာ၊ မိုးများပြီး မြို့နယ်ထဲက ဆည်ကန်တချို့ ထူးပေါက်၊ တာပေါင်ကျိုးတာတွေလည်း ဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် နှမ်းသီးနှံအပြီး စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ ပန်းပွင့်ချိန်နဲ့ တိုက်ဆိုင်နေလို့ အပွင့်ကြွေတာ၊ မိုးကောင်းတော့ အပင်သန်ကာ ဥဘက်အားနည်းသွားပြီး အထွက်နှုန်း ထိခိုက်မှာကို စိုးရိမ်မိပါတယ်။ ပေါင်းမြက်ရှင်းလင်းချင်ပေမယ့် စိုနေလို့ ယာခင်းထဲ ဆင်းမရပါဘူး။ တချို့ မြေပဲခင်းတွေမှာ မိုးများလို့ စိမ့်ကိုင်ပြီး အပင်တွေဝါကျင်ကျင်ဖြစ်နေပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် မိုးဦးက စိုက်ပျိုးခဲ့သည့် နှမ်းသီးနှံများသည် ဈေးကောင်းမရရှိခြင်း၊ မိုးလယ်သီးနှံတစ်ခုဖြစ်သော ပဲနောက်နှင့် ပဲတီစိမ်းသည်လည်း မိုးများသဖြင့် အထွက်နှုန်းမကောင်းသည့်အပြင် ဈေးကောင်းမရ၍ တောင်သူများအနေဖြင့် တွက်ခြေမကိုက် အရှုံးပေါ်ခဲ့ကြသည်။ ထို့ကြောင့် မိုးနှောင်းသီးနှံတစ်ခုဖြစ်သည့် မြေပဲကို မျှော်လင့်ချက်အပြည့်နှင့် စိုက်ပျိုးခဲ့ကြရာ မိုးများသည့် ရာသီဥတုဒဏ်ကြောင့် အထွက်နှုန်းကျဆင်းမည်ကို ဒေသခံတောင်သူများ စိုးရိမ်လျက်ရှိကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**




လျှပ်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရန်အတွက် အောက်တိုဘာ ၁၀ ရက်က အလှူရှင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဒေါက်တာ ဒေါ်မီမီလှိုင်၊ ဒေါက်တာ ဒေါ်နီနီလှိုင်တို့က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာအောင်ထံသို့ ပေးအပ်စဉ်

တင်စိုး(မြန်မာ့အလင်း)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၁၀**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သံတွဲမြို့၌ ၅ ဒသမ ၁၉ လက်မ၊ ကျောက်ဖြူမြို့၌ ၄ ဒသမ ၂၁ လက်မ၊ ပိုင်ကျုံမြို့၌ ၄ ဒသမ ၁၃ လက်မ၊ ကော့သောင်းမြို့၌ ၄ ဒသမ ၀၅ လက်မ၊ စစ်တွေမြို့၌ ၃ ဒသမ ၈၆ လက်မ၊ ခရမ်းမြို့၌ ၃ ဒသမ ၄၆ လက်မ၊ မှော်ဘီမြို့၌ ၂ ဒသမ ၄၈ လက်မနှင့် တောင်ကုတ်မြို့၌ ၂ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသောဥပဒေများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှ ပြဋ္ဌာန်းသောဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြချက်

**ကျော်ဆန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၇ အရ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသောဥပဒေများ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၅ (က) ပုဒ်မခွဲငယ်(၁)နှင့် (၂)၊ ပုဒ်မခွဲ(ခ)တို့အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ဥပဒေများ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ရရှိပြီး သကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများအားလုံးကို အခြေခံဥပဒေ ပုဒ်မ ၁၀၇ အရလည်းကောင်း၊ အခြေခံဥပဒေပုဒ်မ ၁၉၅(ဂ) အရလည်း ကောင်း နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရပါမည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်ထောင်စုအဆင့်ပြဋ္ဌာန်းသော ဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဥပဒေအာဏာပိုင်များက ပြဋ္ဌာန်းခဲ့သော ဥပဒေများကို နိုင်ငံတော် ပြန်တမ်းတွင် အဘယ့်ကြောင့် ထုတ်ပြန်ကြေညာရန် အခြေခံဥပဒေလိုအပ်ချက်(Constitutional requirement)အဖြစ် မလွဲမသွေဖော်ပြရန် လိုအပ်ပါသလဲဆိုသည်ကို အခြေခံအားဖြင့် ပြည်သူများ သိရှိသူရှားပါးသကဲ့သို့ အချို့သော ဥပဒေပညာရှိများပင် အမှုမဲ့အမှတ်မဲ့ မသဲကွဲကြဟု သုံးသပ်ရရှိပါသည်။

ဥပဒေ၏အနှစ်သာရတွေ (Spirit of Law)၊ ဥပဒေရဲ့ နိယာမ သို့မဟုတ် ဥပဒေရဲ့မူတွေ(Legal Principles)နှင့် Legal Maxims ခေါ် ဥပဒေဆိုရိုးအဆိုအမိန့်တွေဟာ ယနေ့ နိုင်ငံတကာတွင် ဥပဒေပညာရှင်များ၊ တရားရုံးများ၊ ခုံရုံးများတွင် ကျင့်သုံးဆဲဖြစ်ပါသည်။ အများအားဖြင့် လက်တင်ဘာသာစကားဖြင့် ဖော်ပြလေ့ရှိပြီး အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားသည်များကို Legal Dictionary များဖြစ်သည့် Black's Law Dictionary နှင့် Oxford Law Dictionary များတွင် တွေ့ရပါသည်။

ယင်း Legal Maxims များအနက် အင်္ဂလိပ်ဘာသာစကားဖြင့် Ignorance of the law does not excuse ကို သိသူများပါသည်။ ယင်းကို Legal Maxims အနေဖြင့် "Ignorantia juris non excusat"ဟု ဖော်ပြထားသည်ကို Black's Law Dictionary တွင် စာမျက်နှာ ၁၆၄၁ ၌ တွေ့ရပါသည်။ ယင်းကို ဥရောပသမဂ္ဂနိုင်ငံများ၏ ဥပဒေတွင် ရောမဥပဒေရိုးရာ၌ အသုံးချခဲ့ပြီး Aristotle ၏ ဖွင့်ဆိုချက်ကို လက်တင်ဘာသာဖြင့်ပြန်ဆိုထားရာ nemo censetur ignorare legem ဟု ဖော်ပြထားပြီး အင်္ဂလိပ်ဘာသာ ပြန်ဆိုချက်တွင် nobody is thought to be ignorant of the law သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် "not knowing the law is harmful" ဟု အဓိပ္ပာယ်ရကြောင်း၊ Wikipedia, the free encyclopedia တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဥပဒေဟူသည် နိုင်ငံတော်နှင့် အချုပ်အခြာအာဏာ၏ ဥပဒေပြုအာဏာပိုင်က သတ်မှတ်ထားသော နည်းလမ်းစည်းကမ်းနှင့်အညီ အတည်ပြုထုတ်ပြန်ပြဋ္ဌာန်းခြင်း(Promulgation)ပြုလုပ်ထားသော ဥပဒေ(Law or Act)များ ဖြစ်ကြပါသည်။ ဤတွင် ဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းခြင်း(Promulgation)နှင့် စပ်လျဉ်း၍ ဆင်ခြင်တုံတရားကို အခြေခံသော ယူဆချက ဝါဒ (doctrine)သည် အကယ်၍ ဥပဒေကိုမသိခြင်းအတွက် ခွင့်လွှတ်ရမည်ဆိုပါက ပြစ်မှုတစ်ရပ်ရပ်ဖြင့် စွဲချက်တင်ခံရမည့်သူတစ်ဦး သို့မဟုတ် တရားမကြောင်းမှုခင်းအရ အရေးယူခံထိုက်သူတစ်ဦးသည် ဥပဒေကိုမသိရှိခြင်းကြောင့်ဟူသော ဥပဒေပြဿနာရပ်တွင် ယင်းဥပဒေအရ တာဝန်ရှိမှု (liabi-lity)ကို ရှောင်တိမ်းခြင်း (avoid) ပြုလုပ်ရန် ထိုသူသည် အမှန်တကယ် ထိုဥပဒေကို သိရှိပါလျက်နှင့် ထိုသို့ ဥပဒေကို မသိရှိကြောင်း ပြဿနာတစ်ရပ်ကို ပြုလုပ်လာနိုင်ပါသည်။

ထို့ကြောင့် ဥပဒေတစ်ရပ်တွင် မှန်မှန်ကန်ကန် သင့်တင့်လျောက်ပတ်စွာ ထုတ်ပြန်ကြေညာခြင်း (promulgated) ပြုလုပ်ခြင်း၊ ထုတ်ဝေခြင်း(published)နှင့် ဖြန့်ချိခြင်း (distributed)ကို အစိုးရကသာထုတ်ပြန်မည့် နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ခြင်းသည် အမှန်အဖြစ် ယူဆလက်ခံသော ယူဆချက်ဝါဒ(doctrine) ဖြစ်ပေါ်လာပါသည်။

သို့ဖြစ်၍ ရှေးဟောင်း Gratian စကားစုတွင် "Leges instituuntur cum promulgantur" ဟု ဖော်ပြခဲ့ကြပြီး အင်္ဂလိပ်ဘာသာဖြင့် "Laws are instituted when they are promulgated"ဟု ဖော်ပြထားပါသည်။ ဥပဒေတစ်ရပ်သည် စည်းနှောင်အားရှိရန်အလို့ငှာ ထိုဥပဒေသည် မှန်မှန်ကန်ကန် သင့်တင့်လျောက်ပတ်စွာဖြင့် ထုတ်ပြန်ရန်လိုပါသည်။ သို့မှသာ ထိုဥပဒေသည် လူများအပေါ်တွင် အသုံးချနိုင်သည့် ဥပဒေအာနိသင် သက်ရောက်မည်ဖြစ်ပါသည်။ ထိုသို့သော အသုံးချနိုင်မှုသည် ထုတ်ပြန်ကြေညာမှု(promulgation)က ထိုသူများအပေါ် ကြိုတင်အသိပေးမှု(notice) ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အနက်သဘောကိုဆောင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဥပဒေတစ်ရပ်ကို မည်သို့ရေးဆွဲ၍ အချုပ်အခြာအာဏာကို ကျင့်သုံးသော ဥပဒေပြုအာဏာပိုင်က အတည်ပြုပြီးသည့်နောက် မည်သို့ထုတ်ပြန်ပြဋ္ဌာန်းရသည့် လုပ်ထုံးလုပ်နည်း (Promulgation procedure)က နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စည်းမျဉ်းဥပဒေ(Regulations)များတွင်လည်းကောင်း၊ ပြဋ္ဌာန်းဥပဒေ(Statutes)များတွင်လည်းကောင်း ပြဋ္ဌာန်းဖော်ပြလေ့ရှိပါသည်။

မှန်မှန်ကန်ကန် သင့်တင့်လျောက်ပတ်စွာ ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ကို သိရှိပြီးကြောင်းမှတ်ယူသည့် ဥပဒေမူ (Legal Principle)ကို Salmond on Jurisprudence တွင် လေ့လာတွေ့ရှိရပါသည်။ Salmond on jurispru-dence, Twelfth Edition, စာမျက်နှာ ၁၀၂ တွင် " It is a principle recognised not only by our own but by other legal systems that ignorance of the law is no excuse for breaking it. Ignorantia juris neminem excusat. The rule is also expressed in the form of a legal presumption that everyone knows the law" သို့ဖြစ်၍ ဥပဒေကို ထုတ်ပြန်ကြေညာပြီးလျှင် ဥပဒေအရ မှတ်ယူနိုင်သည်မှာ မည်သူမဆို ဤဥပဒေကို သိရှိပြီးဖြစ်သည်ဟု ဥပဒေပညာရှင် Salmon က ၎င်း၏ Jurisprudence တွင် ဖွင့်ဆိုရှင်းပြထားပါသည်။

သို့ရာတွင် Salmon က ထိုဥပဒေကို အများပြည်သူသိရှိရန် နိုင်ငံတော်က ထုတ်ပြန်ကြေညာရခြင်း၏ရည်ရွယ်ချက်သည် လူအများ၏စိတ်အတွင်း၌ ဥပဒေပါ တာဝန်ရှိမှုနှင့် တာဝန်ကျေပွန်မှုအတွက် လုံခြုံမှုရှိပြီးသော နေရာဒေသအတွင်း ဥပဒေတွင်ပါရှိသည့် မည်သည့်အရာကမှားသည်၊ မည်သည့်အရာက မှန်သည်ဟူသော မူများကို သိရှိ အကျိုးသက်ရောက်မှုရှိစေရန် ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့်ဆိုလျှင် ဥပဒေကို ထုတ်ပြန်ကြေညာခြင်း (Promulgation) ၏ ရည်ရွယ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လူအများ ဥပဒေကိုသိရှိပြီးမှ ဥပဒေအဖြစ် အာနိသင်သက်ရောက်သည်ဟူသော ဥပဒေမူဖြစ်ပါသည်။ ထိုသို့ သင့်တင့်လျောက်ပတ်စွာ နည်းလမ်းတကျ (အခြေခံဥပဒေပုဒ်မ ၁၀၇ နှင့် ၁၉၅(ဂ)တို့အရ) နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ပြီးမှသာ ထိုဥပဒေများသည် လူအများအပေါ် အကျိုးသက်ရောက်မှုရှိသောဥပဒေ(Force of Law) ဖြစ်လာပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက ထုတ်ပြန်ပြဋ္ဌာန်းသော ဥပဒေများသည် တစ်ခါတစ်ရံ တားမြစ်ချက် (Prohibition)အပိုဒ်များ ပါတတ်ပါသည်။ ယင်းတားမြစ်ချက်ကို ဖောက်ဖျက်ပါက ပြစ်မှုပြစ်ဒဏ်(Penal-punishment) ပါသကဲ့သို့ စီမံခန့်ခွဲရေးဆိုင်ရာအရေးယူမှု(Administrative sanctions)များလည်း ပါလေ့ရှိပါသည်။ သို့ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ရပ်ရပ်က ပြဋ္ဌာန်းသောဥပဒေကိုအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ပြန်တမ်းများတွင် ထုတ်ပြန်ပြဋ္ဌာန်းရန်သည် အခြေခံဥပဒေ၏လိုအပ်ချက် (Constitutional legal requirement) ဖြစ်ပါသည်။

အကယ်၍ ထိုသို့ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ပြဋ္ဌာန်း ဖော်ပြရခြင်းမရှိသေးသော ဥပဒေတစ်ရပ်ရပ်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကို အကြောင်းပြု၍ တရားစွဲဆိုပါက အဆိုပါအမှုကို စစ်ဆေးစီရင်သော တရားရုံးသည် ထိုသူအပေါ် ထိုဥပဒေဖြင့် အကျိုး သက်ရောက်မှုပြုနိုင်မည်မဟုတ်ဟု ဥပဒေနိယာမတရားများအရ သုံးသပ်ရရှိပါသည်။

မိမိမှတ်သားခဲ့ရသော တစ်ချိန်က ဝါရင့်ဥပဒေပညာရှင်ကြီးများ၏ အတွေ့အကြုံမျှဝေမှုကို ဤနေရာတွင် တင်ပြပါရစေ။ လက်ရှိသစ်တောဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းနိုင်ရန်နှင့် သက်ဆိုင်ရာ သစ်တောဝန်ကြီးဌာနက အသေးစိတ်အကောင်အထည်ဖော်ရန် သစ်တောနည်းဥပဒေတို့ကို ယခင် နိုင်ငံတော်ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်အေး(ထိုစဉ်ကညွှန်ကြားရေးမှူး)(စီမံ)၏ ကြီးကြပ်မှုဖြင့် ညွှန်မှူး ဦးမေဒင်(ထိုစဉ်က ဒုညွှန်မှူး)(ကွယ်လွန်)က ကနဦးရေးသားခဲ့ပါသည်။ ကနဦးရေးသားသူဆရာ ဦးမေဒင်က သစ်တောဦးစီးဌာနနှင့် ဆွေးနွေးညှိနှိုင်းရေးသားကာ နောက်ဆုံးအဆင့်ဆင့် အတည်ပြုခဲ့ကြပါသည်။ အဆိုပါ နည်းဥပဒေကိုရေးဆွဲပြီး ဌာနသို့ ပြန်လည်ပေးပို့ပြီးနောက် အမှန်တကယ် အကောင်အထည်ဖော်ရန် နည်းဥပဒေကို မတွေ့ရ၍ ညွှန်ကြားရေးမှူးချုပ်အချင်းချင်း မေးမြန်းခဲ့ရာ ၎င်းတို့ဝန်ကြီးဌာနမှ ထုတ်ပြန်ပြီးကြောင်း သိရပါသည်။ နိုင်ငံတော်ပြန်တမ်းတွင် ထည့်ခြင်းရှိ မရှိ မေးမြန်းရာ ပြန်ကြားရေးဝန်ကြီးဌာနမှ သစ်တောနည်းဥပဒေသည် စာမျက်နှာများ၍ အခက်အခဲရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှပင် ထုတ်ပြန်ရန် ပြောခဲ့ကြောင်း သိရှိခဲ့ရပါသည်။ နိုင်ငံတော်ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်အေးက နိုင်ငံတော်ရှေ့နေချုပ် ဦးသာ ထွန်းထံတင်ပြ၍ နည်းဥပဒေတစ်ရပ်ကို ဝန်ကြီးဌာနက နိုင်ငံတော် ပြန်တမ်းတွင်ထုတ်ပြန်မှသာ Force of Law ရှိမှာဖြစ်၍ နိုင်ငံတော်ရှေ့နေချုပ် ဦးသာထွန်းမှ ဝန်ကြီးအချင်းချင်း ညှိနှိုင်း ဆောင်ရွက်သင့်ကြောင်း အကြံပြုပေးပါရန် တင်ပြခဲ့ပါသည်။ နိုင်ငံတော်ရှေ့နေချုပ်က ထိုစဉ်က သစ်တောဝန်ကြီးနှင့် ပြန်ကြားရေးဝန်ကြီးတို့ကို အစိုးရအဖွဲ့အစည်းအဝေးအပြီး တွေ့ဆုံညှိနှိုင်းအကြံပြုခဲ့၍ သစ်တောနည်းဥပဒေကို ပြန်တမ်းတွင် ဖော်ပြခဲ့ပါသည်။ ထိုအခါမှ သစ်တောနည်းဥပဒေ Force of Law ဥပဒေအာဏာ သက်ရောက်မှုများ ရှိခဲ့ပါသည်။ ဤ နေရာတွင် ဆရာ ဦးကျော်အေး၏ အတွေ့အကြုံဝေမျှမှုကို ပြန်လည်ဝေမျှခြင်း ဖြစ်ပါသည်။ (ဤအပိုဒ်နှင့်စပ်လျဉ်း၍ ယခင်နိုင်ငံတော်ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ် အငြိမ်းစား ဆရာဦးကျော်အေးထံမှ နှုတ်ဖြင့်ခွင့်ပြုချက်ရယူခဲ့ပြီးမှ ဖော်ပြခြင်းဖြစ်ပါသည်။)

သို့ဖြစ်၍ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ခြင်းမရှိသော ဥပဒေများသည် Public Notice မရှိ၍ enforce လုပ်နိုင်ခြင်းမရှိပါသောကြောင့် သက်ဆိုင်ရာ ဝန်ကြီးချုပ်လက်မှတ်ရေးထိုးပြီးသော သို့မဟုတ် လက်မှတ်ထိုးဘိသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို သတ်မှတ်ထားသော ဆက်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအား တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**(ဆောင်းပါးရှင်သည် ဤဆောင်းပါးကို လက်ရှိတာဝန်ထမ်းဆောင်နေသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး အဖွဲ့ဝင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ကိုအခြေခံ၍ အဖွဲ့အစည်းဝင်အနေဖြင့် ကိုယ်စားပြုရေးသားခြင်း လုံးဝမဟုတ်ပါ။ လက်ရှိ နိုင်ငံတော်က ပေးအပ်ထားသော ခုံရုံးအဖွဲ့ဝင်တာဝန် လုပ်ပိုင်ခွင့်များကို ထိခိုက်မှုအလျဉ်းမရှိစေဘဲ မိမိ၏ ဥပဒေအရ အခွင့်အရေးများကို ခြွင်းချက်မရှိထိန်းသိမ်းလျက်၊ Without Prejudice Reserved all our legal rights, ဖြင့် ရေးသားခြင်းဖြစ်ပါသည်။ မိမိအနေဖြင့် နိုင်ငံတော်တွင် ဥပဒေပညာရပ်ဖြင့် ၃၄ နှစ်တာ တာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံ၊ ဥပဒေဗဟုသုတ လေ့လာဆည်းပူးခဲ့သည့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဥပဒေပညာရှင်တစ်ဦးအနေဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်အရ နိုင်ငံတော်၏အကျိုးကိုရှေးရှုလျက် ဥပဒေရှုထောင့်မှ ရေးသားထားသော ဆောင်းပါးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။)**

**အကယ်၍ ထိုသို့အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ပြဋ္ဌာန်း ဖော်ပြရခြင်းမရှိသေးသော ဥပဒေတစ်ရပ်ရပ်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကိုအကြောင်းပြု၍ တရားစွဲဆိုပါက အဆိုပါအမှုကို စစ်ဆေးစီရင်သောတရားရုံးသည် ထိုသူအပေါ် ထိုဥပဒေဖြင့် အကျိုးသက်ရောက်မှုပြုနိုင်မည်မဟုတ်ဟု ဥပဒေနိယာမတရားများအရ သုံးသပ်ရရှိပါသည်။**

## တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းက ကြီးမှူးကျင်းပမည့် (၁၉) ကြိမ်မြောက် မြို့နယ်အတွင်းရှိ (၇၅)နှစ်အထက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၆ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ကျော်သူလမ်းကြီး ရတန(ရက္ခိတခမ္မာရုံ) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကန်တော့ခံသက်ကြီးပညာရှင် ၂၂ ဦးရှိပြီး တစ်သက်တာစာပေပညာရှင် ဆရာမောင်ပေါ်ထွန်းနှင့် အသက် ၉၃ နှစ် ရှိပြီဖြစ်သော ဆရာတက္ကသိုလ် သက်ပန်တို့ ပါဝင်ကန်တော့ခံကြမည်ဖြစ်သည်။ အလှူငွေနှင့်ပစ္စည်းများထည့်ဝင်လှူဒါန်းလိုပါက ဦးမျိုးခင် ပန်းမျိုးခင်အတွင်းရေးမှူး တောင်ဥက္ကလာပမြို့စာရေးဆရာအသင်း အမှတ် (၁၂၃၅) သစ္စာလမ်း ဖုန်း-၀၉-၄၂၀၃၉၃၃၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိန်ရွှေလှိုင်**

## ရန်ကုန်မြို့လယ် လမ်းဘေးအမှိုက်စွန့်ပစ်နေမှုများ မြင်တွေ့နေရဆဲဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်မြို့လယ် မြို့နယ်များတွင် သက်ဆိုင်ရာမှ အဖုံးပါ ဘီးတပ်ရွေ့လျားအမှိုက်ပုံးများ အများအပြားချထားပေးပြီး တစ်ရက်လျှင် နှစ်ကြိမ်လာရောက်သိမ်းဆည်းသည်ကို မြင်တွေ့ရသည်။ လမ်းသွယ်များအတွင်း အမှိုက်ပုံးကြီးများချထားပေးခဲ့သည်။ အဖုံးဖွင့်၍ အမှိုက်ထည့်သူနည်းပါးပြီး အဖုံးပေါ်နှင့်အမှိုက်ပုံးဘေး စွန့်ပစ်သူများသဖြင့် အမှိုက်ပုံးကြီးများ အဖုံးဖွင့်ပေးထားရသည်။ သို့ဖြစ်ရာ ယင်းအမှိုက်ပုံးရှိစွန့်ပစ်အမှိုက်များ၏အနံ့ဆိုးများကို အနီးရှိ နေထိုင်သူများ နေ့စဉ်ခံစားလာရသည်။ သက်ဆိုင်ရာသို့ တင်ပြလာမှုများကြောင့် မြို့လယ်ရှိမြို့နယ်များ၏ လမ်းသွယ်များရှိ အမှိုက်ပုံးအများစုကို ကားလမ်းမဘေး၌ ပြောင်းရွှေ့နေရာချထားပေးသည်ကို မြင်တွေ့လာရသည်။



လမ်းသွယ်အများစုအတွင်း အမှိုက်ပုံးကြီးများမထားရှိဘဲ ယင်းလမ်းသွယ်များထိပ် အနီးဝန်းကျင်ကားလမ်းမဘေးများတွင် ပြောင်းရွှေ့ထားရှိခဲ့သော်လည်း လမ်းသွယ်အချို့၏ ခေတ်တိုင်အခြေနေရာများတွင် လွယ်လင့်တကူစွန့်ပစ်စုပုံလာကြသည်ကို မြင်တွေ့ရသည်။

ပညာပေးလမ်းညွှန်မှုဖြင့်လုံလောက်မှုမရှိဘဲ အရေးယူဆောင်ရွက်မှုမျိုးရှိမှသာ သက်ဆိုင်ရာမှထားရှိပေးနေသော အမှိုက်ပုံးများအတွင်း အမှိုက်များသွားရောက်စွန့်ပစ်မှုရှိလာမည်ဟု လသာမြို့နယ် (၁)ရပ်ကွက် ၁၇ လမ်းအောက်လမ်းနေ မရီရီက ပြောသည်။

အမှိုက်စွန့်ပစ်မှုတွင် နောက်ဖေးလမ်းကြားကဲ့သို့ လမ်းမလူမြင်ကွင်းများတွင်လည်း စည်းကမ်းမဲ့ အမှိုက်စုပုံစွန့်ပစ်ခြင်းများကိုလည်း ပညာပေးခြင်းအပြင် အရေးယူမှုပါ လုပ်ဆောင်ပေးရန်လိုအပ်နေသည်ကို လမ်းသွယ်အချို့ရှိ ခေတ်တိုင်အခြေများ၊ လမ်းဘေးရပ်ယာဉ်များဘေးတွင် စုပုံစွန့်ပစ်ထားရှိခြင်း၊ အမှိုက်ပုံးကြီးများပြင်ပ ခြေရင်းဝန်းကျင် စုပုံစွန့်ပစ်ထားရှိခြင်း စသည့်မြင်ကွင်းများက ညွှန်ပြနေသည်။ **ခင်ဆိုင်**

# ဒေါ်နယ်ထရန့်က ၎င်းသာအိမ်ဖြူတော်တွင် အနိုင်ရရှိပါက ကလင်တန်အား ထောင်ထဲပို့မည်ဟုပြောကြား



**ဝါရှင်တန် အောက်တိုဘာ ၁၀**

ရီပတ်ဘလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရန့်က ၎င်းသာ အိမ်ဖြူတော်တွင် အနိုင်ရရှိပါက ကလင်တန်အား နိုင်ငံခြားရေး ဝန်ကြီးဘဝက ကိုယ်ပိုင်အီးမေးလ်ဆာဗာ အသုံးပြုခဲ့မှုနှင့် ပတ်သက်ပြီး ထောင်ထဲပို့မည်ဟု ပြောကြားခဲ့ကြောင်း ရိုက်တာ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အငြင်းပွားဖွယ် မြို့တော်ခန်းမ၌ စကားအချေအတင် ပြောဆိုပွဲတွင် ရီပတ်ဘလစ်ကန်သမ္မတလောင်း ထရန့်က ၎င်းအနေဖြင့် ၎င်း၏ပြိုင်ဘက်ဖြစ်သော ဟီလာရီကလင်တန်၏ အီးမေးလ်အသုံးပြုမှုကို စောင့်ကြည့်ရန် အထူးရှေ့နေ တစ်ယောက် ခန့်အပ်ထားမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့် ဆိုသော် ၂၀၀၉-၂၀၁၃ ခုနှစ်အထိ အမေရိကန်သမ္မတ၏ သံတမန်အဖြစ်နိုင်ငံခြား ရေးဝန်ကြီးရာထူးကို ထမ်းဆောင်နေ စဉ်အတွင်း ဟီလာရီအနေဖြင့် နိုင်ငံတော်လုံခြုံရေးကို အန္တရာယ် ဖြစ်စေခဲ့သောကြောင့်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ သည်။

မိနစ် ၉၀ ကြာ စကားစစ်ထိုးပွဲတွင် ရှေးရိုးစဉ်လာ လက်ဆွဲ နှုတ်ဆက်မှုမလုပ်ကြဘဲ အမုန်းအရာအေးစက်စက်ဖြင့် စတင်ခဲ့ ကြသည်။ စကားစစ်ထိုးပွဲတွင် ၂၀၀၅ခုနှစ် ထရန့်၏ မဖွယ်မရာ မှတ်ချက်ပြု ဗီဒီယို ထွက်ပေါ်ခဲ့ခြင်းနှင့် ပတ်သက်၍ ထိုးနှက် ခဲ့ပြီး အေးစက်စက်ပုံစံအဖြစ် အလျင်အမြန်ပြောင်းလဲသွားခဲ့ သည်။

၎င်းက အဆိုပါ ဗီဒီယိုနှင့်ပတ်သက်ပြီး အရှက်ရမိကြောင်း၊ သို့သော်လည်း အဝတ်အစားလဲခန်းထဲပြောသည့် စကားအဖြစ် အရေးမကြီးသည့်ပုံစံပြောခြင်းသာဖြစ်ကြောင်း ပြောကြားလိုက် သည်။

ထရန့်က ၎င်းသာမက သမ္မတဘောလ်ကလင်တန်သည်လည်း မိန်းကလေးများနှင့်ပတ်သက်ပြီး မဖွယ်မရာပြုကာ ရိုင်းပျခဲ့ ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ထို့အပြင် ဟီလာရီကလင်တန်အား မိန်းကလေးများကို အနိုင်ကျင့်ဗိုလ်ကျသူအဖြစ် စွပ်စွဲပြောကြားလိုက်သည်။ ကလင်တန်က ထရန့်၏အပြုအမူများသည် အိမ်ဖြူတော်နှင့် အံဝင်ခွင်ကျမဖြစ်ဟုဆိုကာ မှတ်ချက်ပြုခဲ့သည်။ **(ရိုက်တာ)**

# အမေရိကန်၏လုပ်ဆောင်မှုများက ရုရှား၏လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည်ဟု လက်ဗ်ရော့ဗ်ပြော



**မော်စကို အောက်တိုဘာ ၁၀**

မော်စကိုနှင့်ပတ်သက်ပြီး အမေရိကန် တို့၏ ရန်လိုမှု မြင့်တက်လာခြင်းကို ၎င်းအနေဖြင့် သတိပြုမိလာကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ် ရော့ဗ်က အောက်တိုဘာ ၉ ရက်တွင် ပြောခဲ့သည်။

အမေရိကန်၏ ရန်လိုသော လုပ်ဆောင်မှုများက ရုရှား၏ နိုင်ငံတော် လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိ ကြောင်း ၎င်းကဆက်လက် ပြောကြား ခဲ့သည်။

ရုရှားရုပ်မြင်နှင့် တွေ့ဆုံ အင်တာဗျူး မှုက အမေရိကန်နှင့် ရုရှားတို့၏ ရှိရင်းစွဲ ဆက်ဆံရေးကို ပိုမိုဆိုးရွားစေခဲ့သည်။ အမေရိကန်-ရုရှားဆက်ဆံရေးယိုယွင်းလာခြင်း နှင့်ပတ်သက်ပြီး အိုဘားမားအစိုးရကို လက်ဗ်ရော့ဗ်က ပြစ်တင်လိုက်ကြောင်း သိရသည်။

ရုရှားနိုင်ငံအပေါ် ကျင့်သုံးနေသော အမေရိကန်မူဝါဒတွင် ရုရှားအပေါ် စိုးရိမ် ရန်လိုမှုများ ဖြစ်ပေါ်နေသည့်အတွက် နှစ်နိုင်ငံ အခြေခံအကြောင်းတရားများ ပြောင်းလဲလာသည်ကို မျက်မြင်တွေ့ရှိ ပြီးဖြစ်ကြောင်း လက်ဗ်ရော့ဗ်က ရုရှား ရုပ်မြင်တွေ့ဆုံမေးမြန်းခန်း တစ်ခုတွင် ပြော ကြားခဲ့သည်။ ရုရှားအားစိုးရိမ်ရုံ သာမကဘဲ ရန်လိုနေသည့် အမေရိကန် တို့၏ ခြေလှမ်းများက နိုင်ငံ၏အကျိုး စီးပွားကို ထိခိုက်စေပြီး လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(ရိုက်တာ)**

# ထိုင်းဘုရင် ဘူမိဘော၏ ကျန်းမာရေး တစ်နေ့တခြား ဆိုးရွားလျက်ရှိ

**ဗန်ကောက် အောက်တိုဘာ ၁၀**

ဝေဒနာခံစားနေရသော ထိုင်းဘုရင် ဘူမိဘောအဒူယာဒက်ဂျ်၏ ကျန်းမာရေးမှာ တစ်နေ့တခြားဆိုးရွားလာကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင်ဖော်ပြ သည်။

ကျောက်ကပ်ဆေးခြင်းလုပ်ငန်းကို ယခင်နေ့ကပြုလုပ်ခဲ့သော်လည်း ဘုရင် ဘူမိဘော၏သွေးပေါင်ချိန်မှာ ကျဆင်းလျက်ရှိကြောင်း တနင်္ဂနွေနေ့က တော်ဝင် နန်းဆောင်မှ သတင်းထုတ်ပြန်သည်။

ဘုရင်ဘူမိဘော၏ ကျန်းမာရေးအခြေအနေမှာ ပြန်လည်ကောင်းမွန်လာခြင်း မရှိသေးကြောင်း၊ ထို့ကြောင့် ထီးနန်းအရေးကို မစီမံဘဲ ရပ်နားထားရန် အကြံပေးထား ကြောင်း သိရသည်။ အသက် ၈၈ နှစ်ရှိပြီဖြစ်သော ထိုင်းဘုရင် ဘူမိဘောသည် ကမ္ဘာ့သက်တမ်းအရှည်ကြာဆုံး နန်းသက်ရှိသည့် ဘုရင်ဖြစ်သည်။

၎င်း၏ကျန်းမာရေးသည် နှစ်ပေါင်းအတော်ကြာ ယိုယွင်းလျက်ရှိကြောင်းသိရ သည်။ ဆေးရုံသို့ အချိန်အတော်ကြာတက်ခဲ့ပြီး ဇွန်လတွင် နှလုံးခွဲစိတ်မှုပြုလုပ်ခဲ့ ကြောင်း သိရသည်။

ဘုရင်အနေဖြင့် တာဝန်များကို ထမ်းဆောင်နိုင်သော အခြေအနေမရှိပါက နန်းမွေနန်းလျာခန့်အပ်သည်ဟု ထိုင်းဖွဲ့စည်းပုံက ပြဋ္ဌာန်းထားသည်ဟု သိရ သည်။

ဘူမိဘောကို ပြည်သူများက လေးစားကြပြီး ၎င်းအနေဖြင့် နိုင်ငံရေးပဋိပက္ခ ဖြစ်ပွားချိန် နိုင်ငံတော်ပြန်လည်စည်းလုံးရေးတွင် အရေးကြီးသောအခန်းမှပါဝင်ခဲ့ ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# နိုဘယ်ဆုရရှိသည့် ငွေများကို စစ်ဘေးသင့်ပြည်သူများအား ကိုလံဘီယာသမ္မတလှူဒါန်းမည်

**ဘိုဂိုတာ အောက်တိုဘာ ၁၀**

ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ်ဆန်တို့စ်သည် နိုဘယ်ဆုရရှိသည့် ဆုကြေးငွေ များကို နိုင်ငံအတွင်းရှိ ၅၂နှစ်ကြာဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ဒဏ်ခံစားခဲ့ရသူများ ကို အကူအညီပေးရန် လှူဒါန်းသွားမည်ဟု ပြောကြားခဲ့သည်။ မစ္စတာဆန်တို့စ်သည် ပြီးခဲ့သည့်လက FARC သူပုန်အဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းနိုင်ခဲ့သည့်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုချီးမြှင့်ခံခဲ့ရသည်။

ထိုသို့ ချုပ်ဆိုပြီး ရက်အနည်းငယ်အကြာတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ် ခဲ့ရာ ကိုလံဘီယာရှိ မဲထည့်ဝင်သူများက စာချုပ်ကို ကန့်ကွက်ခဲ့ကြသည်။ ကိုလံဘီယာ ၌ပြည်တွင်းစစ်ကြောင့် ပြည်သူ ၂၆၀၀၀၀ ခန့် သေဆုံးခဲ့ရပြီး လူခြောက်သန်းကျော် အိုးအိမ်မဲ့ဖြစ်ခဲ့သည်။ "ပြီးခဲ့တဲ့ညကပဲ ကျွန်တော့်ရဲ့ မိသားစုဝင်တွေနဲ့တွေ့ဆုံခဲ့ပြီး တဲ့နောက် ဆုငွေဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၉၂၅၀၀၀ကို စစ်ဘေးဒုက္ခသည်တွေ အတွက် အကူအညီပေးအပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်"ဟု မစ္စတာ ဆန်တို့စ်ကပြောကြားခဲ့ သည်။

**(ဘီဘီစီ)**

# ယီမင်ပိုင်နက်အတွင်းမှနေ၍ အမေရိကန်ဖျက်သင်္ဘောတစ်စင်းအား ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့ရာ လွဲချော်ခဲ့



**ဆာနား အောက်တိုဘာ ၁၀**

အီရန်မဟာမိတ် ဟူသီသောင်းကျန်းသူပုန်များ ထိန်းချုပ်ထားသော ယီမင်အချုပ် အခြာပိုင်နက်နေရာမှနေ၍ အမေရိကန်ဒုံးဖျက်သင်္ဘောတစ်စင်းအား ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ရာ လွဲချော်ခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိ သူ တစ်ဦးက ရိုက်တာသို့ပြောကြားခဲ့သည်။ ချိန်ရွယ်ပစ်ခတ်လိုက်သော ဒုံးကျည် နှစ်စင်းစလုံး တစ်ခုမှမထိမှန်ခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ယူအက်စ်အက်စ်မန်ဆန်ဟုခေါ်သော ယင်းဒုံးဖျက်သင်္ဘောသည် ယူအေအီး သင်္ဘောတိုက်ခိုက်ခံရပြီးတစ်ပတ်အကြာခန့်တွင် ယီမင်ကမ်းရိုးတန်းသို့ ရောက်ရှိလာ ခဲ့ကြောင်း ရိုက်တာသတင်းတွင် ကနဦးဖော်ပြခဲ့သည်။ ယီမင်ပြည်တွင်းစစ်တွင် အရပ်သားသေဆုံးမှုများကြောင့် အမေရိကန်က ပြစ်တင်ပြောဆိုခဲ့သည်။ ထို့အပြင် အမေရိကန်ဘက်က ဟူသီသူပုန်များ ကိုတိုက်ခိုက်နှိမ်နင်းရန်အတွက် ဆော်ဒီ အာရေဗျဦးဆောင်သော မဟာမိတ်အဖွဲ့များအား ထောက်ပံ့နေမှုများကို ပြန်လည် သုံးသပ်မည်ဖြစ်ကြောင်း ယခုအပတ်တွင် ကြေညာခဲ့သည်။ ယူအက်စ် အက်စ်မန်ဆန်အား ဒုံးကျည်ဖြင့် ဒေသစံတော်ချိန် ညနေ ၇ နာရီ လောက်တွင် ယီမင်ကမ်းရိုးတန်းကမ်းလွန် ပင်လယ်နီတွင် တိုက်ခိုက်ခဲ့ကြောင်း အမေရိကန် စစ်ဘက်က ပြောကြားခဲ့သည်။

ပစ်လွှတ်လိုက်သော ဒုံးကျည်နှစ်စင်းလုံးမှာ သင်္ဘောကိုမထိဘဲ ရေထဲသို့ကျ သွားခဲ့ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး ဂျက်ဖ်ဒေဗီစ်ကပြောခဲ့သည်။ သင်္ဘောသားတစ်ယောက်မျှထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့ကြောင်းနှင့် သင်္ဘောထိခိုက် ပျက်စီးခြင်းမရှိကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ရိုးယိုက် အီရန်တို့သည် ဟူသီသူပုန်များအား စစ်လက်နက်များထောက်ပံ့နေသည်ဟုဆိုကာ ဆော်ဒီ အာရေဗျနှင့်အမေရိကန်တို့က စွပ်စွဲလိုက်သည်။ **(ရိုက်တာ)**

# မမျှော်လင့်သော နာရေးတစ်ခု

**အောင်အောင် (IR)**

စာရေးသူအလုပ်ကိစ္စဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ရောက်ရှိနေခိုက် အမေရိကန်ပြည်ထောင်စုမှ နာရေးအကြောင်းကြားမှုတစ်ခုကို အီးမေးလ်မှတစ်ဆင့် လက်ခံရရှိခဲ့သည်။ ကွယ်လွန်ဆုံးပါးသွားခဲ့သူမှာ အသက် ၁၈ နှစ်အရွယ် နုပျိုချောမောလှပသော Isabel MacNair Whitcomb အမည်ရှိ အမေရိကန်အမျိုးသမီးငယ်တစ်ဦးဖြစ်ပြီး ၎င်းသည် စာရေးသူ အမေရိကန်ပြည်ထောင်စုတွင် ကျောင်းတက်ခဲ့စဉ်က အကူအညီများစွာပေးအပ်ခဲ့သော Ms. Susan Carroll Whitcomb ၏ သမီးတစ်ဦးဖြစ်သည်။ ဆူဇန် (Susan) မှာ စာရေးသူတို့အား ပညာသင်ဆုပေးအပ်သော The Rotary International မှ ခန့်အပ်ထားသော Duke-UNC Rotary Peace Centre ၏ တာဝန်ရှိသူတစ်ဦးဖြစ်ပြီး သူမ၏ အဓိကတာဝန်မှာ Duke University နှင့် University of North Carolina တွင် တက်ရောက်ပညာသင်ကြားနေကြသော နိုင်ငံတကာမှ Rotary ပညာသင်ဆုရရှိသူများနှင့် ကျောင်း(တက္ကသိုလ်)များအကြား လိုအပ်ချက်များကို ထိတွေ့ပေါင်းစပ်ကူညီဆောင်ရွက်ပေးရသော အလုပ်ဖြစ်သည်။ ဤဆောင်းပါးကို ဆက်လက်မရေးသားမီ ဆောင်းပါးရေးသားရခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတကာနာရေးဆိုင်ရာ ဗဟုသုတကို မျှဝေရန်ဖြစ်သည်။

Susan အကြောင်း ဆက်ပါမည်။ Susan သည် များစွာခင်မင်ဖွယ်ကောင်းပြီး ကူညီတတ်သူတစ်ဦးလည်းဖြစ်ရာ Rotary ပညာသင်ဆုဖြင့် အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ကြားကြသော ကျောင်းသား ကျောင်းသူများက Susan ကို များစွာခင်မင်တွယ်တာကြသည်။ သူ၏ ကား၊ သူ၏အိမ်တွင် နိုင်ငံတကာကျောင်းသားများကို မကြာခဏတွေ့မြင်ရလေ့ရှိပြီး စာရေးသူလည်း သူ၏ အိမ်သို့ရောက်ရှိလည်ပတ်ခဲ့ဖူးသည်။ ထိုစဉ် Susan ၏ သမီးငယ်သုံးဦးနှင့်လည်း တွေ့ဆုံခဲ့ဖူးပြီး ယခုကွယ်လွန်သွားရှာသော Isabel နှင့်အတူ သက်ကြီးရွယ်အိုများအိမ်သို့ စားသောက်ဖွယ်ရာများကို သွားရောက်ပို့ဆောင်ရသော Meals on Wheels အစီအစဉ်တွင် တစ်နေ့တာလုပ်အားပေးအဖြစ် ပါဝင်ဆောင်ရွက်ဖူးသည်။ Meals on Wheels ဆိုသည်မှာ အမေရိကန်ပြည်ထောင်စု၏ အကြီးမားဆုံးအာဟာရဖြည့်တင်းရေး လူမှုကူညီမှုအစီအစဉ်တစ်ခုဖြစ်ပြီး အလှူရှင်များမှ လှူဒါန်းသော အသင့်ထုပ်ပြီး စားသောက်ဖွယ်ရာများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်ကိုက်ညီသော သက်ကြီးရွယ်အိုများနှင့် အစားအစာအခက်အခဲရှိသော ဆင်းရဲနွမ်းပါးသူများထံသို့အိမ်တိုင်ရာရောက် သွားရောက်ပို့ဆောင်ပေးရခြင်းဖြစ်သည်။ လုပ်အားပေးအပြန်တွင် Susan, Isabel နှင့် ကင်ညာနိုင်ငံမှ အခြားလုပ်အားပေး ကျောင်းသူတစ်ဦးတို့နှင့်အတူ မက်ဒေါနယ်လ်စားသောက်ဆိုင် (McDonald,s) တွင် ဝင်ရောက်စားသုံးဖြစ်ခဲ့သည်။

အဆိုပါနေ့မှာ ၂၀၁၀ ခုနှစ် မတ်လ ၁၉ ရက်နေ့ဖြစ်ပြီး စာရေးသူမှာ ပြည်ပ၌ ရောက်ရှိချိန်များတွင် ဒိုင်ယာရီရေးသားကျင့်ရှိသဖြင့် အမေရိကားတွင်ရှိစဉ် ရေးသားခဲ့သော ဒိုင်ယာရီစာအုပ်ကို ပြန်လည်ဖတ်ရှုရင်း ထိုစဉ်က Isabel နှင့် တွေ့ဆုံခဲ့သည့် အချိန်ကာလများကို ပြန်ပြောင်းသတိရတွေးတောနေမိတော့သည်။ စာရေးသူ၏အမြင်တွင် ထိုစဉ်က အသက်မှာ ၁၂ နှစ်၊ ၁၃ နှစ်သာရှိသော Isabel သည် အခြား အမေရိကန်ကလေးသူငယ်များနှင့်မတူပဲ ရှက်ရွံ့အားနာတတ်သော အသွင်သဏ္ဌာန်ရှိသည်။ နောက်တစ်ကြိမ် Isabel နှင့် ထပ်မံတွေ့ဆုံမှုတစ်ခုမှာ စာရေးသူတက်ရောက်သော Duke University ၏ Sanford School of Public Policy သို့ဝင်ရောက်ရာ တံခါးမကြီးရှေ့တွင် သူ၏ မိခင် (Susan) ထွက်အလာကို ကြာရှည်စွာ စောင့်ဆိုင်းနေသောအချိန်ဖြစ်သည်။ စာရေးသူမှ မိမိတွင် ဝင်ခွင့်ကတ်ရှိသဖြင့် မိမိနှင့် တစ်ပါတည်း အဆောက်အအုံအတွင်းသို့ ဝင်ရောက်ရန်ပြောဆိုခဲ့ရာ သူ့ကြောင့် အခြားသူများ အနှောင့်အယှက်မဖြစ်စေလိုပါဟု ငြင်သာစွာ ငြင်းဆိုခဲ့သည်။ အားနာစိုးရွံ့တတ်သော သူ၏ အသွင်သဏ္ဌာန်မှာ ပြန်လည်းတွေးဆ စဉ်းစားလိုက်တိုင်း ယခုတိုင် မျက်စိထဲတွင် မြင်ယောင်နေဆဲဖြစ်သည်။



ယခုတော့ သူ ကွယ်လွန်ခဲ့ပြီ။ အံ့သြခြင်းများစွာနှင့် အတူ ကျောင်းသားဟောင်းများထံမှ အလီလီဝင်ရောက်လာသော ဝမ်းနည်းကြောင်း အီးမေးလ်များကို ဆက်တိုက်ဖတ်ရှုဖြစ်သည်။ သေဆုံးရသော အကြောင်းအရင်းကို ပိုမိုပီပြင်စွာ သိရှိလာခဲ့ရသောအခါ အံ့အားသင့်တုန်လှုပ်ခဲ့မိသည်။ စိတ်ကျရောဂါပြင်းထန်စွာခံစားခဲ့ရပြီးနောက် မိမိကိုယ်ကိုယ်လုပ်ကြံခဲ့ခြင်းဖြစ်သည်ဟူသော သတင်းများကြောင့်ဖြစ်သည်။ ခံစားခဲ့ရသော ရောဂါဝေဒနာများကို အီးမေးလ်စာများမှ လေ့လာသောအခါ တစ်ခါမှမကြားဖူးသော anorexia ဆိုသော စိတ်ပိုင်းဆိုင်ရာ ရောဂါကိုတွေ့ရှိရသည်။ အတိအကျဆိုရလျှင် anorexia, depression နှင့် self-harm ဆိုသော စိတ်ပိုင်းဆိုင်ရာရောဂါများက ငယ်ရွယ်နုပျိုသော နှစ်လိုဖွယ်မိန်းကလေးငယ်၏ အသက်ဝိညာဉ်ကို နုတ်ယူခဲ့လေသည်။ စာရေးသူ အင်တာနက်မှတစ်ဆင့် anorexia ဆိုသည့်ရောဂါကို လေ့လာဖတ်ရှုရာ anorexia ဆိုသည်မှာ အစားအစာနှင့်ပတ်သက်သည့် သံသယလွန်စိတ်ရောဂါတစ်မျိုးဖြစ်ပြီး အစားအစာကြောင့် ကိုယ်အလေးချိန်တက်မည်ကို အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းဖြစ်သည်။ Self-harm ဆိုသည်မှာ မိမိကိုယ်ကိုယ် ထိခိုက်နာကျင်ဒဏ်ရာ အနာတရဖြစ်စေခြင်းဖြစ်သည်။ ဘဝသည် ဆန်းကြယ်လေစွ။

> **သေဆုံးရသော အကြောင်းအရင်းကို ပိုမိုပီပြင်စွာ သိရှိလာခဲ့ရသောအခါ အံ့အားသင့် တုန်လှုပ်ခဲ့မိသည်။ စိတ်ကျရောဂါ ပြင်းထန်စွာခံစားခဲ့ရပြီးနောက် မိမိကိုယ်ကိုယ် လုပ်ကြံခဲ့ခြင်းဖြစ်သည် ဟူသော သတင်းများကြောင့်ဖြစ်သည်**

ကမ္ဘာအနှံ့ရှိ ကျောင်းသားဟောင်းများက အချင်းချင်း အီးမေးလ်များပေးပို့ကာ Isabel ၏ နာရေးအတွက် မည်သို့ကူညီပံ့ပိုးနိုင်ကြောင်း တိုင်ပင်ဆွေးနွေးကြသည်။ စာရေးသူထံ ကျောင်းသားဟောင်းများဆီမှသာမက အမေရိကန်ပြည်ထောင်စုရှိ ရိုထရီအသင်းဝင်များ (Rotarian) ထံမှလည်း အီးမေးလ်စာများ ရောက်လာသည်။ အဖြေက သုံး၊ လေးမျိုးထွက်လာသည်။ ဖြစ်နိုင်လျှင် နာရေးအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ကြရန်၊ Isabel အမည်ဖြင့် အမှတ်တရသစ်ပင်စိုက်ပျိုးကြရန်၊ Isabel ရေးသားခဲ့သော စာများ၊ စာအုပ်များကို ဝယ်ယူအားပေးကြရန်နှင့် Isabel မိသားစုနေထိုင်ရာ အိမ်သို့ဝမ်းနည်းကြောင်း အမှတ်တရပို့စကတ်များ ပေးပို့ကြရန်တို့ဖြစ်သည်။ ကျောင်းသားဟောင်းများအနေဖြင့် မည်သို့လုပ်ဆောင်ကြမည်ကိုတော့မသိပါ။ စာရေးသူကတော့ မိမိနေထိုင်ရာ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်တွင် Isabel အားရည်စူး၍ ငွေကျပ်တစ်သောင်း လှူဒါန်းဖြစ်သည်။ လှူဒါန်းငွေလက်ခံဖြတ်ပိုင်းနှင့် ဝမ်းနည်းကြောင်းစာကိုလည်း ကျန်ရစ်သူမိသားစုထံ စာတိုက်မှတစ်ဆင့် ပေးပို့ရန် အစီအစဉ်ရှိသည်။

Isabel သည် စာရေးသားခြင်းကို ဝါသနာထုံသူတစ်ဦးလည်းဖြစ်ပြီး ၎င်းကဲ့သို့ ဝေဒနာခံစားနေရသူများအား စိတ်ဓာတ်ရေးရာအရ အားပေးနိုင်ရန် သူ့ရောဂါ အတွေ့အကြုံများကို "တည်ငြိမ်အေးချမ်းစွာ နေခွင့်ပြုပါ" (Grant me the serenity) ဟူသောခေါင်းစဉ်ဖြင့် ကိုယ်ပိုင်ဘလော့ဂ်တွင် ရေးသားလေ့ရှိသည်။ "ကျွန်မရဲ့စိတ်" (My Mind) ဆိုသော ခေါင်းစဉ်ဖြင့် ယခု စက်တင်ဘာလတွင် နောက်ဆုံးရေးသားခဲ့ပြီး အဆိုပါစာတွင် သူ၏ စိုးရွံ့မှု၊ ကြောက်ရွံ့မှုများအကြောင်းကို ဖော်ပြထားပြီး သူခံစားနေရမှုများကို ရှင်းလင်းစွာ ထင်ဟပ်ပေါ်လွင်စေသည့် ကဗျာတစ်ပုဒ်ကိုလည်း ထည့်သွင်းရေးသားခဲ့သည်။ ကွယ်လွန်သူ Isabel ၏ ဘလော့ဂ်ကို http://grantmetheserenity98.blogspot.com/ တွင် လေ့လာဖတ်ရှုနိုင်ပြီး Isabel ၏ နာရေးကြော်ငြာမှုရင်းကိုလည်း အောက်ပါအတိုင်း ဖတ်ရှုနိုင်သည်။

*Isabel M. Whitcomb*

*1998 - 2016 Obituary*

*Durham*

*Isabel MacNair Whitcomb, 18, passed away on October 2, 2016, following a courageous battle with severe depression.*

*Isabel was born on March 30, 1998, in Boston, Massachusetts. She is the daughter of Susan Carroll Whitcomb and the late Giles M. Whitcomb. She attended the Cambridge Ellis Preschool and Peabody Elementary School in Cambridge before moving to Durham in 2004, where she attended Hope Valley Elementary School, Githens Middle School and Jordan High School. In August, she joined the freshman class of her "dream school" at High Point University. One of triplet sisters, Isabel loved animals, decorating her room, fashion, France, outrageous ideas and writing. As a result of her illness, she became passionate about addressing the stigma of mental illness, writing a blog (grantmetheserenity98.blogspot.com) and a book in May 2016 describing her struggles with anorexia and depression. Stay Strong was her mantra. Her goal was to become a motivational speaker.*

*In addition to her mother, Isabel is survived by her brother, Philip Whitcomb, sisters, Genevieve Whitcomb and Annie Whitcomb, all of Durham; grandparents, Jack and Anne Carroll of Durham; aunt, Gillian Whitcomb of Paris, France, aunt and uncle, Fran and Paul Strumph of Moneta, Virginia; and many much loved cousins in the United States and France.*

*A memorial service will be held on Saturday, October 8th at 11 a.m. at Duke Memorial United Methodist Church in Durham. In lieu of flowers, donations may be made to the To Write Love On Her Arms foundation www. twloha.com/ donate/ or to the Center for Excellence for Eating Disorders at UNC Hospital www.med.unc.edu/psych/eatingdisorders.*

*"God grant me the serenity to accept the things I cannot change,*

*The courage to change the things I can,*

*And the wisdom to know the difference".*

*The Whitcomb family is under the care of Hall-Wynne Funeral Service. Online condolences: www.hallwynne.com select obituaries.*

---

## ဆမ်ဆောင်းကုမ္ပဏီက Galaxy Note 7 ဖုန်းထုတ်လုပ်မှု ယာယီရပ်ဆိုင်းရန်ဆုံးဖြတ်

**ဆိုးလ် အောက်တိုဘာ ၁၀**

ဆမ်ဆောင်းအီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီက ယင်း၏ Galaxy Note 7 ဖုန်းများကို ဘက်ထရီ ပြဿနာကြောင့် အသစ်ပြန်လဲပေးခဲ့သော်လည်း အချို့ Galaxy Note 7 ဖုန်းများ၌ မီးလောင်မှုများ ဆက်လက်ဖြစ်ပွားနေသောကြောင့် ယင်း၏ Note 7 တယ်လီဖုန်းထုတ်လုပ်ခြင်းလုပ်ငန်းကို ယာယီရပ်ဆိုင်းထားကြောင်း ယွန်ဟတ်သတင်း အေဂျင်စီက ဆမ်ဆောင်း၏ တစ်ဆင့်ခံကန်ထရိုက်တာမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ယနေ့သတင်းဖော်ပြသည်။

အမည်မဖော်လိုသူ အဆိုပါတာဝန်ရှိသူတစ်ဦး၏အဆိုအရ Note 7 ဖုန်းအား တစ်ကမ္ဘာလုံးသို့ သင်္ဘောဖြင့် ပို့ဆောင်ရန် တာဝန် ရှိသည့် ဗီယက်နမ်ရှိ စက်ရုံများ၌ Galaxy Note 7 ဖုန်းထုတ်လုပ်မှုလုပ်ငန်းကို ယာယီရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံရှိ စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ အာဏာပိုင်များနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ယင်းနိုင်ငံများရှိ ဖုန်းသုံးစွဲသူ ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာဆုံးဖြတ်ချက်အရ အဆိုပါဖုန်းထုတ်လုပ်မှုကို ယာယီရပ်ဆိုင်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု၌ ငါးကြိမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ တစ်ကြိမ်၊ တောင်ကိုရီးယားနိုင်ငံ၌ တစ်ကြိမ်နှင့် တရုတ်(တိုင်ပေ)၌ တစ်ကြိမ် စသည်ဖြင့် Galaxy Note 7 ဖုန်းများတွင် မီးလောင်မှုရှစ်ကြိမ်ဖြစ်ပွားခဲ့ပြီးနောက် ယခုကဲ့သို့ Galaxy Note 7 ဖုန်းများထုတ်လုပ်မှုရပ်ဆိုင်းရန် ဆမ်ဆောင်းက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဆမ်ဆောင်းကုမ္ပဏီသည် စက်တင်ဘာလအစောပိုင်းက ကမ္ဘာတစ်ဝန်းရှိ ဖုန်းများ ပြန်လည်ခေါ်ယူရေး အစီအစဉ်ကို ကြေညာခဲ့ပြီး ယင်းလနှောင်းပိုင်းမှစ၍ အဆိုပါဖုန်းများတွင် ဘက်ထရီအသစ်များဖြင့် အစားထိုးလဲလှယ်မှုများကို စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ Galaxy Note 7 ဖုန်းများထုတ်လုပ်မှုလုပ်ငန်း ယာယီရပ်ဆိုင်းရန် ဆုံးဖြတ်ချက်ကို အတည်ပြုမည်ဆိုလျှင် Note 7 ဖုန်းများ ပြန်လည်ရောင်းချမှုလုပ်ငန်းနှင့်ဖုန်းများအား ဘက်ထရီအသစ်များဖြင့် အစားထိုးလဲလှယ်မှုလုပ်ငန်းစဉ်ကို နှောင့်နှေးကြန့်ကြာစေနိုင်သကဲ့သို့ ဆမ်ဆောင်းကုမ္ပဏီ၏တံဆိပ်နှင့်ဝင်ငွေကိုပါ ပိုမိုထိခိုက်သွားနိုင်ကြောင်း သတင်းများအရ သိရသည်။

**(ဆင်ဟွာ)**

## အိမ်မှထွက်ပြေးလာသော အမျိုးသမီးငယ်တစ်ဦးအား ပြန်အပ်

**မော်လမြိုင် အောက်တိုဘာ ၁၀**

မီးရထားရဲတပ်ဖွဲ့အမှတ်(၁၅)တပ်ခွဲမှ တပ်ခွဲမှူးဒုတိယရဲမှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် ရထားပေါ်၌ ခိုးဆိုးလုနှိုက်မှုများနှင့် လူကုန်ကူးမှု တားဆီးရေးတို့ကို ရထားရဲတပ်ဖွဲ့များက အလေးထားဆောင်ရွက်နေစဉ် အမှတ်-၁၃ (၂)လမ်း အောင်မေတ္တာရပ်ကွက် ရေးမြို့နယ်နေ မ-----(၂၀ နှစ်)သည် ဖခင်ဖြစ်သူနှင့်စကားများစိတ်ဆိုးပြီး နေအိမ်မှထွက်ပြေးသွားသဖြင့် ရေးဘူတာတပ်စု(၂) ရထားရဲတပ်ဖွဲ့သို့ လာရောက်အကြောင်းကြားခဲ့သည်။

ရထားရဲ ဒုတပ်ကြပ်ကျော်ဆင့်က ထားဝယ်-ရန်ကုန် အမှတ်(၁၇၆)အစုန်အမြန် လူစီးရထားပေါ်တွင် လိုက်ပါတာဝန်ထမ်းဆောင်နေသော ရထားရဲတပ်ဖွဲ့ဝင်များသို့ ဖုန်းဖြင့်အကြောင်းကြားချက်အရ ရထားလိုက် ရထားရဲတပ်ကြပ်ကြီး ရဲမင်းထွဋ်နှင့်အဖွဲ့က လိုက်လံရှာဖွေစစ်ဆေးရာ ရိုးရိုးတန်းတွဲ(၂) ခုံအမှတ်-၂၈ တွင် လိုက်ပါစီးနင်းလာသော မ-------ကို တွေ့ရှိရပြီး ရထားရဲတပ်ဖွဲ့အမှတ်(၁၅)တပ်ခွဲမှ တပ်ခွဲမှူး ဒုရဲမှူးငွေဝင်းက ထိန်းသိမ်းစောင့်ရှောက်ကာ ပညာပေးဆွေးနွေးမှုများပြုလုပ်ပြီး ဖခင်ဖြစ်သူနှင့် အဒေါ်ဖြစ်သူထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။ **တင်ထွဋ်**

## ၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် သေနတ်ပစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် သေနတ်ပစ်ပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း)ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ အုပ်ချုပ်/ နည်းပြနှင့် ကစားသမား စုစုပေါင်း ၉၃ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသဖြင့် စုစုပေါင်းပြိုင်ပွဲဝင် အသင်းကိုးသင်းဖြစ်ကာ အမျိုးသား/ အမျိုးသမီးတစ်ဦးချင်း (၁၀) မီတာလေရိုင်ဖယ်နှင့် အမျိုးသား/အမျိုးသမီး တစ်ဦးချင်း (၁၀) မီတာ လေပစ္စတိုပြိုင်ပွဲ အမျိုးအစားနှင့် သုံးယောက်ပေါင်း တစ်သင်းဖြင့် အသင်းလိုက်ပြိုင်ပွဲများကို အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အောက်တိုဘာ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် တံခွန်စိုက်ဖလားပြိုင်ပွဲကို အသက်(၃၅)နှစ်နှင့်အောက် အမျိုးသား/ အမျိုးသမီး တစ်ဦးချင်း (၁၀) မီတာ လေရိုင်ဖယ်နှင့် အမျိုးသား/ အမျိုးသမီး တစ်ဦးချင်း (၁၀)မီတာ လေပစ္စတိုပြိုင်ပွဲများကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ဆုပေးပွဲ အခမ်းအနားအား အောက်တိုဘာ ၁၄ တွင် ပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း/ဓာတ်ပုံ(အား/ကာ)**

## အောက်တိုဘာ ၁၀ ရက် တနင်္လာနေ့ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၀ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၅၅၀၀ |
| ၂။ | ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၅၀၀ မှ ၁၉၀၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၀၀၀ မှ ၁၉၅၀၀ |
| ၄။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၅၀၀ မှ ၂၅၀၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၄၀၀၀ |
| ၆။ | နွေသီးထပ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၁၇၅၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၅၀၀၀၀ |
| ၈။ | ပဲစင်းငုံနီ RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၀၈၅၀၀၀ |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ပဲခူး၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၃၀ မှ ၁၇၀၀ |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၅ မှ ၇၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၃၆၀ မှ ၄၃၇၅ |
| ၁၂။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၈၅၀ |
| ၁၃။ | ငရုတ်(ရှည်) | အိန္ဒိယ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၁၀၀ မှ ၄၃၀၀ |
| ၁၄။ | ငရုတ်(မိုးထောင်) | သဲတော၊ ပျော်ဘွယ်၊ ကျောက်ဆည် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၅၀ မှ ၂၉၀၀ |
| ၁၅။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၅၀ မှ ၆၀၀ |
| ၁၆။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၆၀၀ |
| ၁၇။ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၅၀၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။ | | | | | |

## မန္တလေးတိုင်းဒေသကြီး (ပညာရေး)အဆင့် ဘောလုံးပြိုင်ပွဲ ရတနာပုံတက္ကသိုလ်အသင်း ပွဲဦးထွက်အနိုင်ရ

**မန္တလေး အောက်တိုဘာ ၁၀**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး(ပညာရေး)အဆင့် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက မန္တလေးတက္ကသိုလ်အားကစားကွင်း၌ ရတနာပုံတက္ကသိုလ်အသင်းနှင့် မန္တလေးပညာရေးကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ အောက်တိုဘာ ၁၁ ရက်တွင် မန္တလေးအဝေးသင်တက္ကသိုလ်အသင်းနှင့် မန္တလာဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါမန္တလေးတိုင်းဒေသကြီး(ပညာရေး)အဆင့် ဘောလုံးပြိုင်ပွဲအုပ်စု(က)၌ ရတနာပုံတက္ကသိုလ်၊မန္တလေးတက္ကသိုလ်နှင့် မန္တလေးပညာရေးကောလိပ်တို့ပါဝင်ပြီး (ခ)အုပ်စုတွင် မန္တလေးအဝေးသင်တက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလာဒီဂရီကောလိပ်တို့ပါဝင်ကြကာ အောက်တိုဘာ ၁၀ ရက်မှ ၂၀ ရက်အထိယှဉ်ပြိုင်ကြမည်ဖြစ် ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ဖြူးမြို့နယ်စာရေးဆရာအသင်း စာပေညီလာခံအတွေ့အကြုံရှင်း

**ဖြူး အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် စာရေးဆရာအသင်း စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို အောက်တိုဘာ ၉ ရက်က ဈေးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ ရှင်းလင်းပွဲတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ညီလာခံကိုယ်စားလှယ် ဦးကျော်ဆွေဝင်း(ကျော်ဆွေဝင်း-ရွှေအင်း)က ရန်ကုန်မြို့တွင် ကျင်းပပြီးစီးသွားသော ဒုတိယအကြိမ် စာရေးဆရာအသင်းညီလာခံ အတွေ့အကြုံများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင်များ၏ မေးမြန်းဆွေးနွေးချက်များကို ညီလာခံကိုယ်စားလှယ်က ပြန်လည်ရှင်းလင်းတင်ပြခဲ့သည်။ **ဖြူး-မြင့်ဦး**



# မြစ်ကြီးနား၌ ဖက်ဒရယ်မူဝါဒရေးရာ နိုင်ငံရေးစကားဝိုင်းဆွေးနွေး

**မြစ်ကြီးနား အောက်တိုဘာ ၁၀** မြန်မာပါတီစုံ ဒီမိုကရေစီအစီအစဉ် (DIPD)နှင့် Natural Resource Governance Institute တို့ပူးပေါင်း ပြုလုပ်သော ဖက်ဒရယ်မူဝါဒရေးရာ နိုင်ငံရေးစကားဝိုင်းနှင့် သဘာဝသယံဇာတ ဘဏ္ဍာငွေကြေးမျှဝေရေးဆိုင်ရာ ဆွေးနွေးပွဲကို မြစ်ကြီးနားမြို့ City Part Royal ခန်းမ(၂)၌ အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ Natural Resource Governance Institute မှ မြန်မာနိုင်ငံဆိုင်ရာ အကြံပေးအရာရှိ ဦးမော်ထွန်းအောင် မြန်မာပါတီစုံ ဒီမိုကရေစီအစီအစဉ်မှ သတင်းမီဒီယာနှင့် ဆက်သွယ်ရေးအရာရှိ ဒေါ်ဆုမွန်အောင်၊ နိုင်ငံရေးပါတီ ၁၅ ခုမှ ပါတီဝင်များ တက်ရောက်ခဲ့ကြသည်။

မြန်မာပါတီစုံ ဒီမိုကရေစီအစီအစဉ်မှ သတင်းမီဒီယာနှင့် ဆက်သွယ်ရေး အရာရှိ ဒေါ်ဆုမွန်အောင်က ဖက်ဒရယ်မူဝါဒရေးရာနှင့် သဘာဝသယံဇာတ ဘဏ္ဍာငွေမျှဝေရေး မူကွဲများအကြောင်း ဆွေးနွေးရန်၊ နိုင်ငံရေးပါတီများကြား သဘာဝသယံဇာတ ဘဏ္ဍာရေးနှင့် ဖက်ဒရယ်ရေးရာဆိုင်ရာ ဆွေးနွေးမည့် နယ်ပယ်များ သဘောတူညီချက်သတ်မှတ်နိုင်ရန်နှင့် ကချင်ပြည်နယ်ရှိ နိုင်ငံရေးပါတီများက ငွေကြေးနှင့် ပတ်သက်ပြီး မည်သည့်အခန်းကို ဆွေးနွေးကြမည်လဲ၊ အတူတူပေါင်းလုပ်ကြမည်လဲ၊ ဘယ်လို တင်ပြကြမည်လဲ ဆိုသည့် အလေ့အထရစေရန် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရ သည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် Natural Resource Governance Institute မှ မြန်မာနိုင်ငံဆိုင်ရာ အကြံပေးအရာရှိဦးမော်ထွန်းအောင်က သဘာဝသယံဇာတအရင်းအမြစ်များမှ အဘယ်ကြောင့် ဘဏ္ဍာငွေကြေးမျှဝေပေးရသနည်း။ ဘဏ္ဍာငွေနှင့် ပြန်လည်အသုံးပြုတာဝန်ယူမှု မျှတမှုရှိစေရန် မည်သို့လုပ်ဆောင်နိုင်သနည်း စသည့် ခေါင်းစဉ်များဖြင့် ရှင်းလင်းပြောကြား ပေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီ ၁၅ ခုမှ ပါတီဝင်များက ဆွေးနွေးပွဲတွင် တင်ပြသွားသော အကြောင်းအရာများနှင့် သဘာဝသယံဇာတ ဘဏ္ဍာငွေ မျှဝေရေးမူကွဲများ အကြောင်းတို့ကို အုပ်စုဖွဲ့၍ ဆွေးနွေးခဲ့ကြပြီး အနာဂတ် ပါတီစုံစကားဝိုင်းများအတွက် သဘောတူညီချက်များ ရယူ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းထွန်းဇော်**

# ငါးခူသားပေါက်များစွာသေဆုံးရမှုအား တာဝန်ရှိသူများကွင်းဆင်းစစ်ဆေး

**ရေတာရှည် အောက်တိုဘာ ၁၀** ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့အရှေ့ လေးမိုင်ခန့်အကွာရှိ ဆင်ဝှေကျေးရွာရှိ တောင်သူများ မွေးမြူထားသော ငါးမွေးမြူရေးကန်များတွင် ငါးသားပေါက်များစွာ သေဆုံးခဲ့ကြရသည့်အတွက် နည်းပညာပိုင်းလိုအပ်ချက်များကို ကူညီဆောင်ရွက်နိုင်ရန် တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်အေးနှင့် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ တောင်ငူတက္ကသိုလ် သတ္တဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာ ဒေါ်ဝင်းဝင်းသန်းနှင့် တာဝန်ရှိသူများပါဝင်သည့်အဖွဲ့သည် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြသည်။

ငါးခူသားပေါက်များကို ရန်ကုန် မြို့မှ ဝယ်ယူခဲ့ပြီး တစ်လအတွင်း ငါးသားပေါက်ကောင်ရေ ၂၅၀၀ ခန့်သေဆုံးခဲ့ရသော ငါးမွေးတောင်သူ ဦးလှမွေး၏ ငါးသားပေါက်မွေးမြူထားသည့်ကန်အား ဦးစွာကြည့်ရှုစစ်ဆေးခဲ့သည်။ “ငါးမွေးကန်က မိုးကာစနဲ့ လုပ်ထားတာဆိုတော့ အပူချိန်ကို မထိန်းနိုင်ဘူး။ နောက် ရေထဲမှာ အောက်ဆီဂျင် လိုအပ် ချက်လည်းရှိတယ်။ ကျွေးတဲ့အစာက ငါးကြီးအစာတွေဖြစ်နေတာ။ နောက် ရေနမူနာလည်း စစ်ကြည့်မှသိမယ်”ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြောကြားသည်။

ကျေးလက်နေတောင်သူများသည် အချိန်တိုအတွင်း ဝင်ငွေကောင်းမွန်သည့် ငါးမွေး မြူရေးလုပ်ငန်းများကို လုပ်ကိုင်လာကြသော်လည်း နည်းပညာပိုင်းတွင် အတွေ့အကြုံ နည်းပါးခြင်းက ဆုံးရှုံးမှုပမာဏပိုမိုများပြားနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။ “ကျွန်မတို့ ဒီရွာကို ကွင်းဆင်းရတာက ငါးမွေးသူတွေအနေနဲ့ ဘာတွေ လိုအပ်ချက်ရှိသလဲ၊ ဘာတွေအကူအညီပေးနိုင်မလဲဆိုတာကို အရင်လေ့လာတာပါ။ နောက်ရေနမူနာနဲ့ ငါးသေနမူနာတွေကို ခွဲခြမ်းစိတ်ဖြာကြည့်မယ်။ ထပ်ပြီးတော့လည်း



လိုအပ်ချက်တွေကို ပံ့ပိုးကူညီနိုင်အောင်လို့ပါ”ဟု သတ္တဗေဒပါမောက္ခဌာနမှူးက ပြောသည်။

ငါးမွေးမြူရေးလုပ်ငန်း အောင်မြင်ပါက အရင်းအနှီး ငွေကျပ် ၅၀၀၀၀၀ ကျော် ရင်းနှီးသူအနေဖြင့် ငွေကျပ်သိန်း ၃၀ ကျော် ဝင်ငွေရရှိနိုင်သည့်အတွက် ကျေးလက်နေတောင်သူများအနေဖြင့် ငါးမွေးမြူရေးလုပ်ငန်းများကို စိတ်ဝင်စားလာခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြို့နယ်သတင်းထောက်များ၏ ကျန်းမာရေးနှင့် လူမှုရေးပံ့ပိုးနိုင်ရေးဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၀** လစဉ်လဆန်း ၇ ရက်နေ့တိုင်းပြုလုပ်သည့် မြန်မာ့အလင်းသတင်းစာမြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏(၁၀/၂၀၁၆) လပတ်အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၇ ရက်က ရန်ကုန်မြို့ရှိ မြန်မာ့အလင်းသတင်းစာတိုက် ရန်ကုန်ရုံးခွဲအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးပိုင်ဖြိုးသန့်က အလှူငွေကျပ်သုံးသိန်း၊ သန်လျင်မှ ဒုတိယရဲမှူးကြီး ကျော်မိုးကြည်(ငြိမ်း)နှင့် ဇနီးမိသားစုကငွေကျပ် ၅၀၀၀၀၊ သန်လျင်မှ ဦးကြည်မင်းနှင့်ဇနီးမိသားစုက ငွေကျပ် ၅၀၀၀၀၊ သန်လျင်ခရိုင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယအကြိမ် ငွေကျပ် ၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၄၅၀၀၀၀ ကိုအလှူရှင်များကိုယ်စားအဖွဲ့အတွင်းရေးမှူး ဦးသန်းဝင်း(တညင်လေး)က ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် အသင်းဝင်သတင်းထောက်များ၏ ကျန်းမာရေး၊ လူမှုရေးပံ့ပိုးကူညီနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# နေပြည်တော်တိုင်း ရဲတပ်ဖွဲ့မှူးရုံးသို့ ဒုစရိုက်သတင်းများ ပေးပို့နိုင်

**နေပြည်တော် အောက်တိုဘာ ၁၀** နေပြည်တော် ရဲတပ်ဖွဲ့နယ်မြေအတွင်း ပြည်သူများအား ဝန်ဆောင်မှုပိုမိုထိရောက်စွာပေးနိုင်ရန် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တာဝန်သိပြည်သူများနှင့် အကူအညီတောင်းခံသူများမှ ပေးပို့လို သည့် ဒုစရိုက်သတင်းနှင့် အခြားသတင်း များအား လွယ်ကူစွာပေးပို့နိုင်ရန် နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး၏ 199 Call Center ရှိ ဖုန်း - ၀၆၇-၅၅၀၀၄၀၊ ၀၆၇-၅၅၀၀၄၁၊ ၀၆၇-၅၅၀၀၄၂ တို့ဖြင့် ပြီးခဲ့သည့် စက်တင်ဘာ ၈ ရက်မှစတင်၍ လက်ခံဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် မိမိတို့၏ဝန်းကျင်တွင် ဖြစ်ပေါ်လျက်ရှိသော ဒုစရိုက်မှုများနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ရဲတပ်ဖွဲ့အနေဖြင့် ဆောင်ရွက်ပေးနိုင်ရန်အတွက် အထက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မှုပြုလုပ်နိုင်ကြောင်း နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## မှုခင်းသတင်းအတိုအထွာ

### စိတ်ကြွရူးသွပ်ဆေးသယ်ဆောင်သူများ ဖမ်းမိ

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက်က နောင်ချိုမြို့အဝင်တွင် ခရီးသည်တင်ယာဉ်ငယ်ကို ရှာဖွေရာ ခရီးသည် ပန်းအောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀၀ ကိုလည်းကောင်း၊ ဆန်ကျော့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀၀ ကိုလည်းကောင်း၊ မအေးကော်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀၀ ကိုလည်းကောင်း အလားတူယင်းနေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့၌ ယွမ်လီဇေ မောင်းနှင်ပြီး မဝမ်တာချိန် လိုက်ပါလာသည့်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၃ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

### ဘဏ်မှငွေထုတ်လာသူ ခါးပိုက်နှိုက်ခံရ

မြို့သစ်မြို့နယ် နင်းကြမ်းကျေးရွာနေ အမျိုးသားတစ်ဦး တောင်တွင်းကြီးမြို့၌ ဈေးဝယ်နေစဉ် ခါးပိုက်နှိုက်ခံရမှု အောက်တိုဘာ ၇ ရက်က ဖြစ်ပွားခဲ့ကြောင်း တောင်တွင်းကြီးမြို့မရဲစခန်းက သိရသည်။ ဖြစ်စဉ်မှာအောက်တိုဘာ ၇ ရက်က ဦးခင်သောင်း(၅၅ နှစ်) နင်းကြမ်းကျေးရွာ မြို့သစ်မြို့နယ်နေသူသည် တောင်တွင်းကြီးမြို့ရှိ CB ဘဏ်မှ ငွေကျပ်တစ်သိန်း ထုတ်ယူလာပြီး တောင်တွင်းကြီး မြို့မဈေးကြီးအတွင်း ဈေးဝယ်ပြီး လွယ်အိတ်အားစမ်းကြည့်ရာ လွယ်အိတ်အတွင်းရှိ ငွေများပျောက်ဆုံးနေသည်ကို သိရှိခဲ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အောက်တိုဘာ ၇ ရက်တွင် ဦးခင်သောင်းက တရားလိုပြု တိုင်ကြားခဲ့သောကြောင့် တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

### နေအိမ်အောက်ထပ်၌ တီဗွီထိုင်ကြည့်နေစဉ် မိုးကြိုးပစ်ခံရ၍သေဆုံး

စစ်ကိုင်းတိုင်း ဒေသကြီး ရွှေဘိုမြို့နယ် ဆယ်ပင်ကျေးရွာတွင် အောက်တိုဘာ ၈ ရက် မွန်းလွဲ ၂ နာရီမိနစ် ၅၀ က အမျိုးသမီးတစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံးသွားကြောင်း သတင်းအရ ကျောက်မြောင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရသေဆုံးသူမှာ အဆိုပါကျေးရွာနေ မရီလေးနွယ် (၃၅နှစ်)ဖြစ်ပြီး ၎င်းသည် တစ်ရွာတည်းနေ ဦးဌေးလင်း၏နေအိမ်၌ မသိန်းသိန်းအေး၊ မခင်မြင့်စိန်၊ မခင်စုနှင့် ဦးဌေးလင်း တို့နှင့်အတူ တီဗွီထိုင်ကြည့်နေစဉ် မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးပစ်ခဲ့ရာ တီဗွီအင်တာနာကြိုးပြုတ်ကျခြင်း၊ ၎င်းတို့အနီးရှိ ငါးလက်မပတ်လည်တိုင် ကွဲခြင်း၊ တိုင်အောက်ခြေရှိ ကွန်ကရစ်အုတ်ခုံပေါက်ကွဲခြင်းနှင့် ဘေးအစွန်းတွင်ထိုင်နေသည့် မရီလေးနွယ်နှင့် ဦးဌေးလင်းတို့ကို မိုးကြိုးထိမှန်ခဲ့ရာ ၎င်းတို့နှစ်ဦးတွင် ဒဏ်ရာများရရှိပြီး မရီလေးနွယ်သည် ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့၍ ကျောက်မြောင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

### တရားမဝင် ကျွန်းသစ်များနှင့် ကရဝေးရွက်များ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ထီးချိုင့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် နံနက် ၂ နာရီခွဲခန့်က သတင်းအရ ထီးချိုင့်မြို့အမှတ်(၁)ရပ်ကွက်ရှိ မောင်းတံဂိတ်၌ စောင့်ဆိုင်းနေစဉ် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ မြို့နယ်နေ တင့်ဝေ(၃၂နှစ်)မောင်းနှင်ပြီး နေပြည်တော် တပ်ကုန်းမြို့နေ အေးကျော်(၂၁နှစ်)လိုက်ပါလာသည့် 3B/-----နီဆန်းခြောက်ဘီးယာဉ်ကို ရပ်တန့်ရှာဖွေခဲ့သည်။

ထိုသို့ ရှာဖွေရာ ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသော ကျွန်းပေပျဉ် ၁၉၁ ချပ်၊ ကျွန်းချပ်သုံးချပ်၊ ကျွန်းခွဲသား ၂၃ချောင်း စုစုပေါင်း ၃ ဒသမ ၉၆၇၂ တန်နှင့် ကရဝေးရွက် ၂၀ အိတ် (၄၅၀ ပိဿာ)တို့အား တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် တင့်ဝေနှင့် အေးကျော်တို့နှစ်ဦးအား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့ အမှတ်(၆)တပ်ခွဲ ရထားရဲစခန်း (သာစည်) မှစခန်းမှူး ရဲအုပ်မင်းနိုင်ကြီးကြပ်၍ တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၇ ရက် ညနေတွင် သာစည်ဘူတာ အမှတ်(၁) စင်္ကြံသို့ ဆိုက်ရောက်လာသည့် အမှတ်(၆) အစုန်ရန်ကုန်-မန္တလေး အမြန်ရထားမှ ရထားစီး ခရီးသည်များအား ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပါလက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေသည်ကို တွေ့ရစဉ်

မောင်ကို(သာစည်)

# လှမ်းလာခဲ့ပါ ပုန်းတလုတ်ရေကန်သာဆီ

**မြင့်စိုး (နတလ)**

“ ဘကြီးရေ ... ပင်းတယကိုရောက်ပြီလား၊ သမီးတို့ သရက်ကုန်းရွာကို ဘယ်တော့ထွက်လာမလဲ...တဲ့” ပြီးခဲ့သည့် ဇွန်လအတွင်းက နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၏ ဖိတ်ကြားချက်အရ တိုင်းရင်းသားလေ့လာရေးအဖွဲ့များဖြစ်သော ကရင်၊ ပလောင်နှင့် ဓနုတိုင်းရင်းသား၊ တိုင်းရင်းသူ ၇၀ သည် နေပြည်တော်နှင့် ပတ်ဝန်းကျင်လေ့လာရေးခရီးစဉ်ရောက်ရှိလာခဲ့ကြသည်။ ထိုအထဲတွင် ဓနုတိုင်းရင်းသား၊ တိုင်းရင်းသူ ၂၀ ပါဝင်ပါသည်။ ယခု ကျွန်တော်တို့၏ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယနှင့် ရွာငံမြို့နယ်ခရီးစဉ်များတွင် အထက်ပါ ဓနုတိုင်းရင်းသားလေ့လာရေးအဖွဲ့မှ ကလေးများနှင့် ပြန်လည်တွေ့ဆုံနှုတ်ဆက်ခွင့်ရခဲ့သည်။ တောင်ကြီးတက္ကသိုလ်တွင် တက်ရောက်နေကြသော ကလေးနှစ်ဦးက အေးသာယာရှိ ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအထိ တကူးတကဆင်းလာပြီး တွေ့ဆုံနှုတ်ဆက်သည်။ ထိုမှ ပင်းတယဘက်သို့ ဆက်လက်ထွက်ခွာသောအခါ သရက်ကုန်းကျေးရွာနှင့် ကြေးတွင်းကုန်းကျေးရွာတွင် နေထိုင်ကြသော ဓနုတိုင်းရင်းသား တိုင်းရင်းသူလေးများက သူတို့ရွာများသို့ လာရောက်ပါရန် ဖိတ်ခေါ်သဖြင့် မရောက်ရောက်အောင် သွားဖြစ်ခဲ့သည်။

အထက်ကဆိုခဲ့သည့်အတိုင်း ဖုန်းထဲမှာ ကျွန်တော့်ကို ခေါ်လိုက်သည်က ဘကြီးဟူ၍ဖြစ်သည်။ ရုတ်တရက် ကျွန်တော်၏ မွေးရပ်ဇာတိမှ ကွယ်လွန်သွားကြပြီဖြစ်သော ဘကြီးတင်မောင်၊ ဘကြီးအေးမောင်၊ ဘကြီးထွန်းရှိန်၊ ဘကြီးမောင်လုတင်တို့ကို ပြေး၍မြင်ယောင်လိုက်မိ၏။ ကျွန်တော်တို့ငယ်စဉ်ကလည်း ရွာမှာ ဘကြီးဟုပင် ခေါ်ဝေါ်ခဲ့ကြဖူးသည်။ သည့်နောက်ပိုင်းမတော့ ဘကြီးဆိုသည့်အသံမကြားရတာ အတော်ကြာပေပြီ။ ကျွန်တော်၏ တူ၊ တူမအရင်း ခေါက်ခေါက်များသည်ပင် ကျွန်တော့်အား ဦးလေး၊ လေးလေးလို့ပဲ ခေါ်ခဲ့ကြတာကလား။

ပင်းတယမြို့နယ်ထဲက ရေဖြူကျေးရွာကို ပထမဦးဆုံးသွားရောက်ခဲ့ကြသည်။ ထိုရွာ၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးထားသော နွားမွေးမြူရေးခြံတစ်ခြံရှိနေသည်။ မြန်မာနွားမျိုးများ ကောင်ရေ ၂၀ ကျော် မွေးမြူထားနိုင်ပြီး မြို့နယ်တိရစ္ဆာန်ဆေးကုဆရာဝန်ကလည်း လာရောက်ကြည့်ရှုစောင့်ရှောက်ကူညီပေးကြောင်း သိရသည်။ ကျွန်တော်တို့အဖွဲ့အား ခြံထွက်နွားနို့များပင်တိုက်လိုက်ကြသေး၏။ ရေဖြူကျေးရွာနှင့်ပတ်သက်၍ ကျွန်တော့်ကို ပိုပြီးစိတ်ဝင်စားသွားစေသော အကြောင်းအရာမှာ ထိုကျေးရွာအနီးတွင် ဇော်ဂျီမြစ်စတင်မြစ်ဖျားခံခဲ့သည်ဆိုခြင်းပင်။ တစ်ဆက်တည်း ကျွန်တော်တွေးလိုက်မိသည်က စက်တင်ဘာလ တစ်လတည်းအတွင်းမှာပဲ ပြောင်းပြန်စီးသော မြစ်နှစ်သွယ်ကို တွေ့ခဲ့ရပါလားဟူ၍။ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းက သေ့ဘောဘိုး၊ ဆုံဆည်းမြိုင်၊ ဝါလေဒေသများကိုသွားရင်းတွေ့ခဲ့သော သောင်ရင်းမြစ်နှင့် ယခုတွေ့နေရသော ဇော်ဂျီမြစ်တို့ပဲဖြစ်သည်။ ဇော်ဂျီမြစ်သည်လည်း မြစ်ဖျားခံရာအစ၌ မြောင်းကလေးသာသာမျှသာ၊ ထိုမှ ချောင်းဘဝသို့ ပြောင်းသွားပြီး နှစ်အတန်ကြာ ကျွန်တော်နေထိုင်ခဲ့ဖူးသော ကျောက်ဆည်ဒေသသို့အရောက်တွင်မူ ဟိတ်ကြီးဟန်ကြီး ဣန္ဒြေကြီးတစ်ခွဲသားနှင့် မြစ်ဖြစ်သွားသောမြစ်။ ဇော်ဂျီရေသောက် ကျောက်ဆည်ဒေသကတော့ သူ့ကိုကျေးဇူးတင်နေကြမည်မှာ မလွဲပေ။

ကျွန်တော်တို့အဖွဲ့၏ ပင်းတယပတ်ဝန်းကျင်ခရီးစဉ်တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးချမ်းလည်း အတူလိုက်ပါခဲ့သည်။ ဖောင်းပြားကျေးရွာအနီးမှ တံတားတစ်စင်း ရေတိုက်စားသဖြင့် တံတားချဉ်းကပ်လမ်းနှင့် ကမ်းကပ်ခုံပျက်စီးနေမှုကို အမြန်ဆုံးပြုပြင်နိုင်ရန်အတွက် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ လမ်းသင့်သဖြင့် ရွှေကြာအင်းရေကန်ကြီးဘက်သို့ ရောက်ရှိခဲ့ကြရာ ကြည်ညိုဖွယ်ရာဘုရားအဆူဆူကိုလည်း ကန်၏တစ်ဖက်ကမ်းတွင် လှမ်းမျှော်၍ ဖူးခဲ့ရသေး၏။ ထိုရေကန်ကြီးနှင့် ကပ်လျက်အလုပန်းများ ထပ်မံစိုက်ပျိုးရန်၊ ဖြစ်နိုင်လျှင် ရွှေကြာအင်းရေကန်ကြီးအား လှပအောင်ထပ်မံပြုပြင်၍ အပျော်စီးလှေကလေးများ ထားရှိရန်တို့ကို ဦးညီလေးချမ်းအား အကြံပြုခဲ့မိသည်။

ထိုနေ့ စက်တင်ဘာလ ၃၀ ရက် မွန်းလွဲပိုင်းတွင် သရက်ကုန်းနှင့် ကြေးတွင်းကုန်း ရွာများကိုဖြတ်၍ ရွာငံမြို့နယ်ဘက်သို့ ခရီးဆက်ခဲ့သည်။ ကားလမ်း၏ ဝဲယာတစ်လျှောက်တွင် ဂေါ်ဖီစိုက်ခင်းကြီးများ၊ အာလူးစိုက်ခင်းကြီးများက တစ်မျှော်တစ်ခေါ်မြင်နေရ၏။ ပထမဦးဆုံး မြင်းကျဒိုးရွာသို့ရောက်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် တည်ဆောက်ပေးထားသော ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ လောလောဆယ် မီးစက်ဖြင့် မောင်းနှင်ပြသနေသော်လည်း မဟာဓာတ်အားလိုင်းက ထပ်ဆင့်လွှင့်စက်ရုံအနီး ဘုန်းတော်ကြီးကျောင်းအထိ ရောက်နေပြီဖြစ်၍ လိုင်းဆွဲပြသနိုင်ရေး ဆက်လက်ဆောင်ရွက်ရပေမည်။ မြင်းကျဒိုးမှာ ရွာငံမြို့သို့ ဆက်လက်ထွက်ခွာရာ လမ်းခရီးတွင် မိန်းမရဲသခင်မတောင်ကို လှမ်း၍တွေ့မြင်နေရသည်။ တစ်ခါမှမရောက်ဖူးသဖြင့် သွားရောက်လေ့လာကြည့်ရှုရင်း ဘုရားများကိုပါဖူးခဲ့သည်။ ရောက်ဖူးသူတချို့က ထိုတောင်နှင့် မလှမ်းမကမ်းတွင် ရေပြာအိုင်ဆိုတာရှိကြောင်း၊ အချိန်ရလျှင် ဝင်ရောက်သွားပါရန် လှမ်း၍ပြောကြသည်။ သို့သော်ငြားလည်း အချိန်မရတော့သဖြင့် ရေပြာအိုင်ကို ကြည့်ခွင့်မရတော့ပါ။

မြင်းကျဒိုးမှာရွာငံသို့ သွားရာခရီးလမ်းသည် အောင်ပန်း-ရွာငံ-ရေဦး-ကျောက်မြောင်း-ဟန်မြင့်မိုရ် ကားလမ်းအတိုင်းပင်ဖြစ်သည်။ ထူးထူးခြားခြားသတိပြုမိသည်မှာ မြင်းကျဒိုးနှင့် ရွာငံအကြား ကားလမ်းဝဲယာတစ်လျှောက်တွင် ယူကလစ်ပင်များ လှုလှုပပစီတန်း ပေါက်ရောက်နေခြင်းပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ယူကလစ်ပင်တို့၏ သဘောသဘာဝကို သစ်တောပညာရှင် သုတေသီအသီးသီးတို့က ကောင်းတာကိုရေးတာလည်းရှိသည်။ မကောင်းကြောင်းရေးတာလည်း တွေ့ရသည်။ မည်သူတို့ကမှန်၍ မည်သူတို့ကမှားသည်ကို ထောက်ခံရန် ဉာဏ်မမီတော့ပါ။ ကားလမ်းအဝေးမှာ လှမ်း၍တွေ့မြင်နေရသော စာသင်ကျောင်းကလေးများတော့ မြင့်မားသွယ်လျသော ယူကလစ်ပင်တန်းများနှင့် လှပနေသည်မှာ အမှန်ပင်ဖြစ်၏။

ဆက်လက်၍ ရေဦးသို့သွားရောက်ခဲ့ပြီး ဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်အား ဖူးမြော်ကန်တော့ကာ ဝတ္ထုငွေများကပ်လှူခဲ့သည်။ ယင်းနှစ်ထပ်ဘုန်းတော်ကျောင်းကိုလည်း နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သန်း ၁၂၀ ဖြင့် ဆောက်လုပ်ပေးထားခြင်းဖြစ်ပါသည်။ ရွာငံမြို့နယ်တွင် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်၌ မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်၍ ကျေးရွာများကို မီးလင်းစေခဲ့ရာ နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၃၆ ဒသမ ၅၄ သန်း ကျခံသုံးစွဲလျက် ကျောက်မြောင်းကျေးရွာ အုပ်စုအတွင်းမှ ကျေးရွာလေးရွာကိုလည်းကောင်း၊ ငွေကျပ် ၆၈ ဒသမ ၃ သန်းသုံးစွဲလျက် သစ်အယ်ပင်ကျေးရွာ နေရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုသောအားဖြင့် ငြိမ်းချမ်းရေးဥယျာဉ်တစ်ခုတည်ဆောက်လျက်ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုအပါအဝင် ရုပ်တုများကိုလည်း မှာယူထားပြီးဖြစ်ကြောင်း၊ နောင်တွင်ဒေသခံများ လာရောက်အပန်းဖြေနားနေနိုင်ရေး ကလေးကစားကွင်းများလည်း ပြုလုပ်ထားရှိသွားမည်ဖြစ်ကြောင်း သိရ၏။ ငြိမ်းချမ်းရေးဥယျာဉ်တွင် သစ်ပင်နှင့်ကိုလည်းကောင်း လျှပ်စစ်မီး သွယ်တန်းပေးနိုင်ခဲ့ပါသည်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လှည့်လည်သွားလာစဉ် သတိထားမိသည်ကတော့ ကျေးရွာတော်တော်များများသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော အနေအထားတွင်ရှိနေကြသည်။ မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်း ကားလမ်းတွေပေါက်နေကြသည်။ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကိုလည်း ရွာတော်တော်များများ ရနေကြသည်။ ဂေါ်ဖီ၊ လက်ဖက်၊ ဂျူးအစရှိသော စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်နေကြသည့်အတွက် အနည်းအများ ဆိုသလို လူမှုစီးပွားဘဝဖွံ့ဖြိုးစည်ပင်ကြသည်ဟု ပြောနိုင်ပါသည်။ သို့သော်ငြားလည်း ရွာတော်တော်များများက သောက်သုံးရေရှားပါးမှု ပြဿနာရှိနေကြ၏။ ရေတွင်းတူးလျှင်လည်း ရေထွက်မည် မထွက်မည်မှာမသေချာ၊ တွင်းတိမ် တွင်းနက်များ တူးကြည့်သော်လည်း မအောင်မြင်သောကျေးရွာများတွေ့ရသည်။ စိမ့်စမ်းရေ သွယ်နိုင်သောရွာတွေကတော့ အဆင်ပြေကြ၏။ သို့တစေ ၂၄ နာရီပတ်လုံး အဆက်မပြတ်ရေရနေကြသည်တော့မဟုတ်၊ အချို့ရွာများကို နာရီပိုင်းနှင့် ရေလွှတ်ပေးသည်ဟုသိရသည်။ ထိုကြောင့်ပင်ဖြစ်မည်ထင်ရ၏။ အိမ်တိုင်းအိမ်တိုင်းသည် မိုးတွင်းမှာရေခံ၍စုနိုင်ရန်အတွက် ရေကန်ကြီးများကို အခိုင်အခံ့ဆောက်လုပ်ထားကြောင်း တွေ့ရသည်။

ရွာငံမြို့နယ်ထဲကနေပြန်ထွက်လာကြတော့ နေအတော်စောင်းခဲ့ပြီဖြစ်၏။ အပြန်တွင် မြင်းကျဒိုးဘက်မှ မပြန်တော့ဘဲ ဖြတ်လမ်းအတိုင်း မောင်းခဲ့ကြပြီး တောင်ပေါ်ကြီးရွာမှတစ်ဆင့် ပင်းတယမြို့သို့ ဖြတ်ဆင်းခဲ့ကြသည်။ တောင်ပေါ်ကြီးရွာဆိုသည့်အတိုင်း တောင်ပေါ်တွင် မြို့ကလေးတစ်မြို့ပမာ သာသာယာယာရှိနေသော ရွာတစ်ရွာပါပေ။ ခေတ္တတည်းခိုရာနေရာသို့အရောက် နေဝင်ဖြိုးဖျအချိန်မှာ လှမ်း၍တွေ့မြင်နေရသော ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားများဆီသို့ ဦးခိုက်ဖူးမြော်လိုက်မိသည်။ နောက်တစ်နေ့နံနက်စောစောတွင် ပင်းတယမြို့ကို နှုတ်ဆက်ရင်း ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ ပင်းတယမြို့၏အထင်ကရ ပုန်းတလုတ်ရေကန်ကြီးက တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ခဲ့သည်။ ။



မြင်းကျဒိုးနှင့် ရွာငံအကြားရှိ မိန်းမရဲသခင်မတောင်



ပင်းတယမြို့နယ် သရက်ကုန်းကျေးရွာ၌ အမှတ်တရ

## မူလတန်းကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး

**နမ့်ဆန် အောက်တိုဘာ ၁၀**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဘာသာပေါင်းစုံဖြင့် ဖွဲ့စည်းထားသော နမ့်ဆန်မြို့နယ်လုံးဆိုင်ရာ လောကပါလ လူမှုကူညီရေးအသင်းက အောက်တိုဘာ ၇ ရက်က အာဟာရကျွေးမွေးခဲ့ကြောင်း သိရသည်။ လောကပါလ ဘာသာပေါင်းစုံ လူမှုရေးအသင်း သည် နမ့်ဆန်မြို့နယ်အတွင်းရှိ သဘာဝဘေးအန္တရာယ်ကြောင့် အခက်အခဲကြုံတွေ့နေသည့် ပြည်သူများ၊ အကူအညီလိုအပ်နေသည့် ပြည်သူများကို ကူညီပေးလျက်ရှိပြီး ယခုအချိန်တွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ အာဟာရကျွေးမွေးခြင်း၊ ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းစသည့် ကုသိုလ်ပြုလုပ်ငန်းများကိုလည်း လိုအပ်ချက်အလိုက်ဆောင်ရွက် ပေးလျက်ရှိကြောင်း အသင်းဥက္ကဋ္ဌ ဒေါ်မြမြခင်ထံမှ သိရသည်။

(ခရိုင်(ပြန်/ဆက်)

## ကျွဲ၊ နွားများ ခွာနာလျှာနာရောဂါကာကွယ်ဆေးများ ကျေးရွာများသို့ ကွင်းဆင်းထိုးနှံပေးလျက်ရှိ

**ကလေး အောက်တိုဘာ ၁၀**

ကလေးမြို့နယ်အတွင်း ဇူလိုင်လဆန်းပိုင်းမှ စတင်ဖြစ်ပွားခဲ့သော ကျွဲ၊ နွား ခွာနာလျှာနာရောဂါ ကူးစက်ဖြစ်ပွားမှုအတွက် ကာကွယ်ဆေးများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကလေးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဇူလိုင် ၉ ရက်မှစ၍ ကွင်းဆင်းဆေးနှံထိုးပေးခဲ့ရာ အောက်တိုဘာ ၇ ရက်အထိ ကျွဲ၊ နွားနှင့် ဝက် ကောင်ရေ ၄၅၀၀ ကျော်ကို ဆေးထိုးပေးပြီးဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမိုန်းထန်ဇီး နှင့် ဝန်ထမ်းများက ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော အင်ဒိုင်းကြီး၊ ကံပုလဲ၊ ရေလဲဦး၊ နှောသောင်ပင်၊ ပေါက်ခုံ၊ မော်လိုက်ကလေး(မ)၊ ပြည်တော်သာ၊ အောင်မြင်သာ၊ သာစည်၊ ကျီကုန်း၊ ဖောင်ကူး၊ နတ်ချောင်း၊ အင်ကြင်းခုံနှင့် ကြိုးကြာကွင်း ကျေးရွာများသို့ ကွင်းဆင်း၍ ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် ဒေသခံပြည်သူများ မွေးမြူထားသော ကျွဲ ၁၁၁ ကောင်၊ နွား ၄၃၇၇ ကောင်နှင့် ဝက် ၂၈ ကောင် စုစုပေါင်း ကောင်ရေ ၄၅၁၆ ကောင်ကို ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ဒေသခံ ပြည်သူများအား ရောဂါကာကွယ်ရေး အသိပညာပေးဆွေးနွေးခြင်း၊ လက်တွေ့ပြသခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ဘုန်းတော်ကြီးသင်ကျောင်းမှ ကျောင်းသားများအား တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုပေး

**မိုးနဲ အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးကုဌာန၏ စီစဉ်မှုဖြင့် လွိုင်မြေရပ်ကွက် ဝိဇ္ဇာရိယဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ သာမဏေနှင့် ကျောင်းသားကျောင်းသူများအား အောက်တိုဘာ ၈ ရက်က တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သိရသည်။

မြို့နယ်တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဦးကျော်မျိုးသိုက်နှင့် ဝန်ထမ်းများက အဆိုပါကျောင်းတွင် ပညာသင်ကြားနေသော သာမဏေ ၆၁ ပါးနှင့် ကျောင်းသား ၂၁ ဦး၊ စုစုပေါင်း ၈၂ ဦးတို့အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ လိုအပ်သောဆေးဝါးများလည်း အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## လယ်ယာသုံးစက်ကိရိယာ နည်းပညာဆွေးနွေးပွဲ ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၀**

တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်များတွင် ခေတ်မီသော စိုက်ပျိုးရေးစက်ကိရိယာများကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်တိုးစေရန်နှင့် စီးပွားရေး တိုးတက်စေရန် ရည်ရွယ်လျက် ရန်ကုန်တောင်ပိုင်းခရိုင် တောင်သူလယ်သမားအသင်းက စီစဉ်ကျင်းပသော လယ်ယာသုံးစက်ကိရိယာ နည်းပညာဆွေးနွေးပွဲကို ကျောက်တန်းမြို့နယ် ကံပြောင်ကျေးရွာ ဓမ္မာရုံ၌ အောက်တိုဘာ ၈ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် တောင်သူလယ်သမားအသင်း နာယက ဒေါက်တာဖေတင်နှင့် ဥက္ကဋ္ဌ ဦးထွန်းရွှေတို့က တောင်သူများအနေဖြင့် ခေတ်မီစက်ကိရိယာများ အသုံးပြု၍စိုက်ပျိုးရေး၊ သီးနှံအထွက်တိုးစေရန်အတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုရေးနှင့် စိုက်ပျိုးစရိတ်များ လုံလောက်စွာရရှိရေးတို့အတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူများအား ခေတ်မီစက်ကိရိယာများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရွှေဘုန်း၊ ရွှေထွန်း၊ တောင်ပေါ်သားရီရှင်း၊ မြန်မာထူးစံ၊ ဆိုနာလီကာ၊ သရဖူစိုးမြင့်နှင့် ဂွတ်ဘရားသားကုမ္ပဏီတို့မှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြသထားသော ပြခန်းများကို ဒေသခံတောင်သူများက ကြည့်ရှုလေ့လာခဲ့ကြပြီး တောင်သူများက သိရှိလိုသည့်အချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။ ဆွေးနွေးပွဲသို့ ခရိုင်နှင့်မြို့နယ် တောင်သူလယ်သမားအသင်းဝင်များ၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးများနှင့် ဒေသတွင်း ကျေးရွာအုပ်စုများမှ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**




**လက်ပံတန်းမြို့၌ ရထားလမ်းများပေါ်တွင် လူနှင့် တိရစ္ဆာန်များ ရထားကြိတ်/တိုက်မှုများ မဖြစ်ပွားရေးအတွက် အသိပညာပေးဟောပြောပွဲကို လက်ပံတန်းဘူတာရှိ ရထားရဲတပ်ဖွဲ့ အမှတ်(၁၉)တပ်ခွဲရုံး၌ အောက်တိုဘာ ၉ ရက်က ပြုလုပ်ရာ ဒုရဲမှူး ဖိုးဆယ်နှင့် တပ်ဖွဲ့ဝင်များက အသိပညာပေးဟောပြောစဉ်။**
**ကိုမျိုး(ရွှေပေါက်ကံ့)**

## တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးဟောပြော

**တပ်ကုန်း အောက်တိုဘာ ၁၀**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဦးကျော်တင့်၏မြို့နယ်အတွင်း မူးယစ်ဆေးသုံးစွဲမှုနှင့် ခိုးဆိုးလုနှိုက်မှုများ ပေါများနေသဖြင့် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ပေးရန်သက်ဆိုင်ရာသို့ တောင်းဆိုတင်ပြထားမှု ကြောင့် အောက်တိုဘာ ၈ ရက်က တပ်ကုန်းမြို့အောင်ဆန်းခန်းမ၌ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးဟောပြောပွဲ၊ ဌာနဆိုင်ရာ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးတင်ထွဋ်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၊ နေပြည်တော်မူးယစ် တပ်ဖွဲ့စုမှ ဒုရဲမှူး အောင်မိုးတို့က တပ်ကုန်းမြို့နယ်အတွင်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး မှုခင်းကျဆင်းရေးတို့အတွက် စီမံချက်များရေးဆွဲဆောင်ရွက်နေမှု၊ ကြိုတင်ပြင်ဆင်ထားမှုများ၊ မူးယစ်ဆေးဝင်ရောက်ရာလမ်းကြောင်းများတွင် စစ်ဆေးရေးဂိတ်များ ထားရှိမှု၊ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်မှု စသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်ပြည်သူများမှ ပေးပို့လိုသည့်ဒုစရိုက်မှုနှင့် အခြားသတင်းများကို 199 Call Center သို့ မည်သည့်ဖုန်းဖြင့်မဆိုခေါ်ဆို သတင်းပေးပို့နိုင်ကြောင်း ၂၄ နာရီမပြတ် လက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် သတင်းရလျှင်ရခြင်း နေပြည်တော်ရှစ်မြို့နယ်ချိတ်ဆက်၍ သတင်းဖြန့်ကြက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

## ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောပြီး ဆိုင်ကယ်မောင်းလိုင်စင်များ အထူးကွင်းဆင်းပြုလုပ်ပေး

**နမ့်ဆန် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းနှင့် ဆိုင်ကယ်မောင်းလိုင်စင်များ အထူးနယ်လှည့်ကွင်းဆင်းလုပ်ဆောင်ပေးခြင်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၈ ရက်က မြို့နယ်ခန်းမဆောင်၌ ပြုလုပ်ခဲ့သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲတွင် ဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးသိန်းဇော်က အမှာစကားပြောကြားပြီး ဒုရဲမှူးသန်းဆွေက ယာဉ်မတော်တဆမှု ဖြစ်ပွားမှုများနှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မများကို ရှင်းလင်းဟောပြောကာ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးဝင်းနိုင်က ဆိုင်ကယ်လိုင်စင်များ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးခြင်း၏ ရည်ရွယ်ချက်နှင့် စစ်ဆေးရေးမှူး(၂) ဦးစိုးရွှေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် နမ့်ဆန်မြို့နယ်အတွင်းရှိ မော်တော်ဆိုင်ကယ်များကို လိုင်စင်သက်တမ်းတိုးပေးခြင်းနှင့် ဆိုင်ကယ်မောင်းနှင်သူများအတွက် ယာဉ်မောင်းလိုင်စင်များကို အောက်တိုဘာ ၈ ရက်နှင့် ၉ ရက် နှစ်ရက်တိုင် အထူးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်းဆင်းပွဲပြုလုပ်



**ငွေဆောင် အောက်တိုဘာ ၁၀**

ငွေဆောင်ကမ်းခြေတွင် လာရောက်အပန်းဖြေကြသော ခရီးသွားဧည့်သည်များ ဘေးအန္တရာယ် ကင်းရှင်းကြစေရေးနှင့် လုံခြုံမှုရှိစေရန်ရည်ရွယ် ဖွင့်လှစ်ခဲ့သော နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်သင်တန်း၏ သင်တန်းဆင်းပွဲကို ငွေဆောင်ကမ်းခြေရှိ Ocean Blue ဟိုတယ်၌ အောက်တိုဘာ ၈ ရက်က ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် သင်တန်းသားသင်တန်းသူများက အရေးပေါ် အသက်ကယ်ဆယ်ရေး လက်တွေ့သရုပ်ပြကွက်များ ပြသကာ သင်တန်းတွင် ထူးချွန်ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရ၏ ပံ့ပိုးကူညီမှုနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်)၏ စီစဉ်မှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မှုမှု(ပြန်/ဆက်)**

## စည်းကမ်းပျက်ယာဉ်များအား မော်တော်ယာဉ်ဥပဒေအရ ချလန်ဖြတ်အရေးယူလျက်ရှိ

**ထားဝယ် အောက်တိုဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ပြည်သူများ ယာဉ်အန္တရာယ် ကင်းဝေးစေရေးနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် စည်းကမ်းမဲ့ယာဉ်များအား အောက်တိုဘာ ၉ ရက်မှစ၍ ထားဝယ်မြို့ အာဇာနည်လမ်း မီးပွိုင့်လမ်းဆုံ၌ ဖမ်းဆီးကာ မော်တော်ယာဉ်ဥပဒေအရ ချလန်ဖြတ်အရေးယူလျက်ရှိကြောင်း သိရသည်။

ဆိုင်ကယ်စီးရာတွင် ဦးထုပ်မဆောင်းသူများ၊ ဆိုင်ကယ်တွင် နံပါတ်ပြား မတပ်ဆင်ဘဲ မောင်းနှင်သူများအား အမှတ်(၇၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ရဲမှူးအောင်ကြီးဦးစီး၍ တိုင်းအကူတပ်ဖွဲ့ခွဲများ ပူးပေါင်းပါဝင်သည့်အဖွဲ့က ဖမ်းဆီးအရေးယူနေခြင်းဖြစ်ကာ ဆိုင်ကယ်စီးသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ သွားလာမောင်းနှင်တတ်စေရန်အတွက် အသိပညာပေးမှုများလည်း ဆောင်ရွက်လျက်ရှိကြောင်း အမှတ်(၇၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# မြန်မာနိုင်ငံ သုတေသနအသင်းနှင့် ဘာသာပြန်စာပေအသင်း

**မောင်သာ(ရှေးဟောင်းသုတေသန)**

အသိပညာနှင့်အတတ်ပညာဖွံ့ဖြိုးမှုသည် နိုင်ငံတစ်နိုင်ငံ တိုးတက်မှုအတွက် အဓိကကျသည့် လိုအပ်ချက်များတွင် တစ်ခုအပါအဝင်ဖြစ်သည်နှင့်အညီ နိုင်ငံအသီးသီးတွင် သုတေသနလုပ်ငန်းများကို ပြုလုပ်ကြသကဲ့သို့ ပြည်သူများအသိအမြင်ကြွယ်ဝစေရန် ပညာဗဟုသုတများ ဖြန့်ဝေသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရပေသည်။ မြန်မာနိုင်ငံတွင် ပြည်သူများအကျိုး ဖြစ်ထွန်းစေရန်ဆောင်ရွက်ခဲ့ကြ၊ ဆောင်ရွက်နေကြသည့် အသင်းအဖွဲ့များအနက် မြန်မာနိုင်ငံသုတေသနအသင်းနှင့် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းတို့သည် အလွန်ထင်ရှားသည့် အသင်းများဖြစ်ကြသည်။

ဝိဇ္ဇာ၊ သိပ္ပံ ပညာရပ်များတိုးတက်လာစေရန် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရပြီး သုတေသနလုပ်ငန်းများ ကြီးမား ဖွံ့ဖြိုးလာသည်နှင့်အမျှ ပြည်သူများအတွက် ကောင်းကျိုးများကို ရရှိနိုင်ကြပေသည်။ယနေ့ကမ္ဘာတွင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးသည့်နိုင်ငံများသည် နည်းပညာနှင့်ဥစ္စာခနေကြွယ်ဝသောနိုင်ငံများအဖြစ် ရပ်တည်နေကြကြောင်း မြင်တွေ့နိုင်သည်။

သုတေသနဟူသည့် စကားလုံးသည် ပါဠိဝေါဟာရ သုတနှင့်သေနာကို ပေါင်းစပ်ထားသည့် ဝေါဟာရဖြစ်သည်။ သုတသည် အကြားအမြင်ဖြစ်၍ သေနာသည် ရှာမှီးခြင်းဟု အနက်ရှိသဖြင့် သုတေသနဟူသည့် ဝေါဟာရအား အကြားအမြင်များကို ရှာမှီးခြင်းဟု မြန်မာဘာသာပြန်ဆိုနိုင်ပေသည်။ အင်္ဂလိပ်စကားလုံး Research ကို ၁၉၀၀ ပြည့်နှစ်ဝန်းကျင်က သုတေသနဟု မြန်မာဘာသာ ပြန်ဆိုခဲ့ခြင်းဖြစ်ကြောင်း သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက ပြောကြားခဲ့သည်။

**မြန်မာနိုင်ငံသုတေသနအသင်း**

မြန်မာနိုင်ငံ၏ ပထမဆုံးသုတေသနအသင်းကို ၁၉၁၀ ပြည့်နှစ် မတ်လ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့ ဘားနတ်အခမဲ့ စာကြည့်တိုက်တွင် (Burma Research Society) အမည်ဖြင့်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံသုတေသနအသင်းကို မဖွဲ့စည်းမီက အိမ်နီးချင်းထိုင်းနိုင်ငံတွင် ဆိုင်ယမ်(ထိုင်း)နိုင်ငံအသင်းရှိခဲ့ပြီး ယင်းအသင်း၏ ပုံစံနှင့်ဆောင်ရွက်မှုများကို နည်းယူ၍ မြန်မာနိုင်ငံသုတေသနအသင်းကို ထူထောင်ခဲ့သည်။ မြန်မာနိုင်ငံသုတေသနအသင်း၏ ပထမဆုံးဥက္ကဋ္ဌအဖြစ် မစ္စတာ အိပ်ချ်အယ်လ်အေးလ်က တာဝန်ယူခဲ့ပြီး အသင်းထူထောင်စတွင် အသင်းဝင်၂၃၅ ဦးရှိကာ ၁၉၆၆ ခုနှစ်တွင် အသင်းဝင် ၁၀၃၉ ဦးရှိခဲ့သည်။

အသင်း၏အဓိကရည်ရွယ်ချက်သည် မြန်မာနိုင်ငံနှင့် ကျောခိုင်းနယ်စပ်နိုင်ငံများ၏ ယဉ်ကျေးမှု၊ အနုပညာ၊ သိပ္ပံစာပေများကို လေ့လာစုံစမ်းရှာဖွေရန်နှင့် အထူးသဖြင့် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသော သုတေသနလုပ်ငန်းများကို အားပေးရန်ဖြစ်သည်။ အသင်း၏ လုပ်ငန်းဆောင်တာအဝဝကို အမှုဆောင်အဖွဲ့က ဆောင်ရွက်ခဲ့ပြီး အမှုဆောင်အဖွဲ့သည် သာမန်အားဖြင့် တစ်နှစ်လျှင် လေးကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုစဉ်က ထိုင်းနိုင်ငံတွင်နေထိုင်သည့် မွန်လူမျိုး နိုင်သိန်း(ခေါ်)ဦးအောင်သိန်းကဆိုင်ယမ်အသင်းဂျာနယ်တွင် "ယိုးဒယားသို့မြန်မာကျူးကျော်မှု" ဆောင်းပါးကို ရေးသားခဲ့ပြီးယင်းဆောင်းပါးကို ဖော်ပြထားသည့် ဂျာနယ်ကို မြန်မာနိုင်ငံရှိအဘိဓာန်ဆရာဦးထွန်းငြိမ်းထံပေးပို့ခဲ့သည်။ မစ္စတာဖာနီဗယ်လ်က ယင်းဂျာနယ်ကို ဦးထွန်းငြိမ်းထံမှတောင်းယူကာ စိတ်ဝင်စားမည့်သူများအားပြသ၍ မြန်မာနိုင်ငံတွင်လည်း ယင်းအသင်းမျိုးရှိသင့်ကြောင်း လိုက်လံစည်းရုံးခဲ့ရာမှ မြန်မာနိုင်ငံသုတေသနအသင်းပေါ်ထွန်းလာခဲ့သည်။ နှစ်နှစ်တာကာလအတွင်း အသင်းဖွဲ့စည်းနိုင်ရန် အစည်းအဝေးများပြုလုပ်ခြင်း၊ ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းများအကောင်အထည်ပေါ်စေရန်ဆောင်ရွက်ခဲ့ပြီး ၁၉၁၀ ပြည့်နှစ် ဇွန်လတွင် မြန်မာနိုင်ငံ၏ပထမဆုံးသော သုတေသနဂျာနယ် (JBRS) ထွက်ရှိခဲ့သည်။ မြန်မာနိုင်ငံသုတေသနအသင်းနှင့်သုတေသနဂျာနယ်သည် မြန်မာနိုင်ငံနှင့်ဆက်စပ်သော အသိပညာအကျိုးကျေးဇူးများကို များစွာရရှိခဲ့သည်။

အသင်း၏အဓိကတာဝန်သည် သုတေသနလုပ်ငန်းဖြစ်သောကြောင့် အသင်းသားများ၏ သုတေသနပြုတွေ့ရှိမှုများကို စာတမ်းများဖတ်ကြားနိုင်ရန် နှစ်စဉ်ဒီဇင်ဘာလတွင် သုတေသနညီလာခံကို လေးရက်ကြာကျင်းပလေ့ရှိခဲ့သည်။ ညီလာခံတွင် သုတေသနစာတမ်း ၁၀ စောင်မှ ၁၅ စောင်အထိ ဖတ်ကြားလေ့ရှိပြီး ယင်းစာတမ်းများကို စုစည်းလျက် မြန်မာနိုင်ငံသုတေသနဂျာနယ်တွင် ပုံနှိပ်ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၏ ပထမဆုံးစာတည်းအဖြစ်ကျောက်စာဝန် မစ္စတာ ဒူရွိုင်ဇယ်က တာဝန်ယူခဲ့သည်။

မြန်မာနိုင်ငံသုတေသနအသင်း၏ ဆောင်ပုဒ်သည် "သိမြင်နှံ့စပ်" နှင့် "လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်" ဖြစ်သည်။ ယင်းဆောင်ပုဒ်ကို ဦးဝန်(မင်းသုဝဏ်)နှင့် ဒေါက်တာသန်းထွန်းတို့က အဆိုပြုခဲ့ပြီး ၁၉၅၉ ခုနှစ်အောက်တိုဘာလ ငါးရက်နေ့တွင် အတည်ပြုကာ အသင်း၏နာယကများအဖြစ် နိုင်ငံတော်အကြီးအကဲများကို အစဉ်အဆက်တင်မြှောက်ခဲ့သည်။

မြန်မာနိုင်ငံသုတေသနဂျာနယ်သည် ၁၉၇၉ ခုနှစ်တွင် နောက်ဆုံးထွက်ရှိခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် အသင်းလည်းပျက်၊ ဂျာနယ်လည်း ရပ်ဆိုင်းခဲ့သည်။အသင်းစတင်တည်ထောင်ခဲ့ချိန်မှစ၍ နှစ် ၇၀ အတွင်း သုတေသနဂျာနယ်ပေါင်း အတွဲ ၆၁ တွဲ၊ အုပ်ရေ ၁၄၄ အုပ်ထုတ်ဝေနိုင်ခဲ့သည်။ မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်ကို ဒုတိယကမ္ဘာစစ်ကြောင့်မတည်မငြိမ်ဖြစ်နေသည့် ၁၉၄၂ ခုနှစ်မှ ၁၉၄၇ ခုနှစ်အတွင်း ခြောက်နှစ်ခန့်နှင့် ၁၉၇၉ ခုနှစ်တွင် ခေတ္တရပ်နားခဲ့သည်မှလွဲ၍ နှစ်စဉ်ပုံမှန်ထုတ်ဝေခဲ့သည်။ ဂျာနယ်တွင် ရေးသားထားသည့် ပညာရပ်ဆိုင်ရာ အကြောင်းအရာများအား ပြည်တွင်းပြည်ပ ပညာရှင်များ၊ သုတေသီများနှင့် ကျောင်းသားကျောင်းသူများ အားကိုးပြုမှီငြမ်းခဲ့ကြသည်မှာ ယနေ့တိုင်အထိဟုပင် ဆိုနိုင်ပေသည်။

ဂျာနယ်တွင် ဆောင်းပါးများ၊ စာတမ်းများ၊ ဘာသာပြန်များ၊ ကွင်းဆင်းလေ့လာမှုများ၊ ဘွဲ့ယူစာတမ်းစသည်ဖြင့် စာပေလက်ရာ ပုံစံအမျိုးမျိုးကို ထည့်သွင်းဖော်ပြခဲ့သည်။ ဘာသာရပ်အနေဖြင့် သမိုင်း၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဘာသာရေးစသည်ဖြင့် ဝိဇ္ဇာ၊ သိပ္ပံပညာရပ် နယ်ပယ်စုံလင်ခဲ့သည်။ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်တွင် ရေးသားခဲ့သည့် ဆောင်းပါးများကို ထုတ်နုတ်လျက် ၁၉၆၀ ပြည့်နှစ်တွင် မြန်မာသုတေသနအသင်း တည်ထောင်ခဲ့သည့် နှစ် ၅၀ ပြည့်အထိမ်းအမှတ်အဖြစ် နှစ် ၅၀ စာစဉ်ကို ထုတ်ဝေခဲ့သည်။

မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ်တွင် မစ္စတာစီအို ဗလက်ဒင်၊ မစ္စတာဂျေအက်စ်ဖာနီဗယ်လ် အစရှိသည့် အနောက်တိုင်းသား ပါမောက္ခများ၊ ပညာရှင်များအပြင် မြန်မာပညာရှင်များလည်း ပါဝင်ရေးသားခဲ့ရာ ဦးကောင်း၊ ဦးကျော်ထွန်း၊ ဦးခင်ဇော်၊ ဦးချစ်ကောင်း၊ ဦးစံရွှေဘု၊ တော်စိန်ခို၊ ဦးပွား၊ ဦးဖေ၊ ဦးဖေမောင်တင်၊ ဦးဘကျား၊ ဦးဘသိန်း၊ ဒေါက်တာဘဟန်၊ ဦးဘီ၊ ဦးဖိုးကျား၊ ဦးဘဖြူ၊ ဦးမေအောင်၊ ဦးမြ၊ ဦးရွှေဇံအောင်၊ ဦးလင်း၊ ဦးလွန်း၊ ဒေါက်တာလှဖေ၊ ဦးအောင်သိန်း၊ ဦးဝန်၊ ဦးသိန်းဟန်တို့ ပါဝင်ခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။

**မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းသည် စာပေဗိမာန်ဆုကို တီထွင်လျက် ပြက္ခဒိန်တစ်နှစ်အတွင်း ထွက်ရှိခဲ့သောစာအုပ်များထဲမှ အကောင်းဆုံးစာအုပ်များကို ရွေးချယ်ပြီး ၁၉၄၉ ခုနှစ်မှစတင်၍ ဆုများချီးမြှင့်ခဲ့သည်။ ယင်းဆုသည် ယခုအခါတွင် အမျိုးသားစာပေဆုအဖြစ် ထင်ရှားလျက်ရှိ . . .**

မြန်မာနိုင်ငံသုတေသနအသင်းသည် သုတေသနဂျာနယ်အပြင် မြန်မာပညာရှိများ ရေးသားပြုစုခဲ့ကြသည့် ရာဇဝင်၊ သမိုင်း၊ ဝတ္ထု၊ တရားစာ၊ မေတ္တာစာ၊ ဖြတ်ထုံး၊ စာတမ်း၊ လျှောက်ထုံး၊ ပြဇာတ်၊ သီချင်း၊ ဂီတ၊ ပျို့၊ လင်္ကာ၊ ရတု၊ ရကန်၊ လူးတား၊ ချေင်း၊ မော်ကွန်းစသည့် အဖိုးတန် မြန်မာ့စာဟောင်းပေဟောင်းစာအုပ်များကို စနစ်တကျ တည်းဖြတ်ထုတ်ဝေခဲ့ရာ ပါမောက္ခ ဦးဖေမောင်တင်နှင့် ပါမောက္ခ ဂျီအိပ်လုစ်တို့ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည့် မှန်နန်းရာဇဝင်ကြီး စာအုပ်သည်လည်း တစ်အုပ်အပါအဝင်ဖြစ်သည်။

**မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း**

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းသည် မြန်မာနိုင်ငံသုတေသနအသင်းကဲ့သို့ပင် တိုင်းရင်းသားလူမျိုးများအား အသိပညာအလင်းပေးရန် ရည်ရွယ်ထူထောင်ခဲ့သည့် စာပေအသင်းဖြစ်ပြီး ဘာသာပြန်စာပေများအပြင် ဗဟုသုတဖြစ်ဖွယ် စာအုပ်စာတမ်းများကိုပါ ထုတ်ဝေခဲ့သည်။ အထူးသဖြင့် မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကိုထုတ်ဝေခဲ့ကာ မြန်မာနိုင်ငံအား အာရှတိုက်အရှေ့ပိုင်းတွင် တိုင်းရင်းဘာသာဖြင့် စွယ်စုံကျမ်းများထုတ်ဝေနိုင်သည့် နိုင်ငံများတွင် ရှေ့ပြေးနိုင်ငံဖြစ်လာစေခဲ့သည်။

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကို မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စုသားတိုင်း အသိပညာတိုးပွားစေမည့်ဘာသာခြားဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများကို မြန်မာဘာသာပြန်ရန်၊ ပြည်ထောင်စုတိုင်းရင်းသားဘာသာဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများကို နိုင်ငံခြားဘာသာသို့ပြန်ဆိုရန် စသည့် ရည်ရွယ်ချက်များပါရှိသည့် အသင်းဖွဲ့စည်းပုံဥပဒေတစ်ရပ်ကို ရေးဆွဲခဲ့ကာ ဦးနုက ဥက္ကဋ္ဌတာဝန်ယူခဲ့သည့် အုပ်ချုပ်မှု ကောင်စီကိုဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ် နှစ်ဦးပိုင်းတွင် အသင်းတိုက်ကို ဂျက်ဆင်ကောလိပ်ဝင်းအတွင်း အိမ်တစ်အိမ်တွင် ယာယီဖွင့်လှစ်ကာ ဒုတိယစာတည်းမှူးတစ်ဦး၊ စာတည်းနှစ်ဦး၊ လက်ထောက်စာတည်းခြောက်ဦး၊ စာပြု ၂၄ ဦးတို့ဖြင့် စာပြုစာတည်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ ထိုနှစ်မေလတွင် ယခုရန်ကုန်မြို့ ဟံသာဝတီအဝိုင်းအနီးရှိ စာပေဗိမာန်ဟု ထင်ရှားသည့် အဆောက်အအုံသို့ပြောင်းရွှေ့ခဲ့သည်။ ယင်းအဆောက်အအုံ၏ မူလအမည် ဆိုရန်တိုဗီလာကို စာပေဗိမာန်ဟုပြောင်းလဲခဲ့ကာ အသင်း၏ဆောင်ပုဒ်ကို တိုင်းရင်းသားလူတန်းစား အသီးသီးတို့အား အသိပညာအလင်းပေးရန် ရည်ရွယ်လျက် "အမှောင်ခွင်း၍ အလင်းဆောင်အံ့"ဟု သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းသည် လူထုအလင်းစာစဉ်လုပ်ငန်း၊ လူထုအိတ်ဆောင်စာစဉ်လုပ်ငန်းနှင့် လူထုတက္ကသိုလ် စာစဉ်လုပ်ငန်းသုံးရပ်ကို ဆောင်ရွက်ခဲ့သည်။

ယင်းလုပ်ငန်းများအပြင် ပြည်သူလူထုအား သိပ္ပံပညာအသိဉာဏ်ပေးရန်၊ သိပ္ပံစာစဉ်လုပ်ငန်း၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များတွင် ဘာသာရပ်များကို မြန်မာဘာသာဖြင့် သင်ကြားနိုင်ရန် ကျောင်းသုံးစာအုပ် ဘာသာပြန်ဆိုပြုစုရေးလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းသည် ကြီးမားခက်ခဲသော လုပ်ငန်းတစ်ရပ်ဖြစ်သည့် မြန်မာ့စွယ်စုံကျမ်းများ ထုတ်ဝေရေးလုပ်ငန်းကိုဆောင်ရွက်ရန် ၁၉၄၈ ခုနှစ် မေလတွင် ဆုံးဖြတ်ခဲ့သည်။ မူလက ဆာဂျွန်ဟမ္မာတန် တည်းဖြတ်သည့် သရုပ်ပြအင်္ဂလိပ်စွယ်စုံကျမ်း ၁၀ တွဲကို မြန်မာဘာသာပြန်ဆိုပြီး မြန်မာ့စွယ်စုံကျမ်းများအဖြစ်ထုတ်ဝေရန် စီစဉ်ခဲ့သော်လည်း ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂလိပ်စွယ်စုံကျမ်းမှ အကြောင်းခြင်းရာများအား တိုက်ရိုက်မြန်မာပြန်ဆိုခြင်းကို ရပ်ဆိုင်း၍ စွယ်စုံကျမ်းအစောင်စောင်ကို ညှိနှိုင်းလျက် မြန်မာမှုအကြောင်းရပ်များပါ ထည့်သွင်းရေးသားခဲ့သည်။

မြန်မာ့စွယ်စုံကျမ်းများကို က အကြောင်းအရာများမှ အ အကြောင်းအရာများအထိ အတွဲ ၁၄ တွဲ ထုတ်ဝေရန် ရည်ရွယ်ခဲ့သော်လည်း မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ ထုတ်ဝေခဲ့ရသည်။ မြန်မာ့စွယ်စုံကျမ်းပထမတွဲကို ၁၉၅၄ ခုနှစ်တွင် စတင်ထုတ်ဝေနိုင်ခဲ့ကာ နောက်ဆုံးအတွဲ အမှတ် (၁၅) ကို ၁၉၇၆ ခုနှစ်တွင် ထုတ်ဝေခဲ့သဖြင့် စွယ်စုံကျမ်းများ အတွဲပြည့် ထုတ်ဝေရန် ၂၂ နှစ်ကြာမြင့်ခဲ့သည်။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၁) မှ အတွဲ(၅) အထိ စာအုပ်များကို ဗြိတိန်နိုင်ငံတွင် ရိုက်နှိပ်ခဲ့သည်။ မြန်မာနိုင်ငံဘာသာပြန် စာပေအသင်းသည် စွယ်စုံကျမ်းများ ထုတ်ဝေရန် ပြင်ဆင် နေချိန် ၁၉၀၀ ပြည့်နှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ နှစ် ၅၀ အတွင်း ကမ္ဘာပေါ် တွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကိုစုစည်းလျက် နှစ်ငါးဆယ်စာစဉ်များကိုထုတ်ဝေခဲ့ရာ ယင်းစာစဉ်များအား နယ်သာလန်နိုင်ငံတွင် ပုံနှိပ်ခဲ့သည်။ ထို့အတူ လူထုသိပ္ပံ စာအုပ်တွဲ ၃၀ ကိုလည်း ထုတ်ဝေခဲ့သည်။

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းသည် ပြည်ထောင်စုများအား ကာယ၊ ဉာဏ၊ ဘောဂ၊ စာရိတ္တ၊ မိတ္တဟူသည့် ဗလငါးတန် ဖြစ်ထွန်းစေရန် ရည်ရွယ်လျက် ၁၉၅၂ ခုနှစ် ဇွန်လတွင် စာပေဗိမာန်မဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့သည်။ နိုင်ငံတော်အတွင်းရှိ စာဖတ်ပရိသတ်များ သင့်လျော်သောစာအုပ်များ ဖတ်ရှုနိုင်ရန်နှင့် စာဖတ်ဝါသနာရင့်သန်လာစေရန် စာအုပ်ငယ်များကို ဈေးနှုန်းသက်သာစွာ ထုတ်ဝေရန် စာပေဗိမာန်မဂ္ဂဇင်းကို ၁၉၅၉ ခုနှစ်တွင် နောက်ဆုံးထုတ်ဝေခဲ့ပြီး ပြည်သူ့လက်စွဲစာစဉ်များကို ထုတ်ဝေလာခဲ့သည်မှာ ယနေ့တိုင်အထိဖြစ်ပေသည်။

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းသည် စာပေဗိမာန်ဆုကို တီထွင်လျက် ပြက္ခဒိန်တစ်နှစ်အတွင်း ထွက်ရှိခဲ့သောစာအုပ်များထဲမှ အကောင်းဆုံးစာအုပ်များကို ရွေးချယ်ပြီး ၁၉၄၉ ခုနှစ်မှစတင်၍ ဆုများချီးမြှင့်ခဲ့သည်။ ယင်းဆုသည် ယခုအခါတွင် အမျိုးသားစာပေဆုအဖြစ် ထင်ရှားလျက်ရှိသည်။ ပုံနှိပ်ထုတ်ဝေပြီး စာအုပ်များကိုသာ ဆုရွေးချယ်ချီးမြှင့်ခဲ့ရာမှ စက်တင်ပုံနှိပ်ခြင်းမပြုရသေးသည့် စာမူများအား စာအုပ်များအဖြစ် ပုံနှိပ်ထုတ်ဝေနိုင်ရန်နှင့် ထွက်ရှိလာသည့် စာအုပ်များကို အမျိုးသားစာပေဆုအတွက် ထည့်သွင်းစဉ်းစားနိုင်ရန် ရည်ရွယ်လျက် စာပေဗိမာန် စာမူဆုပြိုင်ပွဲကို ၁၉၆၉ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ ထိုစဉ်က စာပေဗိမာန်စာမူဆုကို ဘာသာရပ် ၁၁ ခု သတ်မှတ်ခဲ့ရာ ပထမဆုံးနှစ်တွင် စာမူ ၂၀၁ စောင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁၄ စောင် ဆုရရှိခဲ့သည်။ စာပေဗိမာန်စာမူဆုပြိုင်ပွဲကို ယခုတိုင် နှစ်စဉ်ပြုလုပ်လျက်ရှိပြီး ဆုရ စာမူများကို စာအုပ်များအဖြစ် စာပေဗိမာန်က ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခဲ့ပြီး စာပေဗိမာန်ဆုရ စာအုပ်အချို့သည် အမျိုးသားစာပေဆုကိုပါ ထပ်မံဆွတ်ခူးနိုင်ခဲ့ကြသည်။

၁၉၅၆ ခုနှစ် မတ်လတွင် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့ရာ မြန်မာနိုင်ငံတွင် စာအုပ်စာတမ်းအများဆုံးနှင့် အထင်ရှားဆုံးစာကြည့်တိုက်များအနက် တစ်ခုအပါအဝင်ဖြစ်လာခဲ့သည်။ ထို့အတူ စာဖတ်သူများနှင့် သုတေသီများ၊ ကျောင်းသား ကျောင်းသူများ အားထားအသုံးပြုကြသည့် စာကြည့်တိုက်တစ်ခုအဖြစ်ရပ်တည်လာခဲ့ပေသည်။ စာပေဗိမာန်စာအုပ်အသင်းကို ထူထောင်လျက် အသင်းဝင်များထံ စာပေဗိမာန်ထုတ် စာအုပ်တစ်အုပ်စီကို လစဉ်ဖြန့်ဝေပေးနေသည်မှာလည်း ယနေ့တိုင်ဖြစ်ပေသည်။

မြန်မာနိုင်ငံသုတေသနအသင်း မရှိတော့သော်လည်း မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းသည် စာပေဗိမာန်အဖြစ် အသွင်ပြောင်းကာ ပြန်ကြားရေးဝန်ကြီးဌာနအောက်တွင် ရပ်တည်လျက် စာပေလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိနေသည့် စာပေဗိမာန်သည် လာမည့် ၂၀၁၇ ခုနှစ်တွင် သက်တမ်း နှစ် ၇၀ ပြည့်တော့မည်ဖြစ်ပေရာ ပြည်သူများ၏ အကျိုးကို ဆက်လက်သယ်ပိုးနေဦးမည်ဟု ယုံကြည်မိပါသည်။

ကိုးကား

မြန်မာ့စွယ်စုံကျမ်းများ

Myanmar Cultural Research Journal No. 2

## ရဲတပ်ဖွဲ့ မူခင်းကျဆင်းရေးပညာပေး ပြခန်းယာဉ် ရမည်းသင်းတွင် လှည့်လည်ပြသ

**ရမည်းသင်း အောက်တိုဘာ ၁၀**

ရမည်းသင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုပပျောက်ရေး၊ ယာဉ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မူခင်းကျဆင်းရေးအတွက် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများကို အသိပညာရရှိစေရန် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ရမည်းသင်းခရိုင်/မြို့နယ် ရဲတပ်ဖွဲ့တို့ပူပေါင်းပြီး ရမည်းသင်းမြို့ပေါ် လူစည်ကားသည့် နေရာများတွင် မူခင်းပညာပေးပြခန်းယာဉ်ဖြင့် အောက်တိုဘာ ၇ ရက် နံနက် ၉နာရီက သီလဝခန်းမဝန်အတွင် လှည့်လည်ပြသခဲ့ပြီး အဆိုပါယာဉ်အား ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဩစတြေးလျနဲ့ ဂျပန်တို့တွေ့ဆုံမယ့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ

**မိုးမြင့်လင်းလက်**

**၂၀၁၈ ကမ္ဘာ့ဖလား အာရှဇုန် ခြေစစ်ပွဲတွေကို အောက်တိုဘာ ၁၁ ရက် ညပိုင်းမှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဥဇဘက်ကစ္စတန်၊ အီရန်နဲ့ တောင်ကိုရီးယား အသင်းတွေအနေနဲ့ အမှတ်ပြည့်ရယူနိုင်ရေး ကြိုးစားကြရမှာဖြစ်သလို ဩစတြေးလျ၊ ဆော်ဒီအာရေဗျ၊ ဂျပန်၊ ယူအေအီးတို့ရဲ့ ပွဲစဉ်တွေကလည်း အကြိတ်အနယ်ရှိဦးမယ့်ပွဲတွေဖြစ်လာမှာ သေချာနေပါတယ်။**





### ဩစတြေးလျနဲ့ ဂျပန်

အုပ်စု(B)မှာ ဩစတြေးလျတို့ သုံးပွဲကစားပြီးချိန်မှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ ခုနစ်မှတ် ရရှိထားပါတယ်။ ဂျပန်တို့ကတော့ သုံးပွဲကစားပြီးချိန်အထိ ခြောက်မှတ်ရရှိထားတာမို့ ဒီပွဲဟာ နိုင်ပွဲကို အပြိုင်ရှာဖွေကြမယ့်ပွဲပါပဲ။ ဩစတြေးလျက တိုက်စစ်ကောင်းသလို ခံစစ်ပိုင်းကလည်း အားရလောက်အောင် တောင့်တင်းနေပါတယ်။ ဒါပေမယ့် ဆော်ဒီအာရေဗျနဲ့ပွဲမှာ နှစ်ဂိုးပေးလိုက်ရတဲ့ ခံစစ်ပိုင်းက ပြန်လည်ပြင်ဆင်ဖို့တော့ လိုအပ်နေပါတယ်။ ဂျပန်တို့ကတော့ တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်ပေမယ့် ပွဲတိုင်းဂိုးပေးနေရတဲ့ ခံစစ်ပိုင်းက ဩစတြေးလျထက် အားနည်းနေပါတယ်။ နှစ်သင်းစလုံး လက်ရှိခြေစွမ်း တူညီနေတာမို့ သရေရလဒ်လည်း ထွက်ပေါ်နိုင်တဲ့ပွဲပါပဲ။

### အီရတ်နှင့် ထိုင်း

အုပ်စု(B)မှာတော့ အီရတ်ရော ထိုင်းတို့ပါ သုံးပွဲစီကစားပြီးချိန်အထိ နိုင်ပွဲမရသေးသလို အမှတ်လည်း မရသေးပါဘူး။ အီရတ်တို့က တိုက်စစ်ပိုင်းဂိုးသွင်းစွမ်းရည် ကျဆင်းနေသလို ခံစစ်ကလည်း ဂိုးတွေ ပေးနေရပါတယ်။ ထိုင်းတို့ကလည်း သုံးပွဲကစားပြီးချိန်မှာ တစ်ဂိုးသာသွင်းယူထားနိုင်တဲ့ တိုက်စစ်က အားရစရာမရှိပါဘူး။ ဒီပွဲမှာ နှစ်သင်းစလုံး နိုင်ပွဲရအောင် အပြိုင်အဆိုင် အားထုတ်ကြမှာဖြစ်ပေမယ့် အီရတ်တို့က အသင်းလိုက်ကစားအား ပိုမိုကောင်းမွန်နေတာမို့ ဒီပွဲမှာတော့ ဂိုးမပြတ်နိုင်ပေမယ့် အီရတ်တို့ပဲ ထပ်ပြီး နိုင်ပွဲရသွားနိုင်ပါတယ်။

### ဥဇဘက်ကစ္စတန်နှင့် တရုတ်

အုပ်စု(A)မှာ ဥဇဘက်ကစ္စတန်တို့က သုံးပွဲကစားပြီး ခြောက်မှတ်ရရှိနေပါတယ်။ နှစ်ပွဲဆက်နိုင်ထားတဲ့ ဥဇဘက်ကစ္စတန်တို့ဟာ အီရန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တာမို့ အခုပွဲမှာ နိုင်ပွဲရအောင် ပြန်ရှာဖွေပါလိမ့်မယ်။ တရုတ်တို့ကတော့ သုံးပွဲကစားပြီးချိန်မှာ တစ်မှတ်သာရရှိထားလို့ အခုပွဲမှာ အနိမ့်ဆုံး တစ်မှတ်ရအောင် ကြိုးစားလာပါလိမ့်မယ်။ ဒါပေမယ့် တရုတ်အသင်းရဲ့တိုက်စစ်က ထက်မြက်မှုမရှိသလို ခံစစ်ပိုင်းကလည်း အားရစရာမရှိပါဘူး။ ဒီပွဲမှာ ဥဇဘက်ကစ္စတန်တို့ သုံးမှတ်အပြည့်ရယူပြီး ခြေစစ်ပွဲအောင်ဖို့ ရှေ့တစ်လှမ်းတိုးပါလိမ့်မယ်။

### အီရန်နှင့် တောင်ကိုရီးယား

အုပ်စု(A)မှာ အီရန်တို့က သုံးပွဲကစားပြီးချိန်မှာ ခုနစ်မှတ် ရရှိနေပါတယ်။ အုပ်စုတွင်းမှာ ခြေစွမ်းထက်မြက်တဲ့ ဥဇဘက်ကစ္စတန်ကို အနိုင်ကစားခဲ့တဲ့ အီရန်ရဲ့ခြေစွမ်းက အကောင်းဆုံးပုံစံ ရရှိနေပါတယ်။ တောင်ကိုရီးယားတို့ကလည်း သုံးပွဲကစားပြီးချိန်မှာ ခုနစ်မှတ်ရရှိနေတာမို့ အခုပွဲမှာ အနိမ့်ဆုံး တစ်မှတ်ရယူနိုင်ရေး ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် အီရန်တို့ရဲ့ခံစစ်ပိုင်းက ကျစ်လျစ်သိပ်သည်းပြီး တည်ငြိမ်တာမို့ အခုပွဲမှာ တောင်ကိုရီးယားတို့ သိပ်တော့မလွယ်ပါဘူး။ ဒီပွဲမှာ အီရန်တိုက်စစ်မှူးတွေက တောင်ကိုရီးယားခံစစ်မှူးတွေရဲ့အမှားကို အခွင့်အရေးယူပြီး နိုင်ပွဲကို ဖော်ထုတ်ပါလိမ့်မယ်။

### ကာတာနှင့် ဆီးရီးယား

အုပ်စု(A)မှာ ဒီနှစ်သင်းစလုံး ခြေစစ်ပွဲအောင်ဖို့ ခက်ခဲနေပြီဖြစ်ပါတယ်။ ကာတာတို့က သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးပါဘူး။ ဆီးရီးယားတို့ကတော့ ပြီးခဲ့တဲ့ပွဲမှာ တရုတ်ကို အနိုင်ရရှိခဲ့တာမို့ ဒီပွဲမှာ ကာတာကိုအနိုင်ရရေးအတွက် ခြေကုန်ဖွင့်ကစားပါလိမ့်မယ်။ ကာတာတို့က ခံစစ်ပိုင်းမှာ နားလည်မှုလွဲတာတွေများပြီး ပေးဂိုးလည်း များနေပါတယ်။ ကာတာရဲ့ တိုက်စစ်ပိုင်းကလည်း ပြိုင်ဘက် ဂိုးရေိယာထဲမှာ ဆုံးရှုံးပျက်ပြယ်တာများနေတတ်တာမို့ ဒီပွဲမှာ ဆီးရီးယားတို့အနေနဲ့ အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချနိုင်မလားဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ အကြိုက်က ဆီးရီးယားဖြစ်ပြီး အနိုင်ရရင်လည်း ဆီးရီးယားတို့ပဲ ဖြစ်သွားပါလိမ့်မယ်။ ။

## အီတလီစီးရီးအေမှာ အစွမ်းပြနေတဲ့ အင်္ဂလန်လက်ရွေးစင်ဂိုးသမား ဂျိုးဟတ်



မန်စီးတီးအသင်းရဲ့ အဓိကဂိုးသမားဖြစ်တဲ့ ဂျိုးဟတ်ရဲ့ အသင်းမှ ထွက်ခွာသွားမှုဟာ အငြင်းပွားဖွယ်ရှိနေဆဲပါ။ ဂျိုးဟတ်ဟာ မန်စီးတီးအသင်းနဲ့အတူ အောင်မြင်မှုတွေ အများကြီး ရယူပေးနိုင်ခဲ့တဲ့ ဂိုးသမားဖြစ်ပါတယ်။ မန်စီးတီးကိုနည်းပြသစ် ဂွာဒီယိုလာ ရောက်လာပြီးနောက် ဂျိုးဟတ်ကို အသင်းရဲ့ နံပါတ်တစ်ဂိုးသမား နေရာကနေ ဖယ်ရှားပစ်ခဲ့ပါတယ်။ ပြီးတော့ ဂျိုးဟတ်ကိုစီးရီးအေကလပ် တိုရီနိုအသင်းကို အငှားချထားခဲ့ပါတယ်။

ဂျိုးဟတ်ဟာ အခုအခါမှာတော့ တိုရီနိုအသင်းနဲ့အတူ အစွမ်းပြကစားနေလျက်ရှိပါတယ်။ မန်စီးတီးရဲ့ ပရိသတ်တွေကတော့ ဂျိုးဟတ်ကို တိုရီနိုအသင်းဆီ အငှားချလိုက်တာဟာ ဂွာဒီယိုလာရဲ့ မှားယွင်းမှုတစ်ခုလို့ ပြောဆိုနေကြပါတယ်။

ဂျိုးဟတ်ဟာ အင်္ဂလန် လက်ရွေးစင်အသင်းမှာလည်း နံပါတ်တစ်ဂိုးသမားဖြစ်နေသလို အောင်မြင်တဲ့ဂိုးသမားဖြစ်နေဆဲပါ။ သို့သော်လည်း မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာက ဂျိုးဟတ်ကို အသင်းရဲ့ နံပါတ်တစ်ဂိုးသမားနေရာကနေ ဖယ်ထုတ်လိုက်တဲ့အတွက် မန်စီးတီးအသင်းရဲ့ ပရိသတ်တွေကတော့ စိတ်မကောင်းဖြစ်နေကြဆဲဖြစ်ပါတယ်။



## လာဇီယိုတိုက်စစ်မှူးကို ချယ်လ်ဆီးခေါ်ယူလို

ချယ်လ်ဆီးနည်းပြ ကွန်တီအနေနဲ့ လက်ရှိ အသင်းရဲ့တိုက်စစ်ကို အားဖြည့်နိုင်ဖို့အတွက် လာဇီယိုမှ တောင်ပံတိုက်စစ်မှူး ဖီးလစ်အန်ဒါဆင်ကို ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။ တိုက်စစ်မှူး ဖီးလစ်အန်ဒါဆင်ကို ပြီးခဲ့တဲ့နှစ်မှာ မန်ယူက ပေါင်သန်း ၅၀ ပေးပြီး ခေါ်ယူခဲ့ပေမယ့် အောင်မြင်မှုမရရှိခဲ့ပါဘူး။ လာဇီယိုအနေနဲ့ အဲဒီပြောင်းရွှေ့ကြေးကိုလည်း လက်ခံနိုင်ခြင်းမရှိခဲ့ပါဘူး။ ဘရာဇီးလက်ရွေးစင်အသင်းရဲ့ တိုက်စစ်မှူးလည်းဖြစ်တဲ့ ဖီးလစ်အန်ဒါဆင်ကို ချယ်လ်ဆီးအနေနဲ့ ခေါ်ယူသွားမယ်ဆိုရင် ပေါင်သန်း ၅၀ အထက်ပေးပြီး ခေါ်ယူရဖွယ်ရှိပါတယ်။

အသက် ၂၃ နှစ်အရွယ်သာရှိသေးတဲ့ အန်ဒါဆင်ကို လာဇီယိုက ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်ထားတာဖြစ်ပါတယ်။ သူဟာ ဘရာဇီးလက်ရွေးစင်အသင်းမှာလည်း အဓိကအားထားရတဲ့ တိုက်စစ်မှူးတစ်ယောက်ဖြစ်ပါတယ်။ ဒီနှစ် နွေရာသီက ရီယိုမြို့မှာ ကျင်းပခဲ့တဲ့ အိုလံပစ်အားကစားပြိုင်ပွဲမှာ ဘရာဇီးအသင်းကို ရွှေတံဆိပ်ရအောင် ကစားပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ လာမယ့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်မှာတော့ ချယ်လ်ဆီးကခေါ်ယူမယ့် တိုက်စစ်မှူး ဖြစ်လာနိုင်ပါတယ်။

## ဆောက်ဂိတ်လက်ထက်မှာ ပထမဆုံး နိုင်ပွဲရလိုက်တဲ့ အင်္ဂလန်အသင်း

အင်္ဂလန်အသင်းနဲ့ မော်လ်တာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အင်္ဂလန်က စတာရစ်နဲ့ အောလီတို့ရဲ့ သွင်းဂိုးတွေနဲ့ အနိုင်ရခဲ့ပါတယ်။ ဒီနိုင်ပွဲဟာ အင်္ဂလန်အသင်း ယာယီနည်းပြဆောက်ဂိတ်ရဲ့ ပထမဆုံးနိုင်ပွဲလည်း ဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ ဒီပွဲအနိုင်ရလိုက်တာကြောင့် အုပ်စု(F)မှာ နှစ်ပွဲနိုင်ပြီး ခြောက်မှတ်နဲ့ ဇယားထိပ်က ဦးဆောင်နေပါတယ်။ ဝင်ဘလေကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒီပွဲဟာ အင်္ဂလန်အသင်း ပရိသတ်တွေအတွက် အတော်လေး စိတ်လှုပ်ရှားခဲ့ရတယ်လို့ ဆိုပါတယ်။ အင်္ဂလန်အသင်းကိုကိုင်တွယ်ခဲ့တဲ့ ဆမ်အလာဒိုက်စ်ကို ပြီးခဲ့တဲ့လက ထုတ်ပယ်လိုက်ပြီးနောက် ပရိသတ်တွေဟာ အင်္ဂလန်အသင်းရဲ့အောင်မြင်မှုအနေအထားကို စိတ်ဝင်စားစွာ စောင့်ကြည့်နေခဲ့ကြပါတယ်။ လာမယ့် အင်္ဂါနေ့မှာလည်း အင်္ဂလန်နဲ့ ဆလိုဗေးနီးယားတို့ ကမ္ဘာ့ဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ကြမှာပါ။ ဒီပွဲမှာ အင်္ဂလန်အသင်းကို နိုင်ပွဲရအောင် ကိုင်တွယ်နိုင်ခဲ့ရင် ဆောက်ဂိတ်ဟာ အမြဲတမ်းနည်းပြ ဖြစ်လာဖွယ်ရှိနေပါတယ်။



**ကောင်းမြတ်သူ - စုစည်းသည်။**

# ဝါကျွတ်ကာလ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ ရိုးရာဓလေ့ကောင်းများ

ဒေါက်တာမောင်ဖြေ ၊ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

သီတင်းကျွတ်လရာသီမှာ မိုးမကုန်သေးသော်လည်း နေရောင်ခြည်ဖြာစပြုလာပြီဖြစ်၏။ သာယာတော့မည့်ဆောင်းရာသီ၏ အရုဏ်ဦးအချိန်ပင်ဖြစ်၏။ ဝါတွင်းသုံးလ၊ သီတင်းသီလ ကျင့်သုံးဆောက်တည်နေထိုင်သည့် ကာလမှကျွတ်လွတ်သောကြောင့် "သီတင်းကျွတ်လ" ဟူ၍ခေါ်၏။ ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းမှာ ကျွတ်လွတ်သောလဖြစ်၍ "ဝါကျွတ်လ" ဟူ၍လည်းခေါ်၏။ ရှေးအခါက "သန်တူလ" ဟူ၍လည်း ခေါ်ဆိုသေး၏။ "သန်" မှာဝသန္တမိုးဥတုရာသီဟု အဓိပ္ပာယ်ရ၏။ "တူ" မှာ တူလ(ချိန်ခွင်) ဟူသောပါဠိပျက်ပုဒ်ဖြစ်၏။ ထို့ကြောင့်သန်တူကို "ဝသန္တဥတု၊ တူရာသီ" ဟုဖွင့်ဆို၏။ သီတင်းကျွတ်လခေါ်ဆိုသည်မှာ ဝါဆိုလပြည့်မှစ၍ ဝါတွင်းသုံးလ ရက်ပေါင်းကိုးဆယ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ ဝါလကင်းလွတ်၍ သာသနာတော်ကျမ်းအလိုအရ ခေါ်ဆိုကြောင်းသိသာသည်ဟု ဝေါဟာရလီနတ္ထဒီပနီကျမ်းမှ ဖွင့်ဆိုထား၏။ ထိုလတွင် ၂၉ရက်ရှိ၏။ နာရီအားဖြင့် နေ့ ၃၀ နာရီဖြစ်၏။ ည ၃၀ နာရီဖြစ်၏။ နေ့တာညတာတူညီ၏။ အသဝနီနက္ခတ်နှင့်စန်းယှဉ်ပြည့်ကာစိတြနက္ခတ်နှင့် နေမင်းတို့ယှဉ်၏။ ကြယ်တာရာထွန်းပ၏။ ရာသီရုပ်မှာချိန်ခွင်ကိုင်နေသောကုန်သည်ပုံဖြစ်၏။

၈၇၁ ခုနှစ် သံဃရာဇာကျောင်း ကျောက်စာ၊ ၉၂၅ ခုနှစ်စွဲ စုက္ကတေးကျောင်း ကျောက်စာစသည်တို့တွင် သတင်းကျွတ်ဟူ၍ သသက်သက်ဖြင့်သာရေးလျက်ရှိ၏။ ၉၅၂ ခုနှစ်တွင် မူလမင်းရဲကျော်စွာထိုးခဲ့သော စစ်ကိုင်းပုညရှင်စေတီကျောက်စာကို ၁၁၃၇ ခုနှစ်တွင် ဘိုးတော်မင်းတရားဆင့်ထိုးတွင် ပင်ဆင့်ထိုးအပိုဒ်ထဲ၌ "သက္ကရာဇ် ၁၁၄၂ ခု၊ သတင်းကျွတ်လပြည့်ကျော်" ဟုပါရှိ၏။ ကုန်းဘောင်ခေတ်ဘိုးတော်ဘုရားလက်ထက်တော်တိုင် "သတင်းကျွတ်" ဟူ၍ သသက်သက်ဖြင့်ရေးလျက်ရှိ၏။

ပုဂံစောရဟန်း သိမ်ကျောက်စာတွင် "သတင်းတိုင်း၊ သတင်းချွတ်" ဟူသော အရေးတို့၌လည်းကောင်း၊ အခြားပုဂံခေတ်ထိုးကျောက်စာတို့တွင် သတင်းနေ့၊ သတင်းတည်၊ သတင်းတည်ကုပ်ဟူသော အရေးတို့၌ လည်းကောင်း၊ အင်းဝခေတ်မှကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားလက်ထက်တိုင် ရေးထိုးခဲ့သောမူလကျောက်စာတို့တွင်လည်းကောင်း၊ သီတင်းဟု မျက်မှောက်ကာလတွင် ရေးသားသကဲ့သို့ သတွင်လုံးကြီးတင်ဆန်ခတ်လျက်မရေးဘဲ သတင်းဟုသသက်သက်ဖြင့်သာ ရေးသည်ကိုမှတ်သားရ၏။

သီတင်းကျွတ်လ၏ ရာသီပန်းမှာကြာပန်းဖြစ်၏။ ထိုလရာသီတွင် အင်းအိုင်ရေကန်စသည်တို့တွင် ကုမုဒြာကြာ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဍရိက်၊ ကြာခေါင်းလောင်း(ပဒုမ္မာ) ဟူသော ကြာမျိုးငါးပါးဖူးပွင့်ဝေဆာကာ သာယာလှသောအချိန်ဖြစ်၏။ ဘုရားငါးဆူပွင့်မည့်ပုဗ္ဗနိမိတ်အားဖြင့် ဤဘဒ္ဒကမ္ဘာပေါ်စအခါ၌ (သင်္ကန်းပရိက္ခရာ အစုံအလင်နှင့်တကွ) ကြာငါးပွင့်ပါလာသည်ဆို၏။ ကြာသည်သန့်ရှင်းစင်ကြယ်ခြင်း၊ မြင့်မြတ်ခြင်းသဘောကို ဆောင်လာခဲ့သည်ဆို၏။

မြတ်ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိပြည်အနီး ကောသလဘုရင်၏ ဥယျာဉ်မှူးမောင်ကဏ္ဍ၏ သရက်ဖြူပင်အနီးတွင် တိတ္ထိတို့ကို နှိမ်နင်းတော်မူရန် ရေမီးအစုံတန်ခိုးပြာဋိဟာပြ ပွဲကြီးကို အဆန်းတကြယ်ဖန်ဆင်းပြသတော်မူခဲ့၏။ ယင်းနေ့ တန်ခိုးပြာဋိဟာပြပွဲကြီးအပြီး မယ်တော်မိနတ်သားကို အဘိဓမ္မာတရား ဟောကြားတော်မူခြင်းဖြင့် ကျေးဇူးတော်ဆပ်ရန် ခြေလှမ်းနှစ်လှမ်းဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး သတ္တမဝါကပ်တော်မူ၏။

မြတ်ဘုရားရှင် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူသည်ကို လူပရိသတ်တို့လုံးဝမသိရှိလိုက်ပါ။ ဘုရားရှင် ပျောက်ကွယ်သွား၍ အရှင်အနုရုဒ္ဓါမထေရ်မြတ်အား မေးမြန်းလျှောက်ထားရာ "တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပင်ရင်းခင်းထားသော ပဏ္ဍုကမ္ဗလမြကျောက်ဖျာတွင် ဝါကပ်တော်မူ၍ မယ်တော်နတ်သားအမှူးပြုသော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူရန် ကြွသွားတော်မူကြောင်း သိရှိကြရ၏။

အဝန်းသုံးဆယ့်ခြောက်ယူဇနာရှိသော လူထုပရိသတ်ကြီးသည်မြတ်ဘုရားရှင်အား မဖူးမြော်ရဘဲ ငါတို့မသွားကြကုန်ဟု တိုင်ပင်ကြပြီးထိုအရပ်၌ ယာယီမဏ္ဍပ်များ ဆောက်လုပ်နေထိုင်ကြ၏။ သီတင်းကျွတ်လုနီး၍ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့တွင် ဗုဒ္ဓမြတ်စွာသည်တပည့်ကြီးရှင်သာရိပုတ္တရာဝါကပ်တော်မူရာ သင်္ကဿမြို့သို့ ကြွဆင်းတော်မူမည့်အကြောင်းကို ရှင်မဟာမောဂ္ဂလန်မထေရ်မြတ်ကြီးထံမှ တစ်ဆင့် ကြားသိရ၏။ ယူဇနာသုံးဆယ်ကွာဝေးသော သင်္ကဿမြို့သို့ တစုတဝေးတည်းသွားရောက်ကြရန် ကြိုတင်ပြင်ဆင်လျက်ရှိ၏။

မြတ်ဘုရားရှင်သည် ပဏ္ဍုကမ္ဗလမြကျောက်ဖျာ၌ စကြဝဠာပေါင်းတိုက်တစ်သောင်းတို့မှ ခညောင်းရောက်ရှိလာသော နတ်ဗြဟ္မာပရိသတ်တို့အလယ်တွင် အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲဟောကြားတော်မူ၏။ သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံး၏။

သီးတင်းကျွတ်လပြည့်နေ့၌ မြတ်ဘုရားသည် သိကြားမင်းအား "ဒါယကာ သိကြားမင်း … ငါဘုရားသည် လူ့ပြည်ခရီးသို့ပြန်ကြွပေတော့အံ့" ဟူ၍ မိန့်ကြားတော်မူ၏။ ဤတွင် သိကြားမင်းက ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းသုံးသွယ်ကို ဖန်ဆင်းပေး၏။ ယင်းစောင်းတန်းသုံးသွယ်၏အခြေတို့ သင်္ကဿမြို့တံခါးတွင် တည်ကုန်၏။

စောင်းတန်းဦးမှာ မြင်းမိုရ်တောင်ထိပ်၌တည်၏။ ယင်းစောင်းတန်းသုံးသွယ်အနက် လက်ယာဘက်က ရွှေစောင်းတန်းမှာ နတ်များ အတွက်ဖြစ်၏။ လက်ဝဲဘက်က ငွေစောင်းတန်းမှာ ဗြဟ္မာကြီးများအတွက်ဖြစ်၏။ အလယ်က ပတ္တမြားစောင်းတန်းမှာ ဗုဒ္ဓမြတ်စွာအတွက်ဖြစ်၏။ မြင်းမိုရ်တောင်ထိပ်တွင် ရပ်တော်မူကာ ရေမီးအစုံစုံတန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီး အထက်ကောင်းကင်သို့ ကြည့်တော်မူ၏။ ထိုအခါ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် အဆီးအတားမရှိ ဟင်းလင်းဖြစ်သွား၏။ အောက်အရပ်သို့ ကြည့်တော်မူလျှင် အဝီစိငရဲကြီးတိုင်အောင်သော အရပ်တို့မှာ အပိတ်အပင်၊ အဆီးအတားမရှိ ဟင်းလင်းဖြစ်၍သွား၏။ ထို့နောက် ထောင့်အရပ်တို့ကိုကြည့်တော်မူလျှင် ပတ်ဝန်းကျင်စကြဝဠာတိုက်ပေါင်း ထောင်ပေါင်းများစွာတို့ အဆီးအတားမရှိ ဟင်းလင်းဖြစ်ကြကုန်၏။ နတ်ဗြဟ္မာတို့က လူတို့ကို မြင်ရ၏။ လူတို့ကလည်း နတ်ဗြဟ္မာတို့ကို မျက်ဝါးထင်ထင်တွေ့မြင်ကြရ၏။

မြတ်ဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် လှပတင့်တယ်စွာအလယ်ဗဟို၌ရှိသော ပတ္တမြားစောင်းတန်းဖြင့် သက်ဆင်း ကြွမြန်းတော်မူ၏။ နတ်အပေါင်းက လက်ယာဘက်ရွှေစောင်းတန်းဖြင့် လိုက်ပါသက်ဆင်းလာကြ၏။ ဗြဟ္မာကြီးများက လက်ဝဲဘက်ငွေစောင်းတန်းဖြင့် သက်ဆင်းလာကြ၏။ပဉ္စသိခနတ်သားက သုံးဂါထာဝုတ် ပမာဏရှိသော ဗေဠုဝစောင်းကြီးကို လက်သံကုန်တီး၍ ပူဇော်ကာ လက်ယာနံပါးမှ သက်ဆင်းလိုက်ပါလာ၏။ မာတလိနတ်သားကနတ်၌ဖြစ်သော ပန်းနံ့သာ အမွှေးအကြိုင်တို့ကို ကိုင်စွဲလျက် ဘုရားရှင်ကို ရှိခိုးပူဇော်ကာ လက်ဝဲနံပါးမှ သက်ဆင်းလိုက်ပါလာ၏။

သုယာမနတ်မင်းသည် စာမရီသားမြီးယပ်ကို ခတ်လျက်လည်းကောင်း၊ သန္တုသိတနတ်မင်းသည် ပတ္တမြားယပ်ဝန်းကို တလွဲလွဲခတ်လျက်လည်းကောင်း၊ သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကိုမှုတ်လျက်လည်းကောင်း လက်ယာဘက်မှပူဇော်၍ သက်ဆင်းပြီးလိုက်ပါလာကြ၏။ လက်ဝဲဘက်ရှိငွေစောင်းတန်းမှ သဟံပတိဗြဟ္မာကြီးသည် ဗြဟ္မာ့ထီးဖြူကြီးကို ဆောင်းမိုး ပူဇော်ကာ သက်ဆင်းလိုက်ပါလာကြ၏။

မြတ်ဘုရားရှင်သည် ဗြဟ္မာအပေါင်းတို့ ခြံရံလျက် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူခဲ့၏။ လူ့ပြည်သို့ အရောက် စောင်းတန်းဦး၌ လက်ယာခြေတော်ကိုချမိလျှင် မြတ်ဘုရားရှင်ကို ရှင်သာရိပုတ္တရာမထေရ်သည် ရှေးဦးစွာ ရှိခိုးပူဇော်၏။ ပရိသတ်အပေါင်းတို့က ရှိခိုးပူဇော်ကြ၏။ ထိုသင်္ကဿမြို့တံခါးဝ၌ စောင်းတန်းမှ ရှေးဦးဆုံးလက်ယာခြေတော်ချသောအရပ်သည် နောင်သောအခါ "အစလစေတီယဋ္ဌာန" ဟူ၍ အမည်ထင်ရှား၏။ မြန်မာတို့သည် မြတ်ဘုရားရှင် တာဝတိံသာမှ သက်ဆင်းတော်မူခဲ့သည်ကိုအကြောင်းပြု၍ "တာဝတိံသာပွဲတော်" မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကို အကြောင်းပြုပြီး "မီးမြင်းမိုရ်ပွဲ" ဟူ၍ ခေါ်ဝေါ်ကြ၏။

ပုဂံခေတ်ထိုကျောက်စာများရှိ ကောင်းမှုစာရင်းတွင် ကထိန်အလှူ၊ ပုံ့သကူအလှူ၊ မီးပုံးအလှူနှင့် ညောင်ရေသွန်းအလှူစသည်တို့တွေ့ရ၏။ သီတင်းကျွတ်မီးပူဇော်ပွဲကို မတွေ့ရပါ။ သို့သော် ထိုခေတ်ကရေးဆွဲခဲ့သော နံရံဆေးရေးပန်းချီကားချပ်ကိုထောက်ရှုပြီး ပုဂံခေတ်တွင် မီးထွန်းပွဲတော်ပြုလုပ်ခဲ့ကြောင်း ယူဆနိုင်၏။ ယင်းပန်းချီကားချပ်မှာ မြင်းကပါဂူပြောက်ကြီးဘုရားတွင်တွေ့ရသော ပန်းချီကားဖြစ်သည်။ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်တို့တွင် ဆီမီးမြင်းမိုရ်မီးထွန်းပွဲတော်ကို ဘုရင်များကိုယ်တိုင်ဦးစီး၍ လုပ်ဆောင်ခဲ့သည်။ ထိုမီးမြင်းမိုရ်ပွဲသဘင်ကို မင်းနေပြည်တော်နှင့် အခြားသောမြို့ရွာများတွင်လည်း ဆင်ယင်ကျင်းပလေ့ရှိ၏။ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ လပြည့်ကျော် ၁ ရက်နေ့၊ အခါသုံးရက်တွင် မြို့တွင်းရွှေစည်းခုံ၊ ကူတော်သစ်၊ မာရ်အောင်ရတနာ၊ ရွှေရင်းရဲ၊ ရန်အောင်မြင်၊ မဟာမြတ်မုနိ၊ တံတားဦး၊ မင်္ဂလာစေတီ၊ ပန်းယရွှေစည်းခုံ၊ တူးရွှင်းခြေဘုရား၊ စစ်ကိုင်းချမ်းသာကြီး၊ ရှင်ဖြူရှင်လှ၊ ပုညစေတီ၊ ပတ္တမြားစေတီ၊ ရာဇမဏိစူဠာ ဘုရားများကို ဘုရားတစ်ဆူလျှင် ဆီမီးခွက်ထွန်းပြာသာဒ်မီးခွက် ၁၀၀၊ မီးစာခုံနှင့်ဆီသုံးပိဿာ၊ မီးထွန်းကြပ်သွေးသောက်စုမြင်းတော်သည် ရွှေပန်းပန်နှစ်ယောက်စီခန့်ပြီး သုံးရက်မီးပူဇော်ရ၏။

သီပေါမင်းတရားလက်ထက် မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ် သီတင်းကျွတ်လတွင် ကျင်းပခဲ့သည့် မီးထွန်းပွဲတော်မှာ ကြီးကျယ်စည်ကားလှ၏။ ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီးတတိယတွဲမှ ကောက်နုတ်တင်ပြရပါလျှင်-

"သီတင်းကျွတ်လအခါ ဆီမီးမြင်းမိုရ် ထွန်းညှိပူဇော်



တော်မူခြင်း၊ မင်းပွဲသဘင်ဆင်တော်မူမြဲ အစဉ်ထုံးစံရှိသည့်အတိုင်း ဆီမီးမြင်းမိုရ် ညှိထွန်းပူဇော်တော်မူရန် နန်းမြို့တော်အတွင်း လွှတ်တော်မြောက်တော်၊ အရှေ့မြင်းမိုရ်နှင့် ရုပ်စုံစင်၊ ဝင်းတော်လေးမျက်နှာတွင် ရွှေဆင်တော်ထားရန် တန်ဆောင်းလေးရပ်နှင့် ရုပ်စုံစင်၊ အထူးပူဇော်တော်မူရန် မြေနန်းတော်ယာဘက်တွင် ယာယီစံနန်းတော်နှင့်တကွ အရှေ့ဝင်္ကပါတော်၊ အနောက်စမုတ်တော်ဝဲယာတွင် လေးကျွန်းမြင်းမိုရ်ဝင်္ကပါတော်၊ ပွဲသဘင်ခင်းကျင်းရန် တောင်နန်းတော်ဦး ပွဲကြည့်ဆောင်တော်ရှေ့တွင် စက်ယန္တရားများဖြင့် လုပ်ဆောင်ရသော ပါရသီဇာတ်ရုံတော်ကြီးနှင့် ဇာတ်ရုံတော်ရှေ့တွင် ဝဲယာခွဲဝေဖွင့်လှစ်ထားနိုင်သော အခြေစက်ဘီးတပ် လက်ယုက်ရုပ်စုံစေတီတော်၊ တစ်ဆယ့်ခြောက်ဌာနဘုရားရှင်များတွင် ပွဲသဘင်ခင်းကျင်းရန် ရုပ်စုံစင်တော်၊ အလုပ်အဆောင်များနှင့် အထွတ်ထုပိကာတင် ရွှေထီးစိုက်တန်ဆောင်း ဆင်ရုပ်ဆောင်း ဆင်ရုပ်နှင့်တကွ လှူဒါန်းရန် ရွှေဆင်တော်လေး၊ ဆင်နီတော်တစ်၊ အလုပ်အဆောင်များမှာ အလုပ်ရုံဌာနအရာရှိတို့က ဆင်ဖြူတော်၊ ဆင်နီတော်၊ အောက်မားရုံဆင်တော်များမှာ ဆင်ဝန်အရာရှိတို့က မြင်းယာဉ်တော်များမှာ စီးတော်မြင်းဝန်အရာရှိတို့က ဖောင်တော်၊ လှေတော်၊ သဘော်သမ္ဗာန်တော်များမှာ လှေဖောင်အရာရှိတို့က တိုက်ကျိုကြတော်များမှာ ကျိုးဝန်အရာရှိတို့က မီးပဒေသာ၊ မီးဥပါစသော မီးမျိုးစုံများမှာ တရုတ်၊ ကုလား၊ ယိုးဒယား၊ လင်းဇင်း၊ မီးပန်းအရာရှိတို့က တစ်ဆယ့်ခြောက်ဌာန ဘုရားရှင်များသို့ မီးစောင်းတန်းသွယ်တန်း၍ အထူးပူဇော်တော်မူရန် မှန်မီးပေါင်းကျောက်ဖယောင်းတိုင်သေတ္တာများနှင့် ရွှေနန်းတော်ကြီးက မဟာမုနိဘုရားရောက် သွယ်တန်းသည့် မီးစောင်းတန်းမှာ ဝဲယာမီးတိုင်တစ်တိုင်လျှင် တစ်စင်းကျစိုက်ဆောက်ရန် နိုင်ငံခြားဖြစ် အထူးအဆန်းပန်းမျိုးစုံ၊ နိုင်ငံတော်ဖြစ် ဘော့ပန်းမျိုးစုံတို့ဖြင့် လုပ်ဆောင်အပ်သော ပန်းတံအမျိုးမျိုး သွယ်တန်းရန် ပန်းဆိုင်း၊ ပန်းတံခွန်အမျိုးမျိုးများမှာ ရွှေတိုက်တော်အရာရှိတို့က အသီးသီး ဆိုင်သင့်ရာရာ ပွဲတော်အခါမတိုင်မီ ပြီးပြေအောင် စရိတ်ငွေတော်နှင့် လုပ်ဆောင်အသင့်ရှိစေပြီးလျှင် သီတင်းကျွတ်လဆန်း ၉ ရက်နေ့က ယင်းသည်လဆန်း ၁၄ ရက်နေ့အထိမှာ ဝင်းတော်လေးမျက်နှာရုပ်စုံစင်များက ညစဉ်တစ်ပြိုင်တည်း ရုပ်စုံပွဲသဘင်ခင်းကျင်းပြသရသည်။ အရှေ့မြင်းမိုရ်၊ အနောက်မြင်းမိုရ်၊ အရှေ့ဝင်္ကပါ၊ အနောက်ဝင်္ကပါတော်များမှာ ယင်းသည်လပြည့်ကျော် ၁ ရက်နေ့ညမှ ၃ ရက်နေ့ညအထိ တစ်ပြိုင်တည်း ဆီမီးညှိထွန်းပူဇော်တော်မူ သည်ဟူ၍ မှတ်တမ်းပြုထား၏။

သာသနာ့ဝန်ထမ်းရဟန်းတော်များနှင့်သာ သက်ဆိုင်သော ပွဲတော်သည် ပဝါရဏာပွဲတော်ဖြစ်၏။ လပြည့်၊ လကွယ်နေ့တိုင်း ခါတုဒ္ဒသဉပုသ်၊ ပန္နရသဉပုသ်များကို ထိုက်သလိုပြုကြရ၏။ သို့သော် သီတင်းကျွတ်လပြည့်နေ့တွင် ဝိနည်းဒေသနာတော်အရ ဉပုသ် အစားပဝါရဏာပြုကြ သော်လည်း ပဝါရဏာဆိုသောပါဠိမှာ "ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း" ဟု အဓိပ္ပာယ်ရ၏။ ရဟန်းတော်များအချင်းချင်း အပြန်အလှန်ဖိတ်ကြားသည်(ဝါ)တိုက်တွန်းတောင်းပန်သော ပွဲပင်ဖြစ်၏။

"ငါ့ရှင်တို့၊ တပည့်တော်သည် သံဃာကိုဖိတ်ကြားပါ၏။ တပည့်တော်၏အပြစ်ကို မြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ သံသယရှိသော်လည်းကောင်း တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကို ရှု၍ကုစားပါမည်" ဟု သုံးကြိမ်တိုင်တိုင် သံဃာအား ဖိတ်ကြားတိုက်တွန်းရ၏။ ယင်းသို့ရဟန်းတော်များအချင်းချင်း အပြန်အလှန်ဖိတ်ကြားတိုက်တွန်းသောပွဲကို ပဝါရဏာပွဲဟုခေါ်၏။ မြတ်ဘုရားရှင်၏ ပဝါရဏာတော်သည် သူတစ်ပါးတို့၏ ဝေဖန်ရေးကို အနူးအညွတ်ဖိတ်ခေါ်သောပွဲဖြစ်ပြီး လမ်းစဉ်ကောင်းကြီးတစ်ခုဖြစ်၏။ ထိုလမ်းစဉ်ကောင်းဖြင့် သံဃာတော် အချင်းချင်းစည်းလုံးညီညွတ်ရေး၊ ပုဂ္ဂိုလ်သန့်စင်ရေး တရားများကို ရယူနိုင်ခဲ့ပြီး နှစ်ပေါင်း ၂၅၄၀ ကျော် တည်တံ့အောင် ထိန်းသိမ်းနိုင်ခဲ့၏။

ဓလေ့ရိုးရာထုံးစံကောင်းအစဉ်အလာကို အကြောင်းပြုပြီး လောကသမုတိနတ်များဖြစ်သော မြန်မာဘုရင်နှင့် မိဖုရားတို့သည် သီတင်းကျွတ်သောအခါ ရွှေနန်းတော်ကြီးအတွင်း၌ ပူဇော်ကန်တော့ခံပွဲကို ကျင်းပလေ့ရှိလာခဲ့၏။ မျက်မှောက်ခေတ်ကာလတွင် သက်ကြီး ရွယ်အိုများအား အခမ်းအနားဖြင့် အထူးပူဇော်ကန်တော့သည့် နည်းမျိုးလည်းရှိ၏။ ကျောင်းအလိုက် ကျောင်းသားကျောင်းသူများ စုပေါင်း၍ ဆရာသမားများအား ပူဇော်ကန်တော့ကြသော အာစရိယပူဇော်ပွဲမျိုးလည်းရှိ၏။ ဗုဒ္ဓစာပေတွင် အာမိသပူဇာ၊ ဓမ္မပူဇာဟု ပူဇော်နည်းနှစ်မျိုးရှိ၏။ ဝတ္ထုပစ္စည်းတစ်ခုဖြင့် လှူဒါန်း၍ ပူဇော်ခြင်းသည် အာမိသပူဇာမည်၏။ လှူဒါန်းမည့်ပစ္စည်းဝတ္ထုမပါဘဲ လက်အုပ်ချီမိုး ရှိခိုး၍ ပူဇော်ခြင်းကို ဓမ္မပူဇာမည်၏။ လောကအကြောင်းအနေဖြင့်ကြည့်လျှင် သက်ကြီး ရွယ်အိုများထံမှ အဖိုးတန်သော ဆုံးမစကားများကို နာကြားရခြင်း၊ ပညာရှိသူတော်ကောင်းများ၏ ချီးမွမ်းမှုကိုခံရခြင်း၊ လူချစ်လူခင်ပေါ်များခြင်း၊ ယဉ်ကျေးသူများဟု အသိအမှတ်ပြုခံရခြင်းစသော အကျိုးတရားများကို ရရှိနိုင်၏။ ဓမ္မအကြောင်းအနေဖြင့် ကြည့်လျှင် ပူဇာစပူဇနေယျာနံ မင်္ဂလာ၊ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတမင်္ဂလာ၊ သောဝစဿတာ မင်္ဂလာစသော တရားတော်များဖြင့် အကျိုးထူးများကို ခံစားနိုင်ကြောင်း ဘုရားရှင်ဟောကြားထားသည်ကို တွေ့ရ၏။

သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်းသည် အပြစ်ကို ကုစားခြင်းနှင့်အပြစ်ကို ပပျောက်စေနိုင်သောနည်းတို့ဖြစ်၏။ သံသရာခရီးသည်သတ္တဝါများသည် အတိတ်ဘဝများ၌ဖြစ်စေ၊ ပစ္စုပ္ပန်ဘဝ၌ဖြစ်စေ၊ ကိုယ်နှုတ်နှလုံးသုံးပါးတို့တွင် တစ်ပါးပါးဖြင့် တစ်ဦးအပေါ် တစ်ဦးပြစ်မှားခဲ့မှုများရှိနိုင်၏။ ထိုအပြစ်များကို တောင်းပန်ပူဇော်ကန်တော့သောနည်းဖြင့် ပပျောက်စေနိုင်သည်ဟု မြတ်ဘုရားရှင် ဟောကြားတော်မူခဲ့၏။ ထိုသက်ကြီးဝါကြီးပူဇော်ကန်တော့ပွဲသည် အပြစ်ကြီးငယ်တို့ကို ပပျောက်စေနိုင်သော အကျိုးရှိသော အစဉ်အလာရိုးရာဓလေ့ကောင်းဖြစ်၍ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အစဉ်ရှိနေအပ်ပေ၏။ ။

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း




Sein Hinn




Peace Myanmar Electric Co.,Ltd. ၏ Dealer တစ်ဦးဖြစ်သော Sein Hinn (Bago) မှ Mitsubishi Electric Air Conditioner များ တပ်ဆင်ထားသည့် Icon Shopping Center အား ပဲခူးမြို့တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့် Icon Shopping Center ဖွင့်ပွဲ အခမ်းအနားကို ပဲခူးမြို့တွင် (11-10-2016)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် Sein Hinn(Bago) / Icon Shopping Center အနေဖြင့်လည်း ဆထက်ထမ်းပိုး အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

PME Co., Ltd.
ISO 9001: 2008

ဦးခင်မောင်မြတ်
(Executive Director)







ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၀၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉









## ဂုဏ်ယူဝမ်းမြောက်ခြင်း






**UEC**

ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော

**United Education Centre**

**GRADE 1 - GRADE 11**

ကကက-၁၃/၂၂/၂၃၅

မောင်လွင်မင်းသိန်း
(ဆကရ.၁၄၄၂)
သာသာစုံဂုဏ်ထူးရှင်




# ကိုယ်ပိုင်အထက်တန်းကျောင်း

(၁၈-၉-၂၀၁၆) နေ့တွင် MCC ခန်းမ၌ ကျင်းပသော ပညာရည်ချွန်ဆုပေးပွဲသို့ကြွရောက် ချီးမြှင့်ပေးပါသော ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာသန်းဇော်မြင့် ဆေးတက္ကသိုလ် (၁) ၏ဂုဏ်ထူးဆောင်ပါမောက္ခဒေါက်တာ ဒေါ်ကြည်ကြည်သင်း နှင့် ပါမောက္ခဒေါက်တာဦးမျိုးဝင်း နှင့် မိဘများ၊ ဧည့်သည်တော်များအား အထူးကျေးဇူးတင် ဝမ်းမြောက်ကြောင်း



**၂၀၁၇-၁၈ ပညာသင်နှစ် အထူးအစီအစဉ်များ**

- အိမ်တွင် မိမိကလေးအား အချိန်မပေးနိုင်သောမိဘများအတွက် စတုတ္ထတန်းမှ အဋ္ဌမတန်းအထိ အထူး **STUDY CAMP** ကိုယခုနှစ် စာသင်နှစ်တွင် တိုးချဲ့ဖွင့်လှစ်ပါမည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆို ပြည့်စုံစွာ စီစဉ်ထား၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
- သတ္တမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ အဆင့်မြင့်ဘော်ဒါနှင့် **DAY CAMP** များကို ၂၀၁၇ မတ်လဆန်း မှ စတင် သင်ကြားပါမည်။
- အဆောင်များသည် အင်းယားကန်ပေါင်အနီးရှိ လုံးချင်းခြံကျယ်များဖြစ်ပြီး ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။
- **UEC** (၄) ထပ် စာသင်ကျောင်းသစ်ကြီးတွင် ကျယ်ဝန်းသော **Air-con** တပ် စာသင်ခန်းများဖြင့် မိမိတို့ရင်သွေးများအား ချမ်းမြေ့ပျော်ရွှင်စွာ သင်ကြားခွင့်ရစေသည်။ မူလတန်း နှင့် အလယ်တန်းများအတွက် **Extracurricular Activities** များ ပြည့်စုံစွာ စီစဉ်ထားသည်။

ကျောင်း ● အမှတ်(၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်၊ ရန်ကုန်မြို့။ Ph: 09 78 002 0647, 09 77 244 7890, 09 51 57988, 09 51 62238

ကျောင်းသူဆောင် ● မြေအမှတ်(၁၅ A နှင့် B ) စံရိပ်ငြိမ်(၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းသားဆောင် ● မြေအမှတ်(၄) စံရိပ်ငြိမ်(၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

---

ကြေးအိုးကြီးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ

## တိုက်ခန်းတစ်ခန်း ဝယ်ယူပြီး OK$ ဖြင့် ငွေပေးချေမှုအတွက်

## အဲယားကွန်း ၂ လုံး လက်ဆောင်ရနိုင်မည့် အထူးအခွင့်အရေး



အစီအစဉ်ကာလ - ၈.၁၀.၂၀၁၆ မှ ၁၅.၁၀.၂၀၁၆ အထိ Hot Line - 09 31815555, 09 31816666

---

# အောင်သပြေ အရောင်းပြခန်းမော်လမြိုင်တွင်ဖွင့်ပြီ

(သီတင်းကျွတ် -တန်ဆောင်တိုင်အထူးလျှော့ဈေး)နံနက်(၈)နာရီမှ ည(၈)နာရီထိ ပိတ်ရက်မရှိ

ပယောင်းပုဆိုး၊ ဘယ်လ်ဂျီယံကော်ဇော၊ ၁၂ ပေ အနံမွေးပွကော်ဇော၊ Tile Carpet၊ မိုးရေကာဖျင်၊ ကိုရီးယားကြမ်းခင်း၊ ဖျာ၊ ထိုင်ခင်းမျိုးစုံနှင့် အိမ်သုံးကုန်ပစ္စည်းများ





အမှတ်(၅၄)၊အောက်လမ်းမကြီး၊အောက်ဈေးကြီးရှေ့၊ဖက်တန်းရပ်၊မော်လမြိုင်။ဖုန်း-၀၅၇-၂၃၁၁၆

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒက္ခိဏသီရိမြို့နယ်၊ မဥ္ဇူသက(A)လမ်းနှင့် ခတ္တိယလမ်းထောင့်ရှိ အကွက်အမှတ်(ဒ-၈၃/၈၄)တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ သင်တန်းကျောင်း RC တစ်ထပ် ကွန်ကရစ်ခင်း အဆောက်အအုံ(၁)လုံး တည်ဆောက်လုပ်လိုပါသဖြင့် စိတ်ပါဝင်စားသူများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်း | Lot No | သတ်မှတ်စံချိန်စံညွှန်း |
|---|---|---|---|
| (က) | တည်ဆောက်ရေး | Lot-1 | RC ကွန်ကရစ်ခင်း (၁)ထပ် အဆောက်အအုံဆောက်လုပ်ခြင်း<br>အရှေ့ဘက်- အလျား(၁၈၂)ပေ၊ အနံ (၃၀)ပေ၊ အမြင့် (၁၂)ပေ<br>အနောက်ဘက်- အလျား(၉၀)ပေ၊ အနံ (၅၂)ပေ၊ အမြင့် (၁၄)ပေ<br>သွပ်မိုး၊ RC၊ ကွန်ကရစ်ခင်း (၁)ထပ် (အတွင်းလျှပ်စစ်မီး၊ ရေသန့်၊ မိလ္လာ လုပ်ငန်းအပါအဝင်) |

(ခ) **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၁၆ ရက်မှ ၃၀-၁၀-၂၀၁၆ ရက် ညနေ ၃နာရီထိ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၁၀-၂၀၁၆ရက် ညနေ ၄နာရီ
(ဂ) **တင်ဒါတင်သွင်းရန်နေရာ** - ဒုတိယအမြဲတမ်းအတွင်းဝန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ အောက်ဖော်ပြပါဌာနတွင် ရုံးအချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိလိုက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**ရုံးအမှတ်(၄၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၀၀၆၊ ၀၆၇-၄၃၁၃၅၀**

## ပင်စင်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန(ရုံးချုပ်) နေပြည်တော်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| | ရာထူး | နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | စိစစ်ရေးမှူး(၄) | ၁၂ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ (စီးပွားရေး၊ ဥပဒေ၊ ကွန်ပျူတာ၊ အင်္ဂလိပ်စာဘွဲ့ ဦးစားပေးမည်) |
| (ခ) | အမှုတွဲထိန်းရာထူး | ၃ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ (စီးပွားရေး၊ ဥပဒေ၊ ကွန်ပျူတာ၊ အင်္ဂလိပ်စာဘွဲ့ ဦးစားပေးမည်) |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၀-၁၀-၂၀၁၆ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀) ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က) လျှောက်ထားသူ၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) လျှောက်ထားလိုသည့်ရာထူး
(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့်ကျောင်း/တက္ကသိုလ်
(စ) မိဘအမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၄င်းတို့၏အလုပ်အကိုင်
(ဆ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်
(ဇ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ
၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) နှစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
(စ) သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
၅။ လျှောက်လွှာကို ၂၈-၁၀-၂၀၁၆ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော စည်းကမ်းနှင့်မကိုက်ညီသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။
၆။ ရေးဖြေစာမေးပွဲအား ၁၉-၁၁-၂၀၁၆ ရက် (စနေနေ့)တွင် ရေးဖြေစာမေးပွဲကို နေပြည်တော်(ရုံးချုပ်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အင်္ဂလိပ်စာ၊ မြန်မာစာ၊ အထွေထွေဗဟုသုတ ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများအား ၁၈-၁၁-၂၀၁၆ ရက်တွင် မိမိလျှောက်လွှာတင်ထားသည့် ပင်စင်ဦးစီးဌာန၊ ရုံးချုပ်၊ ရုံးအမှတ် ၃၄၊ နေပြည်တော်တွင်ထုတ်ပေးမည် ဖြစ်ပါသည်။
၇။ အသေးစိတ်သိရှိလိုပါက ပင်စင်ဦးစီးဌာနရုံးချုပ်၊ ရုံးအမှတ် ၃၄၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၄၁၈၊ ၀၆၇-၄၁၀၄၁၉ သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပင်စင်ဦးစီးဌာန**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ မြင်းတဲကျေးရွာ (အထက-ခွဲ)၊ အဋ္ဌမတန်းမှ မောင်ရန်မျိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးဖိုးသောင်း ၉/ပဘန(နိုင်)၀၅၆၄၉၅ ဖြစ်ပါကြောင်း။

**ဦးဖိုးသောင်း**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ မိုးကောင်းကျေးရွာ (အထက-ခွဲ) နဝမတန်းမှ မောင်ပြည့်စုံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဘု ၉/ပဘန(နိုင်)၀၄၈၉၆၈ ဖြစ်ပါကြောင်း။

**ဦးမောင်ဘု**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကရင်ပြည်နယ်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါပိတ်ရက် ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ဆုံဆည်းမြိုင် စံကိုက်တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါပိတ်ရက်ကို ၇-၁၀-၂၀၁၆ ရက်အဖြစ် ကြော်ငြာခဲ့ပါသည်။ သို့သော် လုပ်ငန်းလိုအပ်ချက်အရ ၄င်းအိတ်ဖွင့်တင်ဒါပိတ်ရက်ကို ၃၁-၁၀-၂၀၁၆ ရက် ၁၆း၀၀ နာရီအထိ ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ**
**ဖုန်း-၀၅၈-၂၃၄၉၃**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း/လုပ်ငန်း | တင်ဒါပိတ်မည့်ရက် |
|---|---|---|---|
| ၁ | 17(T)/YESC/16-17 | ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊66/33/11/6.6KV ဓာတ်အားခွဲရုံများတွင် အသုံးပြုရန်မြေအောက်ဓာတ်ကြိုးဌာနခွဲအတွက်လိုအပ်သောပစ္စည်းများဝယ်ယူရန် | ၂၅.၁၀.၂၀၁၆ |

တင်ဒါပုံစံ စတင်ရောင်းမည့်ရက် - (၁၁.၁၀.၂၀၁၆)
တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကိုအောက်ပါ လိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊
ပစ္စည်းစီမံရေးဌာန၊ ရန်ကုန်မြို့
ဖုန်း၊ ၀၁-၂၂၀၈၁၆

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၄/၂၀၁၆)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**
(က) **စက်နှင့် စက်အရန်ပစ္စည်းများ** - Air Conditioner (2 Items), Refinery Standard Gas (3 Cyls), Filled Water Pump with Motor(1)Set, Cooler Tubes for Gas Cooler(E-1703)(325)Nos, Battery (2) Items, York N Oil (Refrigeration Compressor Oil)(2) Drums,
(ခ) **ဓာတုဗေဒပစ္စည်းများ** - Aluminium Trichloride(100) MT,

**နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**
(က) **ဓာတုဗေဒပစ္စည်းများ** - Antifoaming Agent(300)Kgs

၂။ Retender ပြန်လည်ခေါ်ယူသော Air Conditioner,Refinery Standard Gas, Filled Water Pump with Motor တင်ဒါအတွက်
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၁၀-၂၀၁၆ရက် ၁၂း၀၀နာရီ
၃။ **ကျန်တင်ဒါများအတွက်**
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၁-၁၁-၂၀၁၆ရက် ၁၂း၀၀နာရီ
၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် ၄၄၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ချမ်းအေးအနောက်၊ ဦးပိုင်/မြေကွက်အမှတ် (၃၁ ^ခ/၂) ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ ဦးမိုးသော်မြင့်အမည်ပေါက် အငှားဂရန် မြေကွက်မှ ဧရိယာ ၀ဒသမ ၀၈၂ဧကအား ဦးစိုးမိုးကျော် ၉/လဝန(နိုင်)၀၀၇၂၆၅ (ဘ) ဦးမြင့်သိန်းမှ မြေငှားစာချုပ်မူရင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း၊ အိမ်ထောင်စုဇယား မူရင်းများတင်ပြ၍ မြေငှားစာချုပ် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅/သာဇီအနောက်၊ ဦးပိုင်အမှတ်(၉၃ ^ဆ)၊ ဧရိယာ ၀ဒသမ ၀၆၆ ဧကရှိ ဦးသန်းထွန်း၊ ဒေါ်ခင်ဆွေအမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဦးသန်းထွန်း ၉/ပမန(နိုင်)၀၂၇၉၁၂ (ဘ) ဦးအောင်သွင်မှ မှတ်ပုံတင်ပေးကမ်းခြင်း စာချုပ်အမှတ် (၁၀၀/၁၉၈၉) ၂-၁၀-၁၉၈၉ မူရင်း၊ ပျဉ်းမနားမြို့နယ်မြေစာရင်းရုံး၏ မှန်ကန်ကြောင်းသက်သေခံမြေပုံ/မြေရာဇဝင် မူရင်း၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်များ တင်ပြ၍ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်း | Lot No | သတ်မှတ်စံချိန်စံညွှန်း |
|---|---|---|---|
| (က) | တည်ဆောက်ရေး | Lot-1 | ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးလမ်း၊ (၁၅၁၀'×၁၂'×၆") သံကူကွန်ကရစ်ခင်းခြင်း |
| (ခ) | တည်ဆောက်ရေး | Lot-2 | ဘားအံငါးလုပ်ငန်းဦးစီးဌာနရုံး (၄၀'×၁၀'×၂၀') RC တစ်ထပ် ဝန်ထမ်းနှစ်ခန်းတွဲနေအိမ်(၁)လုံး |
| (ဂ) | တည်ဆောက်ရေး | Lot-3 | လှိုင်းဘွဲ့မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး(၆၀'×၁၀'×၄၀') RC တစ်ထပ်ဝန်ထမ်းနှစ်ခန်းတွဲ နေအိမ်(၁)လုံးနှင့် (၅၄၀'×၁၀'×၁၀') မြေသားလမ်း(၁)ခု |
| (ဃ) | တည်ဆောက်ရေး | Lot-4 | ကျုံဒိုးငါးလုပ်ငန်းစခန်းမြေသားကန်(၃·၀၀)ဧက တူးဖော်ခြင်းလုပ်ငန်း |
| (င) | **တင်ဒါပုံစံရောင်းချမည့် ရက်နှင့်အချိန်** | - | ၄-၁၀-၂၀၁၆ ရက်မှ ၂၄-၁၀-၂၀၁၆ ရက် ညနေ ၄း၀၀နာရီ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်းဝယ်ယူပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန**
**ဘားအံမြို့**
**ဖုန်း-၀၅၈-၂၁၁၈၄၊ ၀၅၈-၂၁၀၁၂**

## CLAIMS DAY NOTICE
## M.V VIKING DIAMOND VOY: NO(1)

Consignees of cargo carried by M.V VIKING DIAMOND VOY: NO(1) are here by notified that the vessel will arrive of about 12-10-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မန္တလေးခရိုင်တရားရုံးတော်၌
### ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၂၁၂

ဦးခင်မောင်အေး **နှင့်** ၁။ ဒေါ်တင်လှ(ခ)ဒေါ်ဇင်ဇင်ဦး (ပါ-၄)
၂။ ဒေါ်မြင့်စန္ဒာဦး
၃။ မောင်အောင်ဇင်ဦး
၄။ မြင့်မာလာဦး
(ကွယ်လွန်သူ ဦးမြင့်ဦး၏ တရားဝင်ကိုယ်စားလှယ်စာ)

**တရားလို** **တရားပြိုင်များ**

(၁) ဒေါ်တင်လှ(ခ)ဒေါ်ဇင်ဇင်ဦး၊ (၂) မမြင့်စန္ဒာဦး၊ (၃) မောင်အောင်ဇင်ဦး၊ (၄) မမြင့်မာလာဦး (ကွယ်လွန်သူဦးမြင့်ဦး၏ တရားဝင်ကိုယ်စားလှယ်) အိမ်အမှတ်(၂၈၀)၊ ၈၂လမ်း ၂၆×၂၇လမ်းကြား၊ အကွက်(၆၁၃)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်မောင်အေးက အကျိုးဆောင်လုပ်အားခငွေကျပ်သိန်း ၃၀၀ (ကျပ်သိန်းသုံးရာတိတိ)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၁ရက် (၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် အောက်တိုဘာ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မူမူအေး)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**မန္တလေးခရိုင်တရားရုံး**

## အမည်ပြောင်း

ဦးဟန်မိုးအောင်၏သား ချမ်းမြသာစည်မြို့နယ် အထက(၃၀)၊ အဋ္ဌမတန်း(B)မှ မောင်အောင်ဇော်မိုးအား ယနေ့မှစ၍ မောင်ထူးအောင်ချွန်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထူးအောင်ချွန်**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ သစ်လှကျင်းကျေးရွာ (အလက-ခွဲ) ဆဋ္ဌမတန်းမှ မအိအိမော်၏ ဖခင်အမည်မှန်မှာ ဦးဘိုလင်း ၉/ပဘန(နိုင်)၂၁၉၂၅၀ ဖြစ်ပါကြောင်း။

**ဦးဘိုလင်း**

## မိဘအမည်မှန်

ပျော်ဘွယ်မြို့နယ်၊ ပိုရွာကျေးရွာ (အလက-ခွဲ)၊ ပဥ္စမတန်းမှ မချစ်ဖူးငုံ၏ မိဘအမည်မှန်မှာ ဦးကျော်စွာနိုင် ၉/ပဘန(နိုင်)၁၄၀၅၂၉ နှင့် ဒေါ်ခင်နီလာ ၉/ပဘန(နိုင်)၁၆၇၁၅၇ ဖြစ်ပါကြောင်း။

**ဦးကျော်စွာနိုင်-ဒေါ်ခင်နီလာ**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ သစ်လှကျင်းကျေးရွာ (အလက-ခွဲ) ဆဋ္ဌမတန်းမှ မပပဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်အေး ၉/ပဘန(နိုင်)၀၃၃၄၆၈ ဖြစ်ပါကြောင်း။

**ဦးကျော်အေး**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ မြင်းတဲကျေးရွာ (အထက-ခွဲ) အဋ္ဌမတန်းမှ မမိုးခိုင်နှင့် ဆဋ္ဌမတန်းမှ မသင်းသင်းမိုးတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဝင်း ၉/ပဘန(နိုင်)၀၄၄၃၄၁ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဝင်း**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
### မြို့နယ်တရားမရုံးတော်၌
### ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၉၅ နှင့်ဆက်နွှယ်သည့်
### ၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၄၂

ဦးဇာရဲထွန်း **နှင့်** ၁။ ဒေါ်မြလွင်
(၄င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဒေါ်တင်အုံး
ဒေါ်သန်းခိုင်ခိုင်ဝင်း) ၃။ ဦးဖြိုးဝေလင်း

**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ နတ်ရေကန်(၃)လမ်း၊ အမှတ် ၈၇၉/ခနေ (၁) ဒေါ်မြလွင်၊ (၂) ဒေါ်တင်အုံး၊ (၃) ဦးဖြိုးဝေလင်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၉၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဇာရဲထွန်း(၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သန်းခိုင်ခိုင်ဝင်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် အောက်တိုဘာ ၁၁ရက် (၁၃၇၈ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ခုနှစ် စက်တင်ဘာ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်စန်းမောင်)**
**တွံ့ဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ပျော်ဘွယ်မြို့နယ်၊ ရန်အောင်ကျေးရွာ၊ အထက(၄)၊ ပဥ္စမတန်း(A)မှ မအေးမြတ်မြတ်ဖူး၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၁၀-၂၀၀၆ ဖြစ်ပါကြောင်း။ **မအေးမြတ်မြတ်ဖူး**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ မိုးကောင်းကျေးရွာ (အထက-ခွဲ) နဝမတန်းမှ မောင်ဇော်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ် ၉/ပဘန(နိုင်)၀၇၂၉၂၀ ဖြစ်ပါကြောင်း။ **ဦးဝင်းဗိုလ်**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၆၂၂၈ ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းရင် (ကော့သောင်းမြို့)
### အသက် (၇၅)နှစ်

ဦးကျော်လွင်-မနီ၊ ဦးဘိ-ဒေါ်ရွှေဝါ၊ ဦးစိန်ကား-ဒေါ်ရှုပိ၊ ဦးသန်းစိုး-မအနွယ်၊ ကိုနောင်ပိန်-မစိုးစံတို့၏ ချစ်လှစွာသောမိခင် ဒေါ်သိန်းရင် (ကော့သောင်းမြို့)သည် ၅-၁၀-၂၀၁၆ ရက် နံနက် ၀၀း၅၀ နာရီတွင် ဇနိကောက်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းနိုင်ထွန်း-ဒေါ်ကက်စီ (နေပြည်တော်)**
**ဦးပါစီ-ဒေါ်ခင်မာကြည် (မန္တလေး)**
**ဦးအင်စိုး-ဒေါ်နိုင်နိုင်မွန် (ရန်ကုန်)**
**ဦးကျောက်စိမ်း-ဒေါ်အင်ပို (မြိတ်)**
**ဦးဟုန်နု-ဒေါ်စန်းစန်းယု (မြိတ်)**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြင့်မြင့် (ခ) ဒေါ်ချန်ဂင်လေး
### အသက် (၈၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သာယာရွှေပြည်ရိပ်မွန်၊ သာယာရွှေပြည်လမ်း၊ အမှတ် 3(G)နေ ဦးသိန်းမြင့် (ခ) အောင်တိန်ခွန်၏ဇနီး ရှိသေလေးစားထိုက်သူ ဒေါ်မြင့်မြင့်(ခ)ဒေါ်ချန်ဂင်လေးသည် ၇-၁၀-၂၀၁၆ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ အသွားလေး ကောင်းရာသုဂတိ လားပါစေ။

**ဒေါ်နီနီဝင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီးအေးဖေ (ငြိမ်း)
### ကင်ဆာအထူးကုသမားတော်ကြီး
### ဂုဏ်ထူးဆောင်နာယက၊ ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း
### အသက် (၈၀)

ကင်ဆာအထူးကုသမားတော်ကြီး ဗိုလ်မှူးကြီးအေးဖေ(ငြိမ်း)သည် ၇-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ချစ်တပည့်များ**
**ပါမောက္ခဒေါက်တာ ဒေါ်ရင်ရင်ထွန်း**
**ဒေါက်တာ ဒေါ်ရှုမွန်နှင့် ဒေါ်မိမိရီ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဇခိုင် (ခ) ဒေါ်အေးအေးခိုင်
### (ဆုထူးပန်အဘိဓမ္မာ)
### အထက်တန်းပြ (ငြိမ်း)၊ မိုးကုတ်သံဝေဇနိယ ဓမ္မပူဇာအဖွဲ့တည်ထောင်သူ (တရားပြဆရာမကြီး)
### အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ လေဆိပ်ရိပ်သာလမ်းနေ ဝဏ္ဏကျော်ထင်ဗိုလ်မှူးကြီးခင်မြင့်(ရေ) (ငြိမ်း)တရားရုံးချုပ် တရားသူကြီး (ငြိမ်း)၏ဇနီး ဒေါ်ဇခိုင်(ခ)ဒေါ်အေးအေးခိုင်သည် ၅-၁၀-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစောစံလင်း၊ ဦးခင်မောင်ကြီး၊ ဦးကျောက်၊ ဦးခင်မောင်လတ်၊ ဦးအောင်ဇော်ဦး**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီးအေးဖေ (ငြိမ်း)
### ကင်ဆာအထူးကုသမားတော်ကြီး
### ဂုဏ်ထူးဆောင်နာယက၊ ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း
### အသက် (၈၀)

ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း၊ ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးကြီးအေးဖေ(ငြိမ်း)သည် ၇-၁၀-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်း**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ ကံဘဲ့၊ မြေကွက်အမှတ် ၄၁/၇၊ မြေကွက်တည်နေရာအမှတ် ၁၈/ခ၊ မြဝတ်ရည်လမ်းသွယ်(၄)၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးမောင်ညဏ်)အမည်ပေါက် မြေပိုင်မြေအားအမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်(၅-၁၀-၁၉၈၇)ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးဖိုးကျောင်(တရားလို)မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် မရမ်းကုန်းမြို့နယ် တရားမရုံး၊ တရားမမှု အမှတ် ၂၆/၂၀၁၃၊ (၂၀-၂-၂၀၁၄)ဖြင့် ဦးမောင်ညဏ်အား (တရားပြိုင်)ထားရှိ၍ တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီ ရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ် ၉/၂၀၁၄ အရ တရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက် တရားရုံးမှ တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ(ဘီလစ်) ၁၁/ကတန(နိုင်)၀၀၀၆၇၄မှ တရားရုံးအထောက်အထား၊ မြေကွက်အမှတ် (၄၁/က)မှ (၄၁/၇)သို့ ပြင်ဆင်သည့် မရမ်းကုန်းမြို့နယ် တရားရုံး၏ ၂-၆-၂၀၁၆ရက်စွဲပါ (၂၆/၂၀၁၃) တရားမကြီးမှုအမှတ် အမိန့်တို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ပါမောက္ခ ဒေါက်တာဦးစိုးမြင့် (ထားဝယ်)
### သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး
### အငြိမ်းစားပါမောက္ခနှင့် ဌာနမှူး၊ သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်
### အသက် (၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ် (၁၂၇/အေ)နေ (ဦးဘအို-ဒေါ်စောခင်)တို့၏သား၊ (ဦးလှအောင်-ဒေါ်ညွန့်ညွန့်)တို့၏သားသမက်၊ [ပါမောက္ခ ဒေါ်အုံးကြည် (ငြိမ်း) သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်]၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဖေဝင်း-ဒေါ်ခင်ခင်စိန်)၊ ဦးဝင်း-(ဒေါ်ဇင်သွယ်)၊ ဦးမြကြွယ်-ဒေါ်ညွန့်ရည်တို့၏အစ်ကို၊ (ဦးထင်အောင်မြင့်)-ဒေါက်တာသန်းမေနီ (တာဝန်ခံဆရာဝန်ကြီး၊ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်း)၊ ဒေါက်တာရဲထွဋ် (Retired Consultant Anaesthestist UK)- ဒေါက်တာ သီတာမြင့် (GP, John Tasker House Surgery Dunmow, UK)၊ ဦးသက်တင် [MD, WAVEADD (S)PTE LTD)-ဒေါ်မြင့်မြင့်စိုး (နီတာ) (ခေတ္တ-စင်ကာပူ)၊ ဒေါက်တာဇော်အောင်မြင့် (စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်မြို့)-ဒေါ်ခင်စိုးနွယ် (City Mart Holding Co.,Ltd)တို့၏ ဖခင်ကြီး၊ တူ/တူမ ငါးယောက်တို့၏ဘကြီး၊ ဒေါက်တာအိဖြူထွဋ် (Rheumatology Registrar Addenbrokes Hospital, Cambridge)၊ မအိငယ်ထွဋ် (Trainee Solicitor London, UK)၊ ဒေါက်တာမြတ်နိုးထင်အောင်မြင့် (လ/ထ ညွှန်ကြားရေးမှူး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နေပြည်တော်)၊ မအိနီတာသက် (Cloudera)၊ ဒေါက်တာအိသဉ္ဇာအောင် (ပန်းလှိုင်စီလုံဆေးရုံကြီး)တို့၏အဘိုးသည် ၉-၁၀-၂၀၁၆ရက် နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၀-၂၀၁၆ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ပါမောက္ခ ဒေါက်တာဦးစိုးမြင့် (ထားဝယ်)
### သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး
### အငြိမ်းစားပါမောက္ခနှင့်ဌာနမှူး၊ သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၁၂၇၊အေ)နေ (ဦးဘအို-ဒေါ်စောခင်)တို့၏သား၊ (ဦးလှအောင်-ဒေါ်ညွန့်ညွန့်)တို့၏သားသမက်၊ ပါမောက္ခဒေါ်အုံးကြည်(ငြိမ်း) (သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်-ဒေါ်ဆွေဆွေသိန်း၊ ဒေါက်တာပြည်ညွန့်-ဒေါက်တာခင်မာအေး၊ (ဒေါ်တင်မြမူ-ဦးဖေမြင့်)၊ ဦးတင်ထွန်းသက်-ဒေါ်မေဆန်းမြင့်၊ ဦးသန်းတန်-ဒေါ်မာဂရက်၊ (ဒေါ်အေးအေးသက်)၊ (ဒေါ်တင်စောမူ)-ဦးအောင်သင်း၊ (ဒေါ်တင်ထွေးမူ)-ဦးထိန်ဝင်း၊ (ဒေါ်မေမေသက်)၊ ဒေါ်ခင်မြအိ-ဦးဦးမြင့်၊ ဦးနေထွန်းသက်-ဒေါ်ခင်ဝေကျော်၊ ဒေါ်စန်းစန်းသက်၊ ဦးသိန်းထွန်းသက်-ဒေါ်နွဲ့နွဲ့ဦး၊ ဦးစောအောင်-ဒေါ်ဆွေဆွေမြင့်၊ ဦးသန်းအောင်-ဒေါ်နီနီ၊ ဦးထင်အောင်-ဒေါ်ခိုင်မွန်မြတ်၊ ဒေါ်သီဂီမျိုးအောင်၊ ဦးမေတ္တာအောင်-Ms.Nan၊ ဒေါ်စန္ဒာအောင်-Mr.Bob Steben၊ (ဦးငြိမ်းချမ်း)၊ (ဒေါ်ရူပါမြင့်)-ဦးချစ်ဝင်း၊ ဦးလွင်အောင်-ဒေါ်အိရွှေစင်အေး၊ ဒေါ်ဥမ္မာမြင့်-ဦးသီဟကိုကိုသက်၊ ဒေါ်မာလာအောင်၊ ဒေါက်တာတင်စန္ဒာမျိုး၊ ဒေါ်နှင်းအိခိုင်မျိုး၊ ဒေါ်သီတာမျိုးမြင့်၊ ဒေါက်တာစန္ဒာမျိုးမြင့်တို့၏ဘကြီး၊ ဦးလေးသည် ၉-၁၀-၂၀၁၆ရက် နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၀-၂၀၁၆ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူတူ၊ တူမများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ပါမောက္ခ ဒေါက်တာဦးစိုးမြင့် (ထားဝယ်) အသက် (၉၄)နှစ်
### သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး
### အငြိမ်းစားပါမောက္ခနှင့် ဌာနမှူး၊ သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ် (၁၂၇/အေ)နေ (ဦးဘအို-ဒေါ်စောခင်)တို့၏သား၊ (ဦးလှအောင်-ဒေါ်ညွန့်ညွန့်)တို့၏သားသမက်၊ [ပါမောက္ခ ဒေါ်အုံးကြည်(ငြိမ်း)သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်]၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးစိုးညွန့်)၊ (ဦးညွန့်လှိုင်-ဒေါ်မေကြွေ)၊ (ဦးကြည်စိန်-ဒေါ်ကြည်ကြည်)၊ (သခင်ဗသိန်းတင်-ဒေါ်မိလေး)၊ (ဗိုလ်မှူးကြီးဖေသက်-ဒေါ်တင်ညွန့်)၊ (ဦးဖေညွန့်-ဒေါ်ကြည်ကြည်)၊ (ဒေါ်သန်းစု)တို့၏ ညီ/မောင်၊ (ဗိုလ်မှူးကြီးမျိုးအောင်-ဒေါ်ဝါဝါ)၊ ဦးမြင့်အောင်-(ဒေါ်တင်ညွန့်)၊ ဦးမြင့်မောင်-ဒေါ်ကြည်ဝင်း၊ ဒေါက်တာမျိုးမြင့်-ဒေါ်အုန်းကြွယ်တို့၏ အစ်ကို၊ တူ/တူမ ၂၉ယောက်တို့၏ ဦးလေး/ဘကြီးသည် ၉-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6C/1059 SHACMAN 375 Dump Truck (6x4) ယာဉ်လက်ဝယ်ရှိသူ Future Energy Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

# ကျေးဇူးအထူးတင်ရှိခြင်း
## ဆရာမကြီးဒေါ်မြသန်း
### အထက (၁) သန်လျင် (ငြိမ်း)၊ သန်လျင် အထက (၁)၊ (၂)၊ (၄) အပူဇော်ခံဆရာမကြီး
### အသက် (၈၀)

၃-၁၀-၂၀၁၆ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားသော ဆရာမကြီးဒေါ်မြသန်းအား မကွယ်လွန်မီ ဂရုတစိုက်ပြုစုကုသပေးခဲ့ကြသည့် ချမ်းမြေ့မေတ္တာဆေးရုံ(သန်လျင်)နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများ၊ ခရစ်တော်၌ အိပ်ပျော်ပြီးနောက် အားပေးနှစ်သိမ့်ပေးပါသော ဒုတိယသမ္မတ(၁) မိသားစု၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် ရန်ကုန်တောင်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး၊ သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဂေါပကအဖွဲ့၊ ကုမ္ပဏီအသင်းအဖွဲ့များမှ မိတ်ဆွေများ၊ ပြည်တွင်းပြည်ပမှ ဝမ်းနည်းကြောင်း ဖက်စ်၊ အီးမေးလ်၊ သတင်းစာတို့ဖြင့် အားပေးနှစ်သိမ့်ကြသူများ၊ သန်လျင်နာရေးကူညီမှုအသင်း၊ အားမာန်နာရေးကူညီမှုအဖွဲ့၊ အမိုးနီသုသာန်ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၊ ကျီးပင်လမ်း မြန်မာနှစ်ခြင်းအသင်းတော်နှင့် မိတ်ဖက်အသင်းတော်များ၊ ဆရာမကြီး၏ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများ၊ တပည့်ဟောင်းများ၊ MICS မှ အငြိမ်းစားအရာရှိကြီးများနှင့် ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီမှဝန်ထမ်းများ၊ ရပ်ကွက်အသီးသီးမှ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ယာဉ်ထိန်းတပ်ဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်နီးရပ်ဝေးမှ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေပေးပို့ကြသော ဆွေမျိုးညီအစ်ကိုမောင်နှမများ၊ ၈-၁၀-၂၀၁၆ ရက် အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းပွဲသို့ ကြွရောက်ကြသော မိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျန်ရစ်သူမိသားစုမှ ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကြည်စိန်
**ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**
**အသက်(၈၀)**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ (၆)ရပ်ကွက်၊ အောင်မြေရပ်၊ အမှတ် ၈နေ ဒေါ်ခင်သန်း၏ခင်ပွန်း မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်စိန်သည် ၉-၁၀-၂၀၁၆ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## မယ်တော်ကြီး အဘွားဒေါ်သေး
**(ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့)**
**အသက်(၉၅)နှစ်**

A.C.E Group of Companies မှ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင့်ဆန်း-ဒေါက်တာဌေးဌေးငြိမ်းတို့၏မိခင်ဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး မယ်တော်ကြီး အဘွားဒေါ်သေး အသက်(၉၅)နှစ်သည် ၇-၁၀-၂၀၁၆ရက် (သောကြာနေ့) နံနက် ၈း၄၀နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)-(ဒေါ်ကြည်ကြည်အုန်း)နှင့်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## မယ်တော်ကြီး အဘွားဒေါ်သေး အသက်(၉၅)နှစ်
**(ကွယ်လွယ်ကျေးရွာ မြောင်းမြမြို့)**

A.C.E Group of Companies မှ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင့်ဆန်း-ဒေါက်တာဒေါ်ဌေးဌေးငြိမ်းတို့၏မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး မယ်တော်ကြီး အဘွားဒေါ်သေးသည် ၇-၁၀-၂၀၁၆ရက်(သောကြာနေ့) နံနက် ၈း၄၀နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးသာအေး(ငြိမ်း)နှင့် ဇနီး ဒေါ်ဝေဝေခိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဘသိန်း အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တပင်ရွှေထီးလမ်း၊ (၉)ရပ်ကွက်၊ ၉/၈၅၅နေ ဒေါ်ကျော့၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ငုသီတာ(ဒုတိယအထွေထွေမန်နေဂျာ၊စီးပွားရေးစီမံခန့်ခွဲမှုဌာန၊မြန်မာ့စာတိုက်လုပ်ငန်း)၊ ဦးသီဟ(ခ)ဦးဉာဏ်ထွန်း-ဒေါ်နေရည်စန်းဝင်းတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးဘသိန်းသည် ၁၀-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း/အမှုထမ်းများ**
**မြန်မာ့စာတိုက်လုပ်ငန်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဘသိန်း
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် ၈၅၅နေ ဒေါ်ကျော့၏ ချစ်လှစွာသောခင်ပွန်း၊ မငုနှင့် မောင်မောင်တို့၏ဖခင် ဒေါက်တာဘသိန်း [ညွှန်ကြားရေးမှူး(ငြိမ်း)၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန]သည် ၁၀-၁၀-၂၀၁၆ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဆရာ ကောင်းရာဘုံဘဝရောက်ပါစေ။

**ဒေါက်တာရဲထွန်းဝင်း-ဒေါက်တာလှလှမွန်**
**သမီး ဖြူစင် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## လ ၂၆၃၂၃၇ ရဲတပ်သား ကျော်မိုး
**အသက်(၂၆)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်သား ကျော်မိုးသည် ၉-၁၀-၂၀၁၆ရက်တွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
## လ-၂၄၉၀၅၉ ရဲတပ်သား ကျော်ကိုကိုရွှေ
**အသက်(၂၆)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်သား ကျော်ကိုကိုရွှေသည် ၉-၁၀-၂၀၁၆ရက်တွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
## လ-၂၆၁၃၃၉ ရဲတပ်သား ဇော်နိုင်ထွန်း
**အသက်(၂၄)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်သား ဇော်နိုင်ထွန်းသည် ၉-၁၀-၂၀၁၆ရက်တွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့်တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်တင်ရီ (ဒေါ်နီနီ)
**အသက်(၈၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၁၂၇၅၊ ၁၂၇၆နေ (ဗိုလ်မှူးကြီးခင်မောင်တင့်၊ ငြိမ်း)၏ဇနီး၊ ဦးတင့်သွင်(ဟိုတယ်ခရီးညွှန်ကြားရေးမှူးချုပ်)-(ဒေါ်ဖြူဖြူဇော်ထွန်း)၊ ဦးတင့်အောင်-ဒေါ်သဇင်ညွှန့်၊ ဒေါက်တာဒေါ်ချိုချိုတင့်-(ဒေါက်တာဦးဝင်းလှိုင်)၊ ဦးတင့်ဆွေ-ဒေါ်နီလာသွင်၊ ဦးတင့်လွင်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ ယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၁၀-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၆း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်တင်ရီ
**အသက်(၈၀)**

[ဗိုလ်မှူးကြီးခင်မောင်တင့်(ငြိမ်း)]၏ဇနီး၊ ဦးတင့်သွင်(ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)၊ ဒေါက်တာချိုချိုဆင့်(ပါမောက္ခ၊ အဝေးသင်တက္ကသိုလ်)၊ ဦးတင့်အောင်၊ ဦးတင့်ဆွေ(Sr. Management Advisor MPRL E & P Group of Companies)၊ ဦးတင့်လွင်(သင်္ဘောအင်ဂျင်နီယာချုပ်)တို့၏မိခင်ကြီးသည် ၁၀-၁၀-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းများ**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်တင်ရီ
**အသက်(၈၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၁၂၇၅/၁၂၇၆နေ [ဗိုလ်မှူးကြီးခင်မောင်တင့်(ငြိမ်း)]၏ဇနီး၊ ဦးတင့်သွင်(ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန)၊ ဦးတင့်ဆွေ(Sr. Management Advisor MPRL E&P Group of Companies) တို့၏မိခင်သည် ၁၀-၁၀-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သိန်းသန်း (အထပြ)
**အထက(၂)တောင်တွင်းကြီး၊ အထက(၁၃)၊ အထက(၁၆)မန္တလေးမြို့**
**အသက်(၇၂)နှစ်**

မကွေးမြို့နေ (ဦးသိန်း-ဒေါ်သန်းခင်)တို့၏သမီး၊ ဒေါ်အေးသိန်း၏အစ်မ၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက် ၇၉၊ ရေစစ်ကန်အရှေ့၊ ၅၇×၅၈ လမ်းကြား၊မဟာဇေယျာဘုံရပ်နေ ဦးတင်အောင်[ညွှန်ကြားရေးမှူး၊ ဆည်မြောင်း(ငြိမ်း)]၏ဇနီး၊ ဦးကျော်သူ(ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်သင်းသင်းဆွေ (အလပြ၊ ထခွဲလ ၁၁)၊ ဦးဝင်းနိုင်စိုး-ဒေါ်နှင်းအိခိုင်(Australia, Brisbane)၊ ဒေါ်မေသက်အောင်(လ/ထ ကထိက၊ ကွန်ပျူတာတက္ကသိုလ်၊ မန္တလေး)၊ ဦးသန်းတိုးအောင်(iWTC Computer Centre)-ဒေါ်ခိုင်စွမ်းရည်တို့၏မိခင်၊ မကေသရီကျော်၊ မောင်ဘုန်းမြတ်မင်း၊ မောင်ဘုန်းမြတ်သာတို့၏အဘွားသည် ၁၀-၁၀-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၆ရက်(သောကြာနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သိန်းသန်း (အထပြ)
**အထက(၂)တောင်တွင်းကြီး၊ အထက(၁၃)၊ အထက(၁၆)မန္တလေးမြို့**
**အသက်(၇၂)နှစ်**

ဦးကျော်သူ [ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရုံးချုပ် (ရန်ကုန်မြို့)]-ဒေါ်သင်းသင်းဆွေ(အလပြ၊ ထခွဲ၊ လ-၁၁၊ မန္တလေး)တို့၏မိခင်၊ ဦးတင်အောင် [ညွှန်ကြားရေးမှူး၊ ဆည်မြောင်း(ငြိမ်း)]၏ဇနီး ဒေါ်သိန်းသန်းသည် ၁၀-၁၀-၂၀၁၆ရက် နံနက် ၇း၅၅နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်ကြောင်းကြား သိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ဦးစိုးညွှန့်
**လက်ထောက်မန်နေဂျာ(ငြိမ်း)**
**မြန်မာ့စီးပွားရေးဘဏ်**
**လက်ထောက်အထွေထွေမန်နေဂျ(ငြိမ်း)**
**ကမ္ဘာ့ရတနာဘဏ်**
**အသက်(၇၉)နှစ်**

မြောင်းမြမြို့နယ်၊ ကုန်းသာကျေးရွာနေ (ဦးဘထွန်း-ဒေါ်သန်း)တို့၏ သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁၀၈)ရပ်ကွက်၊ဦးဖိုးလှိုင် ၆လမ်း၊ အမှတ် ၃၄၀နေ ဒေါ်ခင်သန်းဝင်း၏ ခင်ပွန်းသည် ၁၀-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၁၀-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဘသိန်း (B.V.Sc)
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**အသက်(၆၉)နှစ်**

မြေပုံမြို့နေ (ဦးစောလှမောင်)-ဒေါ်ဝေစိန်ညိုတို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၈၅၅နေ ဒေါ်ကျော့၏ခင်ပွန်း၊ ဒေါ်ငုသီတာ၊ ဦးသီဟ(ခ)ဦးဉာဏ်ထွန်း - ဒေါ်နေရည်စန်းဝင်းတို့၏ဖခင်၊ မစန်းသီတဂူ၊ မစန်းကေသရာတို့၏အဘိုးရှင်၊ ဒေါ်စောရွှေသိန်း၊ ဒေါ်အောင်မေ၊ ဦးဘစောမောင်၊ ဒေါ်မေသန်းရီ၊ ဒေါ်အေးရီ၊ ဦးလှကျော်ဇံ၊ ဦးသွင်စိုးတို့၏အစ်ကိုသည် ၁၀-၁၀-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၆း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသာစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်မြအုံ (ပုလော/ပလ)
**အသင်းဝင်အမှတ်-၁၈၈၈**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ ဝိုင်ယာလက်ပေါက်ကုန်း၊ ပိတောက်လမ်း၊ အမှတ် ၁၄/၅၄နေ (ဦးစိန်သုံ)၏ဇနီးသည် ၉-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းမှ ကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

## ဗိုလ်မှူးအောင်တင့် (ငြိမ်း)
**ကြည်း/၆၉၃၅**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊(၁၁)ရပ်ကွက်၊သီဟသူ ၁လမ်း၊ အမှတ် ၅၄၂နေ (ဦးစံရွှေ-ဒေါ်မမလေး)တို့၏သား၊ ဒေါ်ဌေးဌေး၏ခင်ပွန်း၊ (ဦးစိန်ဟန် - ဒေါ်မြသန်းရွှေ)တို့၏ မောင်၊ (ဦးကြည်ရွှေ)-ဒေါ်ယဉ်ဆွေ၊ ဦးကျော်ဌေး-(ဒေါ်ခင်အုန်းရွှေ)၊ ဒေါ်ခင်စောရွှေ၊ ဦးသန်းစိန်-ဒေါ်အေးမြင့်တို့၏ အစ်ကိုကြီး၊ဗိုလ်မှူးရဲတင့်(ငြိမ်း)[တပ်မတော်(လေ)]-ဒေါ်မြတ်သီရိ၊ ဦးလှသိန်း-ဒေါ်ချိုချိုတင့်၊ ဦးဝင်းတင့်-ဒေါ်ခိုင်ခိုင်ထွန်းတို့၏ဖခင်၊ ဦးအောင်သက်လွင်-ဒေါ်မြတ်ဇာဖြူတင့်၊ ဦးလင်းမြတ်-ဒေါ်မွန်မြတ်သူ၊ ဦးရဲမြတ်အောင်၊ ဦးဇေထက်အောင် - ဒေါ်ထက်အိန္ဒြာ၊ ဗိုလ်မှူးဟိန်းထက်-ဒေါ်ခိုင်သဲဖြူတင့်၊ ဦးသက်စံ - ဒေါ်ခိုင်ကြည်ဖြူတင့်တို့၏ အဘိုး၊ မမြတ်စန္ဒီလွင်၊ မသွန်းနဒီဇေတို့၏ ဘိုးဘိုးကြီးသည် ၁၀-၁၀-၂၀၁၆ရက် ညနေ ၄း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးအုန်းလွင်
**အကောက်ခွန်မှူး(ငြိမ်း)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၁၄/ခ)နေ (ဦးမောင်မောင်-ဒေါ်ဒေစီ)၊ ဒေါ်ကြူကြူ၊ ဦးကျော်မြင့်တို့၏အစ်ကို၊ ဒေါ်မြတ်မြတ်လွင်(ခ)ဒေါ်ဒွန်ခန်ကျိုန်၏ ခင်ပွန်း၊ ဦးသန်းမောင်-ဒေါ်စီစီလွင်၊ ဦးတင်ဦး-ဒေါ်ဥမ္မာလွင်၊ ဦးတင်အေး-ဒေါ် ကေသီလွင်(ခ)မလွန်း၊ ဒေါ်မိုးမြတ်လွင်၊ ဒေါ်မင်းမင်းလွင်၊ ဒေါ်ထက်ထက်လွင်၊ ဦးမင်းထွဋ်၊ ဒေါ်မြတ်သီရိလွင်၊ ဦးအောင်ထိုက် - ဒေါ်ခင်လေးငယ်၊ ဦးလွင်ထူးတို့၏ ချစ်လှစွာသောဖခင်၊ တူ၊ တူမ သုံးယောက်၊ မြေးရှစ်ယောက်၊ မြစ် သုံးယောက်တို့၏ အဘိုးသည် ၉-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၃း၅၀နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အမှတ် ၁၄/ခ၊ မဂ္ဂင်လမ်း နေအိမ်မှ ကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စိုးဝင်း
**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ အရှေ့ဗဟိုလမ်း၊ အမှတ်(၁)နေ (ဦးထွေး-ဒေါ်စိုးကြည်)တို့၏သမီး၊ ဦးသန်းနိုင်၏ချစ်လှစွာသောဇနီး၊ ဦးခင်မောင်ဝင်း၊ ဒေါ်ခင်ဝင်းမြင့်၊ ဦးတင်စိုး(ဆောက်လုပ်ရေး)-ဒေါ်သီသီလှိုင်၊ ဦးကံညွှန့်(ဆောက်လုပ်ရေး)-ဒေါ်ကြည်ကြည်စိုးတို့၏ညီမ၊ ဒေါ်စိုးစိုးကြည်(ရာထူးဝန်အဖွဲ့)၊ ဦးမိုးဆွေ(တပ်ထိန်း ၁၁) - ဒေါ်စန္ဒာဝင်း (ရာထူးဝန်အဖွဲ့)၊ ကိုကျော်စွာဝင်းတို့၏အစ်မ၊ ကိုတင်ထူးနိုင်(Internet Wallet Co., Ltd)-မစိုးယုနိုင်(Horizon T elecom)၊ မထက်ထက်ယုနိုင်(Pahtana Group Co., Ltd)၊မောင်ရဲထက်နိုင်(Internet Wallet Co., Ltd)တို့၏မိခင်သည် ၈-၁၀-၂၀၁၆ရက်(စနေနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၆ရက် (သောကြာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တမာရိန္ဒ မဟာထေရ်
**သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ**

ရွှေဘိုမြို့၊ (၁)ရပ်ကွက်၊ ဝေဠုဝန်တိုက်မကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက ဗဟိုဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊ သာသနာ့ဇေ ဓမ္မာစရိယ၊ ဘဒ္ဒန္တမာရိန္ဒ ဆရာတော်အရှင်သူမြတ်သည် (၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ရက်) ၁၀-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၄-၁၀-၂၀၁၆ရက်(သောကြာနေ့)ညနေ ၃နာရီတွင် အန္တိမအဂ္ဂိရှာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းနှင့် ဆွေမျိုးသားချင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**အန္တိမအဂ္ဂိရှာပနကျင်းပရေးကော်မတီ**
**ရွှေဘိုမြို့**

## ဦးတင်ဌေ
**(ဗဟိုဘဏ် အငြိမ်းစား)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဘဏ်ရိပ်သာရပ်ကွက်၊ တိုက် ၈၊ အခန်း ၁နေ (ဦးစိန်-ဒေါ်ဌေရင်)တို့၏သား၊ ဒေါ်ဝင်းဝင်းမြင့်၏ခင်ပွန်း၊ မအေးအေးမာ၊ အိဇင်ဖြိုး၊ မောင်ဝင်းကျော်ထက်-မယွန်းပိုးအိမ်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၀-၁၀-၂၀၁၆ရက် နံနက် ၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကြည်စိန် (ချောက်မြို့)
**တိုင်းအုပ်ချုပ်ရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**တနင်္သာရီတိုင်းဒေသကြီး**
**ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**
**အသက်(၈၀)**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၆)နယ်မြေ၊ အောင်မြေရပ်၊ အမှတ် ၈နေ (ဦးလှဖေ-ဒေါ်ပွင့်)တို့၏သား၊ ဆရာမကြီးဒေါ်ခင်သန်း(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စန္ဒာထွန်း၊ ဦးနန္ဒာဝင်း၊ (ဦးသူရိန်မင်း)-ဒေါ်ယဉ်ယဉ်ဖြူတို့၏ချစ်လှစွာသောဖခင်၊ ရန်ကုန်မြို့နေ ဦးအောင်သိန်း-ဒေါ်ချောတို့၏ညီသည် ၉-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ရက် (အင်္ဂါနေ့)ညနေ ၄နာရီတွင် ချောက်မြို့ မြေနီကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**သုံးဆယ်မြို့အသင်း(ရန်ကုန်)၊ ကန်တော့ခံဂုဏ်ထူးဆောင်အသင်းဝင်**
## ဒေါ်တင်အုန်း(ခ)ဒေါ်အုန်းအုန်း အသက်(၈၀)
**မူလတန်းပြဆရာမ(ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ စိန်ပဒေသာလမ်း၊ အမှတ် ၇၃၈နေ ဦးအောင်လွင်၏ဇနီးသည် ၉-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၂း၅၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၁၀-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကြည်မောင်
**ဦးစီးအရာရှိ(ငြိမ်း)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**(ကျောက္ကာကျေးရွာ၊ တောင်သာမြို့နယ်)**
**အသက်(၇၆)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ကျောက္ကာကျေးရွာနေ(ဦးညီတင်-ဒေါ်ဌေး)တို့၏သား၊ (ဦးဘို-ဒေါ်အုံးရင်)တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်စိန်လှကြည်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်မောင်ရွှေ)-ဒေါ်သန်းနွဲ့အေး၊ ဒေါ်ဌေးဌေးရီ၊ ဒေါ်ခင်လေးမေ၊ ဦးသိန်းမြင့်အောင်-ဒေါ်စန်းစန်းလွင်၊ ဒုတိယဗိုလ်မှူးကြီးစိုးလင်း(လေ)-ဒေါ်စန်းချိုမာတို့၏အစ်ကို၊ ဦးမျိုးအောင်-ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးဝင်းထိုက်(ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)- ဒေါ်ခင်မျိုးချို၊ ဒေါ်ကျော့ကေခိုင်တို့၏ဖခင်၊ မသင်းနန္ဒာစိုး၊ မချမ်းအိမ်စည်တို့၏ အဘိုးသည် ၁၀-၁၀-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၄း၃၄နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာ၊ ကွန်ဒို-F၊ အခန်း ၃၀၂ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်စိုး အသက်(၆၀)
**(ပန်းချီ ဒီဇိုင်း မောင်ကျော်စိုး)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ် ၂၉ (ခြောက်လွှာ-ခြေရင်းခန်း)နေ (ဦးစိန်ညွှန့်-ဒေါ်တင်ကြည်)တို့၏သား၊ (ဦးကျော်ခင်-ဒေါ်တင်တင်)တို့၏သားသမက်၊(ဦးဝင်းရွှေ)-ဒေါ်ခင်စော၊ ဦးဝင်းသောင်း(ငြိမ်း၊ အခြေခံပညာဦးစီး)-ဒေါ်စန်းစန်းနု(အမက-၂၊ ဒဂုံ)၊ ဦးမြင့်လွင်(အပျိုစင်မဂ္ဂဇင်း)-ဒေါ်ခင်နွဲ့ရီ(အမက-၁၅၊ တာမွေ)၊ ဒေါ်ခင်မာရီ(အထက-၂၊ ဗဟန်း)တို့၏ညီ/အစ်ကို၊ ဒေါ်စိန်စိန်မြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုတင်အောင်မိုး-မယုမွန်၊ မဇာဇာအောင်၊ မောင်ဝင်းမင်းထွန်း-မယမင်းအောင်တို့၏ဖခင်၊ မပြည့်စုံမြတ်၊ မအင်ကြင်းဖြူတို့၏အဘိုး၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၉-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်၊ ဗိုလ်ချုပ်လမ်း၊ ဝဇီရာရပ်ရှင်ရုံရှေ့နှင့် ယောမင်းကြီးလမ်း၊ ပုလဲမုန့်တိုက်အနီးမှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ကိုမောင်ဌေး(ခ)ကိုဖိုးသစ်(ကျိုက်လတ်) အသက်(၅၃)နှစ်
**(အဆင့်မြင့် မင်္ဂလာဈေး)**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ ဦးဘခိုင်-(ဒေါ်စာပေါ)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးသန်းစိန်)-ဒေါ်ခင်ဝေတို့၏သားသမက်၊ ကျိုက်လတ်မြို့နေ ဒေါ်ကျင်ဆွီး၊ ဒေါ်ကျင်ပု၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောက်လမ်းနေ ဦးဟုတ်တိတ်-ဒေါ်ယဉ်ယဉ်မွှေးတို့၏မောင်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးကျော်ဝင်း-ဒေါ်အုံးမြင့်တို့၏မောင်၊ ဦးခင်ဇော်-ဒေါ်အုန်းသန်း၊ ဦးကျော်ဆန်းသွင်-ဒေါ်မြတ်မြတ်သူတို့၏အစ်ကို၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ပျားရည်ကုန်းလမ်း၊ အမှတ် ၃၇နေ မဌေးဌေးအောင်(ဒေါ်ဝေသမီး ဌေးဌေးအထည်ဆိုင်၊ အဆင့်မြင့်မင်္ဂလာဈေး)၏ချစ်လှစွာသောခင်ပွန်းသည် ၉-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၄း၃၀နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့် အဆင့်မြင့်မင်္ဂလာဈေးရှေ့ စိန်ပန်းပြာစတိုးရှေ့မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းမှုရှိရေး ပြည်ထောင်စုဝန်ကြီးများပါဝင်သောအဖွဲ့ သွားရောက်ရှင်းလင်းပြောကြားမည်

**နေပြည်တော် အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ်နှင့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ အခြေအနေမှန်များ သိရှိနိုင်ရန်နှင့် တည်ငြိမ်အေးချမ်းမှုရရှိစေရန်အတွက် ရှင်းလင်းပြောကြားရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သည့်အဖွဲ့သည် အောက်တိုဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ရခိုင်ပြည်နယ်သို့ သွားရောက်မည်ဖြစ်သည်။

အဆိုပါအဖွဲ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ ပြည်ထောင်စု ဝန်ကြီး ဦးသိန်းဆွေ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်၊ ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးခင်မောင်တင်၊ ရခိုင်ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် ဒေါက်တာချမ်းသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦး တို့လိုက်ပါကြမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ ရပ်မိရပ်ဖများနှင့် ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များကို တွေ့ဆုံရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## စီးပွားရေးအရေးယူပိတ်ဆို့မှု ဖြေလျှော့လိုက်ခြင်းအပေါ် ဖြစ်ပေါ်လာနိုင်သည့် အနာဂတ်အလားအလာ

စာ-၅

## နိုဘယ်ဆုရရှိသည့် ငွေများကို စစ်ဘေးသင့် ပြည်သူများအား ကိုလံဘီယာသမ္မတ လှူဒါန်းမည်

စာ-၁၀

## ရခိုင်ပြည်နယ်မှ အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့မှုဖြစ်စဉ်များအနက် ပျောက်ဆုံးရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် လက်နက်တစ်လက် ပြန်လည်တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ ကင်းစခန်း သုံးခုကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်များအနက် ပျောက်ဆုံးခဲ့သော ရဲတပ်သားတစ်ဦးနှင့် လက်နက်တစ်လက်တို့ကို သီးခြားစီပြန်လည်တွေ့ရှိခဲ့သည်။

အဆိုပါဖြစ်စဉ်များအပေါ် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေရှင်းလင်းစဉ် ယနေ့ နံနက် ၉ နာရီခွဲခန့်က ငါးခူရနယ်မြေရဲစခန်းနှင့် လိုင်းခန်းများကို အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရစဉ် လုံခြုံရေးတာဝန်ထမ်းဆောင်ရာမှ ပျောက်ဆုံးခဲ့သော ရဲတပ်သား ကိုထိုက်အား ငါးခူရ ရဲစခန်းအနောက်ဘက် နှစ်မိုင်ခန့်ရှိ ဓနိတောအတွင်းမှ ဒဏ်ရာရရှိမှုမရှိဘဲ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ရဲတပ်ဖွဲ့ဝင်များက ၎င်းစခန်း၏ ဗဟိုကင်းတစ်ဝိုက်ရှိ ချုံများအတွင်း ရှာဖွေရှင်းလင်းစဉ် ယနေ့ ညနေ ၃ နာရီခန့်တွင် ဗဟိုကင်းမှ ပျောက်ဆုံးခဲ့သော M 22 သေနတ်တစ်လက်ကို ပြန်လည်တွေ့ရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသော တပ်မတော်သားများအား ရုတ်ချည်းတိုက်ခိုက်လာသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများကို ပြန်လည်ပစ်ခတ်ရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့် ပတ်သက်၍ တပ်မတော်မှ နယ်မြေရှင်းလင်းရေးဆောင်ရွက်နေစဉ် ရုတ်ချည်းတိုက်ခိုက်လာသော အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများအား ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာဝန်းကျင်၌ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ရောက်ရှိနေကြောင်း သတင်းအရ တပ်မတော်မှ နယ်မြေရှင်းလင်းစဉ် ယနေ့ နံနက် ၈ နာရီခန့်တွင် အဆိုပါကျေးရွာအနီး ကွမ်းခြံအတွင်းမှ အကြမ်းဖက်စီးနင်း တိုက်ခိုက်သူ ၂၀ ခန့်က တုတ်၊ ဓား လက်နက်များဖြင့် ရုတ်တရက်တိုက်ခိုက်လာမှုကြောင့် တပ်မတော်မှ ပြန်လည်ပစ်ခတ်ရှင်းလင်းရာ ၎င်းအဖွဲ့များ ထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အလောင်း လေးလောင်းနှင့် ၎င်းတို့ကိုင်ဆောင်တိုက်ခိုက်ခဲ့သော လုပ်သေနတ်တစ်လက်၊ ကျည်သုံးတောင့်နှင့် ဓားတစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဆုတ်ခွာထွက်ပြေးသွားသော အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများအား တပ်မတော်မှ လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေလေ့ချောင်ကျေးရွာ မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွား



**တွံတေး အောက်တိုဘာ ၁၀**

တိုးမြစ်-မအူပင်မြစ်နှင့် တွံတေးတူးမြောင်းဆုံရာနေရာတွင် တက်ရေကျရေ ရေစွယ်ထိုးမှုကြောင့် တွံတေးမြို့နယ် ရွှေလေ့ချောင်(တွံ)ကျေးရွာအုပ်စု ရွှေလေ့ချောင်ကျေးရွာ၌ မြစ်ကမ်းပါးပြိုမှုအား အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက်တို့၌ ဆက်လက်ဖြစ်ပွားခဲ့သည်။

အောက်တိုဘာ ၉ ရက် ညနေ ၅ နာရီ မိနစ် ၄၀ က စတင်၍ ရွှေလေ့ချောင်ကျေးရွာရှိ မြေအက်ကွဲကြောင်းများ တဖြည်းဖြည်း ပြိုကျလာပြီး အောက်တိုဘာ ၉ ရက်က ဖြစ်ပေါ်ခဲ့သည့် အက်ကွဲကြောင်းများအတိုင်း

*စာမျက်နှာ ၅ ကော်လံ ၁* ☼




## တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသားဟော်ကီပြိုင်

**ရန်ကုန် အောက်တိုဘာ ၁၀**

တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားဟော်ကီပြိုင်ပွဲအုပ်စု ပတ်လည်ပွဲစဉ်များကို အောက်တိုဘာ ၁၀ ရက် နံနက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ကျင်းပရာ ကချင်ပြည်နယ်အသင်းက နေပြည်တော်အသင်းကို လေးဂိုး-တစ်ဂိုး၊ မွန်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့က တစ်ဂိုး-တစ်ဂိုးဖြင့် သရေကျခဲ့သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❍

